ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့။ Monday, 13 March 2023 ၁၁၀၃၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်မြို့ရှိ အငှားယာဉ် အစီးရေ ၅၀၀ ကို ခေတ်မီနည်းပညာမြင့် စမတ်မီတာများ စတင်တပ်ဆင်ပြေးဆွဲမည်

**ရန်ကုန် မတ် ၁၂**

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် အငှားယာဉ်များ စနစ်တကျလုံခြုံမှုရှိစွာ ပြေးဆွဲနိုင်ရန်နှင့် သင့်တင့်မျှတသည့် ဈေးနှုန်းဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ အငှားယာဉ်အစီးရေ ၅၀၀ ခန့်ကို ရှေ့ပြေးစီမံချက်အနေဖြင့် ခေတ်မီနည်းပညာမြင့် စမတ်မီတာများ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သင့်တင့်မျှတတဲ့ ဈေးနှုန်းနဲ့စီးနင်းနိုင်ဖို့**

"ကျွန်တော်တို့ YRTC အနေနဲ့ သင့်တင့်မျှတတဲ့ နှုန်းထားတစ်ခုသတ်မှတ်ပြီးတော့ အငှားယာဉ်ပေါ် ခရီးသည်တက်တက်ချင်း နှုန်းထားဘယ်လောက်ကောက်ခံမလဲဆိုတာနဲ့ ကီလိုမီတာအလိုက် နှုန်းထားဘယ်လောက်ကောက်ခံမလဲဆိုတာကို အချက်အလက်တွေ ကောက်ယူတာရှိပါတယ်။ အငှားယာဉ်တွေကို ခေတ်မီနည်းပညာမြင့် စမတ်မီတာတွေ တပ်ဆင်တော့မှာမို့ ခရီးသည်တွေ သင့်တင့်မျှတတဲ့ဈေးနှုန်းနဲ့စီးနင်းနိုင်ဖို့ အချက်အလက်တွေကောက်ယူပြီး တွက်ချက်ဆောင်ရွက်ထားတာလည်းဖြစ်သလို YRTC မှာ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



ယနေ့ ဖတ်စရာ

မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃) ဒုတိယနေ့ ကျင်းပ
စာမျက်နှာ » ၄

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်ချက်များ
ဆောင်းပါး စာမျက်နှာ » ၆

လှိုင်မြို့နယ်အဝင် ပါရမီလမ်းဆုံ လေးလမ်းသွားကို ခြောက်လမ်းသွားသို့ အဆင့်မြှင့်တင်တိုးချဲ့ပြီးစီး
စာမျက်နှာ » ၉

ဗီယက်နမ်နိုင်ငံက လာမည့်လတွင် နိုင်ငံသားဦးရေ သန်း ၁၀၀ ပြည့် အထိမ်းအမှတ် အခမ်းအနားပြုလုပ်ရန် စီစဉ်လျက်ရှိ
စာမျက်နှာ » ၁၅



နွေစပါးစိုက်ခင်းများအတွက် တဘူးလှဆည်ရေထုတ်ပြွန်မှ ဥက္ကံချောင်းအတွင်း စိုက်ပျိုးရေပို့လွှတ်နေမှုကို တွေ့ရစဉ်။

# တိုက်ကြီးမြို့နယ်နှင့် မြို့နယ်နှစ်ခုတို့တွင် နွေစပါးဧက ၂၇၀၀၀ ကျော်၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအတွက် တဘူးလှဆည်မှ စိုက်ပျိုးရေ နေ့စဉ် ပို့လွှတ်

**ရန်ကုန် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်နှင့် မြို့နယ်နှစ်ခုတို့တွင် နွေစပါးဧက ၂၇၀၀၀ ကျော်၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံတို့ကို ယမန်နှစ်ထက် တိုးချဲ့စိုက်ပျိုးထားရာ နွေစပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်ရန် တဘူးလှဆည်ရေသောက်စနစ်ဖြင့် နေ့စဉ်စိုက်ပျိုးရေမပြတ် ပို့လွှတ်လျက်ရှိကြောင်း သိရသည်။

တဘူးလှဆည်ရေသောက်စနစ်ဖြင့် ဥက္ကံမြို့၊ တိုက်ကြီးမြို့နယ်၊ မှော်ဘီမြို့နယ်အတွင်းရှိ နွေစပါး ၂၇၇၄၉ ဧက၊ ပဲမျိုးစုံ ၄၂၆၄၁ ဧက၊ ဆီထွက်သီးနှံ ၇၉၉၄ ဧက၊ ဆောင်းနေကြာ ၂၁၆၃ ဧကနှင့်

စာမျက်နှာ ၃ ကော်လံ ၃ သို့ ○

## တစ်မျိုးသားလုံး သက်ရှည်ကျန်းမာရေး လက်လှမ်းမီ သာတူညီမျှစနစ်လွှမ်းခြုံ

နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ကျန်းမာရေးနယ်ပယ်အသီးသီးမှပညာရှင်များ ချစ်ကြည်ရင်းနှီးမှုရှိစေရန်နှင့် အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းသင်ကြားရေးနှင့် ကုသရေးကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျန်းမာရေးကဏ္ဍနယ်ပယ်စုံမှ ပညာရှင်များ ပါဝင်ဆင်နွှဲစေခြင်းဖြင့် ခေတ်မီဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်နေမှုများနှင့်ပတ်သက်၍ သိရှိနားလည်နိုင်စေရန်၊ ဆေးနှင့် ဆေးနှီးနွှယ်ပညာရှင်များအနေဖြင့် တိုးတက်ပြောင်းလဲနေသော ဆေးပညာရပ်များအားစဉ်ဆက်မပြတ် လေ့လာဆည်းပူးလိုစိတ်များ ဖြစ်ထွန်းစေရန်၊ ပြည်သူလူထုအားအရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများပေးရာတွင် အထောက်အကူပြုနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီးကို ကျင်းပနေပြီဖြစ်သည်။

မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကြီးကို “အရည်အသွေးရှေးရှု ကျန်းမာရေးစောင့်ရှောက်မှု” ခေါင်းစဉ်ဖြင့် ကျင်းပလျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးနှင့်သက်ဆိုင်သည့်နယ်ပယ်အသီးသီးမှ ဆေးနှင့် ဆေးနှီးနွှယ်ပညာရှင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးအောက်ရှိ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ ဆေးပညာရှင်များ၊ အငြိမ်းစားကျန်းမာရေးပညာရှင်များ၊ အငြိမ်းစားတပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ ပြင်ပဆရာဝန်များသာမကအာရှနှင့် အရှေ့တောင်အာရှအတွင်းမှ ဆေးပညာရှင်များတက်ရောက်၍ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ မြင့်မားတိုးတက်စေရန် ဆွေးနွေးညှိနှိုင်း ပညာဖလှယ်မှုဝေပေးနေပြီဖြစ်သည်။

ကျန်းမာရေးကဏ္ဍတွင် ပညာပေးဝေဖလှယ်ကာ ဝိုင်းဝန်းမြှင့်တင်ဆောင်ရွက်ပေးခြင်းသည် မိဘပြည်သူအပေါင်းတို့၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းတိုးတက်မြင့်မားလာစေရေး၊ ပြည်သူများ၏ မျှော်မှန်းလူ့သက်တမ်းမြင့်မားလာပြီး လူတိုင်းသက်တမ်းစေ့နေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းစေရေး စသည့်ရည်မှန်းချက်များ ပြည့်မီစေရန်နှင့် ပြည်သူများ၏ ကိုယ်ပိုင်ငွေကြေးထဲမှ စိုက်ထုတ်သုံးစွဲရသည့် ကုန်ကျမှုသက်သာစေပြီး အားလုံးလက်လှမ်းမီ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ရပ် ဖြစ်ပေါ်လာစေရေး စသည့်ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဖြစ်သည်။ ထို့အပြင် အနာဂတ်ကာလ၌ ဆက်လက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရမည့် ရောဂါကာကွယ်တားဆီးရေး၊ ကုသရေးနှင့် ပြန်လည်သန်စွမ်းရေးနှင့်သက်ဆိုင်သည့်လုပ်ငန်းများအတွက် အခြေခံကောင်းများ၊ အတွေးအမြင်သစ်များနှင့် အတွေ့အကြုံကောင်းများ၊ သင်ခန်းစာယူရမည့်အချက်များကို မျှဝေရရှိမည်ဖြစ်ရာ မျိုးဆက်သစ်ကျန်းမာရေးပညာရှင်များနှင့် ကျန်းမာရေးဝန်ထမ်းများအားလုံးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူမှုရေးဦးတည်ချက်၌ “နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး” ကို ချမှတ်ထားပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အရည်အချင်းပြည့်ဝသော ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ် ၁၆ ခု၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၅၃ ကျောင်းတို့ကို ဖွင့်လှစ်ပြီး သင်ရိုးညွှန်းတမ်းများကို လိုအပ်ချက်များနှင့်အညီ ပြုပြင်ပြောင်းလဲသင်ကြားပေးလျက်ရှိသည်။ ဆေးပညာသင်ရိုးညွှန်းတမ်းကို နိုင်ငံတကာအဆင့်မီဖြစ်စေရန် မျှော်မှန်းရလဒ် အခြေခံသည့် စုစည်းချိတ်ဆက်သင်ကြားနည်းစနစ်ကို ပြောင်းလဲသင်ကြားပြီး ကျန်းမာရေးပညာရှင်များအကြား ယှဉ်တွဲလေ့လာသင်ယူမှုနှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်တတ်စေရေးတို့ကိုပါ ထည့်သွင်းသင်ကြားပေးလျက်ရှိသည်။

ဆေးဘက်ဆိုင်ရာပညာများကို အရေအတွက်သာမက အရည်အချင်းကိုပါ အလေးထားပြီး ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာများကိုပါ ထည့်သွင်းသင်ကြားပေးနေသဖြင့် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုအတွက် များစွာကျေနပ်အားရစရာဖြစ်သည်။ ကျန်းမာရေးပညာရှင်များပေါ်ထွက်ရေး၌ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များကို တက်ရောက်ရန် ဝင်ခွင့်ရွေးချယ်ရာတွင် ဆေးပညာရပ်ကို အမှန်တကယ်စိတ်ဝင်စားသူများ၊ ဆေးပညာကျင့်ဝတ်ကို လိုက်နာစောင့်ထိန်းမည့်သူများ၊ ကျန်းမာရေးနယ်ပယ်တွင် တာဝန်ထမ်းဆောင်လိုသူများ၊ စိတ်ကောင်းစေတနာ၊ မွန်မြတ်စိတ်ထားမေတ္တာတရားဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးလိုသူများကိုသာ စနစ်တကျရွေးချယ်ဝင်ခွင့်ပြုသည့် စနစ်သစ်ကို ၂၀၂၂ ခုနှစ် ပညာသင်နှစ်မှစတင်၍ ကျင့်သုံးလျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။

သို့ဖြစ်ရာ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာရန်အတွက် လက်တွဲညီညာဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပြီး ပြည်သူလူထုကျန်းမာရေးဝန်ဆောင်မှုကို လူတိုင်းလက်လှမ်းမီပြီး သာတူညီမျှရှိသည့် ကျန်းမာရေးလွှမ်းခြုံမှုစနစ်ဖြစ်ပေါ်လာအောင် အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထား ဆောင်ရွက်ရေး။
- ★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၁၂

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မြို့မကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာခိုနန်းပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ သာသနာ့ရက္ခိတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ ရေလယ်ကျောင်းတိုက်၊ လှိုင်မြို့နယ်ရှိ ဇေယျာဝတီပရိယတ္တိစာသင်တိုက်၊ သာကေတမြို့နယ်ရှိ ဇေတဝန်ပရိယတ္တိစာသင်တိုက်နှင့် အင်းစိန်မြို့နယ်ရှိ သာသနာဝိပုလကာရီကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ပါလျံကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာနန္ဒီသေနာရာမကျောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်ရှိ စည်သာကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ ကျီကုန်းမစိုးရိမ်တိုက်သစ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ပဇ္ဇိမာရုံကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ တပ်ဦးဥတ္တရာရုံကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မြောင်းမြကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၁၂

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်



(မြောက်ပိုင်း)အတွင်း မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းကွမ်းအခက်အခဲမရှိစေရေးအတွက် ဆွန်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထို့သို့ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်အောင်နှင့် တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းတွင် မန်တုံမြို့နယ် အောင်ချမ်းသာမန်တောက်ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | – ဦးနိုင်လင်းကြည်၊ | **စာပြင်** | – ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၃၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် လေအားလျှပ်စစ်စီမံကိန်းနေရာများ ကြည့်ရှုစစ်ဆေး





**နေပြည်တော် မတ် ၁၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ရခိုင်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးသန်းထွန်းနှင့်အတူ ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် ဂွမြို့နယ်၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် လေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် ဖြစ်မြောက်နိုင်စွမ်း စူးစမ်းလေ့လာမှုဆောင်ရွက်နိုင်ရန် လေတိုက်နှုန်းတိုင်းကိရိယာ (Anemometers) စိုက်ထူထားသော ဂွလေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်လျက်ရှိသည့်အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များအား ကုမ္ပဏီမှတာဝန်ရှိသူများက ရခိုင်ပြည်နယ်အတွင်းရှိ အမ်းမြို့နယ်၊ ဂွမြို့နယ်နှင့် သံတွဲမြို့နယ်တို့တွင် လေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စီမံကိန်းနေရာများ၏ လေစွမ်းအင်အရင်းအမြစ် တိုင်းတာရရှိမှု၊ လေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး အကြိုစူးစမ်းလေ့လာမှုပြုလုပ်ခဲ့သည့်အခြေအနေ၊ ဂွလေအားလျှပ်စစ်စီမံကိန်း၏ ပထမအဆင့် ၅၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည့်အစီအမံများနှင့် ဓာတ်အားလိုင်းများ သွယ်တန်းတည်ဆောက်သွားမည့် အခြေအနေတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လေအားလျှပ်စစ်ဆိုင်ရာ စက်ပစ္စည်းကိရိယာများ စီမံကိန်းလုပ်ငန်းခွင်သို့ သယ်ယူပို့ဆောင်ရာတွင် လုံခြုံစိတ်ချ၍ ခံနိုင်ရည်ရှိစေရေး၊ စီမံကိန်းချဉ်းကပ်လမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်၊ နောင်တွင် ထပ်မံဆောင်ရွက်ရန် အလားအလာရှိသည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနေရာများရှိသည့်အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ အဆင့်မြှင့်တင်ခြင်းများကိုလည်း ကြိုတင်မျှော်မှန်းပြီး စီမံဆောင်ရွက်သွားရန်၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ထုတ်လုပ်မှုနှင့် သယ်ယူနိုင်မှုတို့ကို ဟန်ချက်ညီ ဆောင်ရွက်သွားရန်၊ ရခိုင်ဒေသအရင်းအမြစ်များတွင် လေအားနှင့် ထုတ်လုပ်သည့် အရင်းအမြစ်များရှိသဖြင့် ဆက်လက်တိုးချဲ့နိုင်ရန် စီမံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယခုစီမံကိန်းသည် မြန်မာနိုင်ငံ၏ ပထမဆုံးသော လေအားလျှပ်စစ်စီမံကိန်းဖြစ်၍ အမြန်ဆုံးထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည့် အချက်အလက်များ စုဆောင်းနိုင်ရေးအတွက် လေတိုက်နှုန်းတိုင်းကိရိယာများ (Anemometers) တပ်ဆင်၍ လေတိုက်နှုန်းရလဒ်များ မှတ်တမ်းရယူနေမှု အခြေအနေနှင့် အကြိုစူးစမ်းလေ့လာမှု ပြုလုပ်ထားသည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။

လေတိုက်နှုန်းတိုင်းကိရိယာများ (Anemometers) ကို စီမံကိန်းဆောင်ရွက်မည့် အမ်းမြို့နယ်တွင် နှစ်တိုင်၊ ဂွမြို့နယ်တွင် တစ်တိုင်၊ သံတွဲမြို့နယ်တွင် တစ်တိုင် စုစုပေါင်း လေးတိုင်ကို ၂၀၁၆ ခုနှစ်မှ စတင်တပ်ဆင်ကာ လေတိုက်နှုန်းရလဒ်များကို ခြောက်နှစ်စာ မှတ်တမ်းရယူထားပြီးဖြစ်သည်။

အဆိုပါ ဂွလေအားလျှပ်စစ်စီမံကိန်းကို နိုင်ငံသားပိုင်ကုမ္ပဏီဖြစ်သည့် Primus Advanced Technologies Limited (PRIMUS)နှင့် ဟောင်ကောင်အခြေစိုက် Asia Ecoenergy Development Limited (AED)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery and Equipment Import and Export Co., Ltd ကုမ္ပဏီသုံးခုတို့ ပူးပေါင်းပြီး ရခိုင်ပြည်နယ် ဂွမြို့နယ်၌ တပ်ဆင်စက်အင်အား ၁၀၀ မဂ္ဂါဝပ်ဖြင့် တည်ဆောက်မည်ဖြစ်ကာ တစ်နှစ်ထုတ်လုပ်နိုင်မှုဓာတ်အားမှာ ၂၂၇ ဒသမ ၂ ကီလိုဝပ် နာရီသန်းပေါင်း ရရှိမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေအားလျှပ်စစ်ထုတ်လုပ်ချိန်တွင် ဓာတ်အားလက်ခံပြီး ဆက်လက်ပို့လွှတ်ဖြန့်ဖြူးမည့် ဂွမြို့ရှိ ၆၆/၁၁ ကေဗွီ (၁၀အမ်ဗွီအေ) ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ခွဲရုံအတွင်း တိုးချဲ့တည်ဆောက်မည့် စီမံကိန်းနေရာများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဂွမြို့နယ်ရှိ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ကြီးဌာန၏ စီမံဆောင်ရွက်နေမှုအခြေအနေ၊ လက်ရှိ ဓာတ်အားဖြန့်ဖြူးနေမှုကို ရှင်းလင်းပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးပြီး ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိန္တလီမြို့အနီးရှိ ကျိန္တလီချောင်းပေါ်တွင် အကြိုဖြစ်မြောက်နိုင်စွမ်း ရေအရင်းအမြစ် စူးစမ်းလေ့လာတိုင်းတာနေသည့် ကျိန္တလီချောင်းသို့ရောက်ရှိရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်နှင့် အမှတ်(၄) တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်းတို့က ကျိန္တလီချောင်း ရေအားအရင်းအမြစ်ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျိန္တလီချောင်းအကြိုဖြစ်မြောက်နိုင်စွမ်း စူးစမ်းလေ့လာတိုင်းတာမှုများကို အထူးဂရုပြု၍ လေ့လာတိုင်းတာဆောင်ရွက်သွားရန်နှင့် ရရှိလာသော အချက်အလက်များပေါ် မူတည်၍ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းအား အသေးစိတ်ဆက်လက်လေ့လာဆောင် ရွက်သွားရန် မှာကြားခဲ့ပြီး ကျိန္တလီချောင်း စူးစမ်းတိုင်းတာနေသော ဝန်ထမ်းများကို အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❖ ရှေ့ဖုံးမှ**

အတည်ပြု ပြီးသွားရင်တော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြသွားမှာ ဖြစ်ပါတယ်။ မကြာမီ တပ်ဆင်မယ့်မီတာတွေဟာ အဆင့်မီတဲ့ စမတ်မီတာတွေဖြစ်တာမို့ ပြည်ပကနေ မီတာမှာယူတာနဲ့ တပ်ဆင်တာ အားလုံးပေါင်းလိုက်မယ်ဆိုရင် အနည်းဆုံးသုံးလသို့မဟုတ် လေးလလောက်အချိန်ကြာမြင့်ပြီးတဲ့ နောက်ပိုင်းမှာဆိုရင် စတင်တပ်ဆင်နိုင်မှာဖြစ်ပါတယ်” ဟုရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

၂၀၁၅ ခုနှစ် ဇွန် ၁၈ ရက်တွင် အငှားယာဉ်နှုန်းထားသတ်မှတ်ရေးဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီး၏ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးနည်းဥပဒေ (၂၈)၊(c) အရ ရန်ကုန်တိုင်းဒေသကြီးမော်တော်ယာဉ်များ ကြီးကြပ်မှုကော်မတီသည် အငှားယာဉ်များအားလုံး မီတာဖြင့်အသုံးပြုနိုင်ရေး၊ ခေတ်မီနည်းစနစ်များ တပ်ဆင်အသုံးပြုနိုင်ရေးအောင်မြင်အောင် ဆောင်ရွက်ရမည်ဆိုသည့် အတည်ပြုပြဋ္ဌာန်းချက်အတိုင်း ရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)က ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မီတာများတပ်ဆင်ပြီးပြီဆိုပါက အငှားယာဉ်စီးခနှုန်းထားသတ်မှတ်ရာတွင် CNG ဈေးနှုန်းအပေါ်မူတည်တွက်ချက်ခြင်းမဟုတ်ဘဲ စက်သုံးဆီဈေးနှုန်းအပေါ်မူတည်တွက်ချက်၍ ယာဉ်စီးခနှုန်းထားကို သတ်မှတ်သွားမည်ဖြစ်ကြောင်း၊ အငှားယာဉ်များတွင် ခေတ်မီနည်းပညာမြင့် စမတ်မီတာများ တပ်ဆင်သွားမည်ဖြစ်သောကြောင့် CNG ယာဉ်များနှင့် လေဆိပ်တွင်ပြေးဆွဲနေသည့် အငှားယာဉ်များအား ဦးစားပေးတပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

အငှားယာဉ်များတွင်တပ်ဆင်မည့်မီတာများအား YRTC မှ စိုက်ထုတ်၍ ဝယ်ယူတပ်ဆင်ပေးမည်ဖြစ်ရာ ယာဉ်ပိုင်ရှင်နှင့် စာချုပ်ချုပ်ဆို၍ YRTC အား လစဉ်ပြန်လည်ပေးသွင်းရမည်ဖြစ်ကြောင်း၊ မီတာတပ်ဆင်ထားသည့် အငှားယာဉ်ဖြစ်ကြောင်းကို ငှားရမ်းစီးနင်းကြမည့် ခရီးသည်များ အဝေးမှမြင်သာစေရန်အတွက်အမှတ်အသားဖြင့် ပြသဆောင်ရွက်ထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**



တဘူးလှဆည်မြောင်းမကြီးမှပို့လွှတ်သော လက်ယာမြောင်းရေသောက်စနစ်ကို အသုံးပြုသည့် ဥက္ကံမြို့ရှိ နွေစပါးစိုက်ခင်းများကို တွေ့ရစဉ်။

**❍ တိုက်ကြီးမြို့နယ်မှ**

ပြောင်း ၈၈၉ ဧက စိုက်ပျိုးထားကြောင်း သိရသည်။ တစ်နှစ်ထက်တစ်နှစ် စိုက်ဧကတိုးလာချိန်တွင် တောင်သူများ စိုက်ပျိုးရေကို အကျိုးရှိစွာအသုံးပြုနိုင်ရန်နှင့် ရန်ကုန်-ပြည်ကားလမ်းတစ်ဖက် ရေသောက်စနစ်အစွန်းရှိ နွေစပါးစိုက်ခင်းများ စိမ်းလန်းစိုပြည်စေရန် တိုက်ကြီးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ဥက္ကံမြို့အရှေ့ဘက် ၁၉ မိုင် အကွာရှိ တဘူးလှဆည်မှ ဥက္ကံချောင်းအတွင်းသို့ ဆည်ရေပို့လွှတ်၍ ထိုမှတစ်ဆင့် လက်ဝဲမြောင်းနှင့် လက်ယာမြောင်းဖြင့် မြောင်းမကြီးနှစ်ခုမှ စိုက်ခင်းများသို့ ဆည်ရေကိုပို့လွှတ်လျက်ရှိရာ လက်ယာမြောင်းမှ ဥက္ကံမြို့စိုက်ခင်းများနှင့် လက်ဝဲမြောင်းမှ တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့ရှိ စိုက်ခင်းများသို့ ဆည်ရေသောက်စနစ်ဖြင့် နေ့စဉ် ပို့လွှတ်လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ တဘူးလှဆည်အပါအဝင် ဆည်တမံကိုးခုရှိပြီး စပါး၊ ပဲနှင့် ဆီထွက်သီးနှံစိုက်ခင်းများအတွက် ဆည်တမံများသည် အရေးပါလျက်ရှိရာ နွေစပါးအများဆုံး စိုက်ပျိုးရာ တိုက်ကြီးမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် ဥက္ကံမြို့တို့ရှိ နွေစပါးစိုက်ခင်းများသို့ တဘူးလှဆည်မှ စိုက်ပျိုးရေကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် စတင်ပို့လွှတ်ပြီး ၂၀၂၃ ခုနှစ် မေလအထိ ပို့လွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

“ရန်ကုန်တိုင်းဒေသကြီးမှာ တိုက်ကြီးမြို့နယ်ဟာ နွေစပါးအများဆုံး စိုက်ပျိုးတဲ့ဒေသတစ်ခုဖြစ်တဲ့အတွက် စိုက်ပျိုးရေမပြတ်အောင် ဌာနအနေနဲ့ အမြဲကြပ်မတ်ဆောင်ရွက်နေပါတယ်။ မှော်ဘီနဲ့ဥက္ကံမြို့က နွေစပါး၊ ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံအတွက်လည်း ဆည်ရေသောက်စနစ် အခက်အခဲမရှိအောင် စီမံဆောင်ရွက်ထားပါတယ်”ဟု တိုက်ကြီးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးထွန်းနေအောင်က ပြောသည်။

တဘူးလှဆည်ရေသောက် ဧရိယာအတွင်းရှိ နွေစပါးများကို ဧပြီလတွင် စတင်ရိတ်သိမ်းသွားမည်ဖြစ်ပြီး အများစုသည် မေလတွင် ရိတ်သိမ်းမည်ဖြစ်သည်။ မြေသားတမံဖြင့် တည်ဆောက်ထားသော တဘူးလှဆည်တွင် ကန်ရေပြည့်ရေလှောင်ပမာဏ ဧက ၁၉၄၆၀၀ ကျယ်ဝန်းပြီး ရေပိုလွှဲအကျယ်ပေ ၂၀၀ တွင် ရေထုတ်ပြွန် ပေ ၆၀၀ အရှည်ဖြင့် ခြောက်ပေလေးပေအရွယ် ရေထုတ်ပြွန် သုံးပေါက်မှ ရေဒုစီးနှုန်း ၅၃၀၀ ကုဗပေ/စက္ကန့်ဖြင့် တိုက်ကြီး၊ မှော်ဘီနှင့် ဥက္ကံမြို့ရှိ နွေစပါးစိုက်ဧက ၂၇၀၀၀ ကျော်၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံစိုက်ခင်းများသို့ စိုက်ပျိုးရေပို့လွှတ်လျက်ရှိရာ ဆည်ရေကိုအသုံးပြု၍ နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရန် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

# မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃) ဒုတိယနေ့ ကျင်းပ

**နေပြည်တော် မတ် ၁၂**

မြန်မာနိုင်ငံ ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)၏ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများကို နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ (MICC-2)တွင် ဒုတိယ နေ့အဖြစ် ယနေ့ ဆက်လက် ကျင်းပသည်။






**ဆွေးနွေး**

နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ထိရောက်စွာ ပူးပေါင်း ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများ၊ သင်ခန်းစာများနှင့် အနာဂတ်တွင် ကမ္ဘာ့ကပ်ရောဂါဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်မှုများကို ကြံ့ခိုင်စွာ ဆောင်ရွက်နိုင်ရန် ကြိုတင် ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ (Concerted Response to the COVID-19 Pandemic in Myanmar : Challenges, Lessons Learnt and Strengthening Resilience to Future Pandemic)ခေါင်းစဉ်ဖြင့် Main Symposium အဖြစ် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက အဖွင့် အမှာစကား ပြောကြား၍ ဖွင့်လှစ်ပေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ဦးဆောင်မှုဖြင့် ကျန်းမာရေး ဝန်ကြီးဌာနမှ ကာကွယ်ရေး လုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးစားပေးအုပ်စုများအလိုက် လွှမ်းခြုံမှုမြင့်မားစွာ ထိုးနှံပေးနိုင်ရန် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၊ ခေတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများ၊ ပြည်သူ့ဆေးရုံ၊ ဆေးခန်းများတွင် ကုသရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့မှုများ၏ အတွေ့အကြုံများ၊ သင်ခန်းစာများ၊ ပုဂ္ဂလိက ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍနှင့် လူမှုရေး အသင်းအဖွဲ့များ၏ ပူးပေါင်း ဆောင်ရွက်မှုများ၊ ဆေးပစ္စည်းများ၊ ကာကွယ်ရေးပစ္စည်းများ လုံလောက်စွာ ရရှိရေးအတွက် ဆောင်ရွက်ချက်များ၊ Clinical Management Committee ၏ အခန်းကဏ္ဍများကို ဆွေးနွေး ကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်း အကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးပွဲများကို အစီအစဉ်အတိုင်း ကျင်းပရာ ကျန်းမာရေး ပညာရှင်များအကြား ယှဉ်တွဲသင်ယူ လေ့လာမှုနှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုကို (IPE, IPCP, Essential Strategy for Quality Care in Medical Practice) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အရည်အသွေး ပြည့်ဝသော သူနာပြုနှင့် သားဖွား ပညာရေး သင်ကြားရေးနှင့် ပတ်သက်၍(Nursing Education) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မျိုးရိုးဗီဇ ရှေးဟောင်းသုတေသန နည်းပညာဖြင့် မြန်မာ့သမိုင်း ကြောင်းကို ဖော်ထုတ်ခြင်း (Archeogenetic Exploration of the Ancestors of Myanmar) ခေါင်းစဉ်ဖြင့် လည်းကောင်း ကျင်းပသည်။ ဆွေးနွေးပွဲများသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက် အားပေးပြီး တက်ရောက်လာသူ များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲ တက်ရောက်ကြသူ များအနေဖြင့် မိမိတို့ စိတ်ဝင်စား သော ဘာသာရပ်များအား လေ့လာ ဆွေးနွေးနိုင်ရန်အတွက် အခန်း (၅)ခန်းခွဲ၍ Parallel Session များကို တစ်ပြိုင်တည်းကျင်းပခဲ့ရာ ဆေးရုံများတွင် ကုသမှုအရည် အသွေး ကောင်းမွန်စေရန် ဆောင်ရွက်ခြင်း (Improving Quality of Care in Hospital) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အရည်အသွေး ပြည့်ဝသော ကာကွယ်ဆေးများ ထိုးနှံပေးခြင်း ဖြင့် ကလေးငယ်များ၏ အသက် သေဆုံးမှုကို ကာကွယ်ပေးခြင်း (Saving the Lives of Children by Quality Immunization Service)ခေါင်းစဉ်ဖြင့် လည်း ကောင်း၊ အစားအသောက်ယုံတမ်း စကား၊ တရားမဝင်တင်သွင်းလာ သော ဆေးဝါးများ၊ စံမညီဆေးဝါး များ၊ ဆေးဝါးအတုများနှင့် ပတ်သက်၍ လူထုကျန်းမာရေး အပေါ် သက်ရောက်နိုင်မှု အခြေ အနေများ၊ အရည်အသွေးနှင့် စွမ်းဆောင်ရည် ကောင်းမွန်၍ ဘေးအန္တရာယ် ကင်းရှင်းသော ဆေးပစ္စည်းကိရိယာများကို ဆေး ဘက်ဆိုင်ရာ နယ်ပယ်အတွင်း ရရှိ စေရေး( Food Hoax and Illegal Medical Products that Impact on Health) ခေါင်းစဉ်ဖြင့် လည်း ကောင်း၊ အရိုးပွခြင်းရောဂါ (Osteoporosis : Why is a Hip Fracture so Dangerous)ခေါင်းစဉ် ဖြင့် လည်းကောင်း၊ ကလေး ကျန်းမာရေး ပညာရပ်များနှင့် ပတ်သက်၍ Acute Care in Paediatric Practice နှင့် Trans -catheter Interventions in Congenital Heart Disease ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကပ်ရောဂါနှင့်ယှဉ်တွဲ၍ ဖြစ်ပေါ် လာသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဖိအားများအကြောင်းကို (Public Health Pandemic Inheritance Environmental Stressor) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အရိုး အကြောအဆစ်ရောဂါ အဖြေရှာ ရာတွင် မှားနိုင်ခြေများနှင့် ပတ်သက်၍ Pitfalls in the Interpretation of Investigations in Rheumatological Practice ခေါင်းစဉ်ဖြင့် လည်း ကောင်း၊ အဆုတ်ကင်ဆာရောဂါ များနှင့်ပတ်သက်၍ Lung Malignancy ခေါင်းစဉ်ဖြင့် လည်း ကောင်း၊ ဟော်မုန်းဆိုင်ရာ ရောဂါ များနှင့် ပတ်သက်၍ Changing Concepts in Management of Type 2 Diabetes ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သွားတုစိုက်ခြင်း နှင့် ပတ်သက်၍ ကိုရီးယားနိုင်ငံမှ သွားဆရာဝန်ကြီး Dr. Ha Nee Bae က Minimally Invasive Implant Treatment ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပြန်လည်သန်စွမ်း ရေးနှင့် ပတ်သက်၍ Improving Rehabilitation in Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တီဘီရောဂါများနှင့် ပတ်သက်၍ Updated Management of Latent and Drug-resistant TB ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးခေါင်းနှင့် လည်ပင်းတွင် ဖြစ်တတ်သော ကင်ဆာရောဂါများ နှင့် ပတ်သက်၍ Management of Head and Neck Cancer ခေါင်းစဉ်ဖြင့် လည်းကောင်း သက်ဆိုင်ရာ ပညာရှင်များက ဆွေးနွေးတင်ပြ၍ တက်ရောက် လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**ဦးဆောင်ဆွေးနွေး**

မွန်းလွဲပိုင်းတွင် အစီအစဉ်များ ကို Parallel Sessions များအဖြစ် အခန်းအသီးသီး၌ ဆက်လက် ကျင်းပပြီး မေးရိုးနှင့် ခံတွင်း ကင်ဆာ ဝေဒနာရှင်များအား ကုသမှုပေးနေသည့် ခေတ်မီခွဲစိတ် မှု နည်းပညာရပ်များနှင့် ပတ်သက် ၍ Surgical Management of Oral Cancer in University of Dental Medicine, Pediatric Neurology ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ ပြည်ထောင်စု ဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း တက်ရောက်၍ ဦးဆောင်ဆွေးနွေးသည်။

အစီအစဉ်အရ Plenary Hall တွင် အသံတိတ်ကပ်ရောဂါအသွင် ပဋိဇီဝဆေးယဉ်ပါးမှုဖြစ်စဉ်နှင့် ပတ်သက်၍ Anti-Microbial Resistance, a Silent Pandemic ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆေးလက်တွေ့ သင်ကြားရေး အရွေ့နှင့် စနစ်တကျ စိစစ်ခွဲခြား စဉ်းစားခြင်းဓလေ့ (Clinical Teaching and Critical Thinking)ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြသည်။

ထို့ပြင် Parallel Sessions များ အဖြစ်ဦးနှောက်အရေးပေါ်ဝေဒနာ အချိန်နှင့်တစ်ပြေးညီ ကုသပါ (Time is Brain, Recent Advances of Status Epilepticus, Update on Hyperacute Management of Ischaemic Stroke)ခေါင်းစဉ်ဖြင့် လည်း ကောင်း၊ ကျောက်ကပ်ကျန်းမာ အားလုံးအတွက်ပါ (Kidney Health for All) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကင်ဆာကုသမှု အောင်မြင်ရေး ဌာနပေါင်းစုံ စည်းဝေးညှိနှိုင်းပေး (Multidisplinary Team Meeting in Effective Cancer Management) ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကိုရီးယားနိုင်ငံမှ Dr. JIEUN CHOI ဦးဆောင်၍ Approach to the Patients with CNS Infection and Encephalopathy ခေါင်းစဉ် ဖြင့် လည်းကောင်း၊ ဂျပန်နိုင်ငံမှ Dr. Naoko KISHI ဦးဆောင်၍ Comprehensive Treatment for Cleft lip and Plate ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Sustainability of HOPE by Hospice and Palliative Care in Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆီးချိုကြောင့် မျက်စိအမြင်အာရုံ လွှာ ထိခိုက်ခြင်းကို ကုသနည်းများ (Ophthalmology Current Trend in the Management of Diabetic Retinopathy) ခေါင်းစဉ် ဖြင့် လည်းကောင်း၊ ကိုရီးယား နိုင်ငံမှ Dr. Hijin You ဦးဆောင်၍ Introduction of Craniofacial Surgery ခေါင်းစဉ်ဖြင့် လည်း ကောင်း၊ ကလေးကျန်းမာရေး ပညာဌာန၊ သားဖွားနှင့် မီးယပ် ပညာဌာန၊ ခွဲစိတ်ကုပညာဌာန တို့မှ သက်ဆိုင်ရာ Clinical Session များဖြင့် ဆွေးနွေးကြရာ Parallel Session အလိုက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးခြင်း၊ အသိပညာ ဖလှယ် ခြင်းများကို စိတ်ပါဝင်စားစွာ ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)ကို မတ် ၁၁ ရက်မှ ၁၂ ရက် အထိ ကျင်းပဆောင်ရွက်ခဲ့ရာ ကျန်းမာရေး ဝန်ကြီးဌာနမှ အသိပညာရှင်၊ အတတ်ပညာရှင် များ၊ အငြိမ်းစား ဆေးပညာရှင် ဆရာဝန်ကြီးများ၊ ဆေးပညာနှင့် ဆက်စပ်နီးနွယ်သော ပညာရှင် ကြီးများ၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဆေးပညာရှင်ကြီးများ၊ နီးနွယ်ဝန်ကြီးဌာနများမှ ပညာရှင် ကြီးများ၊ နိုင်ငံတကာမှ ဆေးပညာ ရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် များ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများမှ ပညာရှင်များ၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း နှင့် ဘာသာရပ်ဆိုင်ရာ ဆရာဝန် များအဖွဲ့၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း ကုန်သည်ကြီးများ အသင်းနှင့် ဆေးကုမ္ပဏီများ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင် ပညာရှင်များ စုစုပေါင်း ၂၀၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ပုသိမ်မြို့၌ အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်သည့်စနစ် စတင်ဆောင်ရွက်

**ပုသိမ် မတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အား Clean City ဖြစ်လာစေရေးအတွက် အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြား စွန့်ပစ်သည့်စနစ် စတင်ဆောင်ရွက်လျက်ရှိရာ အမှိုက်စို၊ အမှိုက်ခြောက်ခွဲခြားမှု မှန်ကန်စေရေး အသိပညာပေးခြင်း ကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ၏ လမ်းညွှန်မှုနှင့်အညီ အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြား စွန့်ပစ်သည့်စနစ် စတင်ဆောင်ရွက်လျက်ရှိရာ ရွှေ့ပြေး စီမံချက်ဧရိယာအဖြစ် ပုသိမ်မြို့ မဟာဗန္ဓုလလမ်းမကြီး တစ်လျှောက် သတ်မှတ်ပြီး အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားသိမ်းဆည်းပေးမှုအား အမှိုက်သိမ်းယာဉ် နှစ်စီးဖြင့် နေ့စဉ်နံနက် ၆ နာရီမှစတင်၍ ဆောင်ရွက်ပေးနေမှု အခြေ အနေအား ယနေ့နံနက်တွင် ပုသိမ်မြို့နယ် စည်ပင် သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးပိုင်၊ အမှုဆောင်အရာရှိ ဦးကျော်စိုး၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်တို့က ကွင်းဆင်းစစ်ဆေး၍ အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားမှု မှန်ကန်စေရေးအတွက် ပြည်သူများအား အသိပညာပေး ခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး သံလွင်မြစ်ကူးတံတား(တာကော်) ချဉ်းကပ်လမ်း တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး




**ကွန်ဟိန်း မတ် ၁၂**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများသည် မတ် ၁၁ ရက် ညနေ ၄ နာရီခွဲက ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဆက်သွယ်ထားသော သံလွင်မြစ်ကူးတံတား(တာကော်) ချဉ်းကပ်လမ်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း သံလွင်မြစ်ကူးတံတား(တာကော်)ချဉ်းကပ်လမ်း တည်ဆောက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ခန်းမတွင် တံတားအထူးအဖွဲ့(၁၂)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်က တံတားနှင့်ပတ်သက်၍ ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ပြီး တံတားတည်ဆောက်ရေးတွင် တာဝန်ယူဆောင်ရွက်နေသော ဝန်ထမ်းများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ပေးအပ်ရာ တံတားအထူးအဖွဲ့ (၁၂)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်က လက်ခံရယူသည်။

ပြည်နယ်(ပြန်/ဆက်)

# နိုင်ငံဖွံ့ဖြိုးရေးအတွက် အရည်အချင်းပြည့်ဝသော နည်းပညာရှင်များ မွေးထုတ်ပေး



**ရေဝတီ မတ် ၁၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယနေ့ နံနက်ပိုင်းတွင် ပုသိမ်မြို့ရှိ အစိုးရနည်းပညာ အထက်တန်းကျောင်းနှင့် ကွန်ပျူတာတက္ကသိုလ်များကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရနည်းပညာအထက်တန်းကျောင်း (ပုသိမ်)သို့ ရောက်ရှိပြီး သင်တန်းသားများကို သတ်မှတ်အရည်အသွေးစံနှုန်းများနှင့်အညီ လေ့ကျင့်သင်ကြားပေးနိုင်ရေး မှသည် လက်တွေ့ကျွမ်းကျင်မှု Hand on ဖြစ်စေရန်နှင့် အမှန်တကယ် တတ်မြောက်မှု စစ်ဆေးခြင်းများ အလေးထား ဆောင်ရွက်ရန်၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသဖြင့် ယင်းကိုအထောက်အကူပြုမည့် ကာလတိုသင်တန်းများ ဖွင့်လှစ်ပေးရန်၊ နည်းပညာများ လွှဲပြောင်းပေးရန်နှင့် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးရန် လိုအပ်ကြောင်း မှာကြားကာ ဝန်ထမ်းများ၏ တင်ပြမှုများကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေး၍ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး ကျောင်းသားများ စာမေးပွဲဖြေဆိုနေမှုနှင့် အလုပ်ရုံများကို စစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)သို့ ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ်က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တက္ကသိုလ် ဥပမိရုပ်ကောင်းမွန်ကာ ရေရှည်တည်တံ့စေရေး ပုံမှန်ပြုပြင်ထိန်းသိမ်း ဆောင်ရွက်သွားရန်၊ ကျောင်းသားများ အဆင်ပြေချောမွေ့စွာ လေ့လာဆည်းပူးနိုင်ရေးဖြည့်ဆည်းပေးရန်၊ ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံဖွံ့ဖြိုးရေးပံ့ပိုးပေးနိုင်ရန်အတွက် မဟာဗျူဟာစီမံကိန်းအတိုင်း အရည်ချင်းပြည့်ဝသော ICT လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်သွားရန် တိုက်တွန်းမှာကြားပြီး ဝန်ထမ်းများ၏ အခက်အခဲ တင်ပြမှုများကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေး၍ ဂုဏ်ပြု လက်ဆောင်များကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောင်းသားများ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းသားများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားခဲ့ပြီး စာကြည့်တိုက်၊ ကွန်ပျူတာခန်း၊ Lab ခန်းများ၊ တည်ဆောက်ဆဲ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

# စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၆၃၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၁၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် မတ် ၁၃ ရက်မှ မတ် ၁၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၄၆၃၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




# ရေသန့်စက်နှင့် စက်ရေတွင်း လှူဒါန်း

**မိတ္ထီလာ မတ် ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သီးပင်ကုန်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ယနေ့တွင် ရေသန့်စက်နှင့် စက်ရေတွင်းတူး၍ လှူဒါန်းပွဲကို ပြုလုပ်ခဲ့သည်။

အဆိုပါလှူဒါန်းခြင်းကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်နေ ရေသန့်စက်နှင့် စက်ရေတွင်း ကုသိုလ်ရှင် ဦးစိုးတင့်-ဒေါ်ခင်မိမိနှင့် ရေနွေးပေါင်းအိုးကုသိုလ်ရှင် ဦးလွင်ဦး-ဒေါ်ငွေငွေမြင့်တို့က လှူဒါန်းခဲ့ပြီး ရွာဦးကျောင်းတိုက်အတွင်း လှူဒါန်းမှုအစုစုတို့အား ရေစက်သွန်းချ အမျှပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင်**

# ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့် Kitasato University International Exchange Program 2023 သို့ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် ရန်ကုန်မှ ကျောင်းသူ သုံးဦး တက်ရောက်မည်

**ရန်ကုန် မတ် ၁၂**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)နှင့် နားလည်မှုစာချွန်လွှာ (Memorandum of Understanding) လက်မှတ်ရေးထိုးထားသော ဂျပန်နိုင်ငံ Kitasato University မှ နှစ်စဉ်ကျင်းပသည့် International Student Exchange Program အရ ၂၀၂၃ ပညာသင်နှစ်တွင် မတ် ၁၃ ရက်မှ ၁၈ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့် Kitasato University International Exchange Program 2023 Including the Cross-cultural Interdisciplinary Case Study သို့ တက်ရောက်ရန် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်)မှ စတုတ္ထနှစ်ဘွဲ့ကြိုကျောင်းသူ သုံးဦးသည် မတ် ၁၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ ဂျပန်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**ရည်ရွယ်ကျင်းပ**

အဆိုပါ International Student Exchange Program သည် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)နှင့် Kitasato University School of Allied Health Sciences တို့အကြား ကျောင်းသား




ကျောင်းသူများ အပြန်အလှန် စေလွှတ်လေ့လာခြင်းဖြင့် ပညာရပ်ဆိုင်ရာ တိုးတက်မှုများနှင့် နိုင်ငံတကာအတွေ့အကြုံ ဗဟုသုတကောင်းများ ရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်ချက်များ

### သမိုင်းကြောင်း

မြန်မာနိုင်ငံသည် ၁၉၄၇ ခုနှစ်တွင် ပြည်သူ့ထောက်ပံ့ရေးပစ္စည်းများ ခိုးယူခြင်းမှ ကာကွယ်သည့်ကော်မတီကို ဖွဲ့စည်း၍လည်းကောင်း၊ ပြည်သူ့ပစ္စည်းကာကွယ်ရေးရဲအဖွဲ့ကို ဖွဲ့စည်း၍လည်းကောင်း လာဘ်ပေးလာဘ်ယူနှင့် အဂတိလိုက်စားမှုများကို ရာဇသတ်ကြီး (Penal Code) အရ အရေးယူခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၅၁ ခုနှစ်တွင် အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေကိုပြဋ္ဌာန်း၍ အထူးစုံစမ်းစစ်ဆေးရေးဌာနအား နိုင်ငံတော်ဝန်ကြီးချုပ်၏ တိုက်ရိုက်ကြီးကြပ်မှုအောက်၌ ဖွဲ့စည်းခဲ့ကာ အဂတိလိုက်စားမှုများကို အရေးယူဆောင်ရွက်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ကဏ္ဍအလိုက် ပြဋ္ဌာန်းထားသည့်ဥပဒေများတွင် အဂတိလိုက်စားမှုတားမြစ်ရေးနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းပြဋ္ဌာန်းထားပြီး အဂတိလိုက်စားမှုများကို အရေးယူဆောင်ရွက်ခဲ့သည်။

**“အဂတိလိုက်စားမှုပြဿနာသည် ကမ္ဘာတစ်ဝန်း ပျံ့နှံ့ရောက်ရှိနေပြီး နိုင်ငံများအားလုံး (ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ)တွင် အစိုးရပိုင်း၊ ပုဂ္ဂလိကပိုင်းနှင့် အမြတ်အစွန်းအတွက်မဟုတ်သည့် ကုသိုလ်ဖြစ်လူ့ဒါန်းရေးအဖွဲ့များတွင်ပါ အမြစ်တွယ်နိုင်ကြောင်း သတိပြုလာရပြီဖြစ်သည်။ အဂတိလိုက်စားမှုသည် နိုင်ငံရေးနယ်ပယ်တွင် ယခင်ကာလများထက် ပိုမိုပတ်သက်ပါဝင်လာနေပြီဖြစ်ကြောင်းနှင့် အဂတိလိုက်စားကိုယ်ကျိုးရှာအကျင့်ပျက်မှုများသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့်အဟန့်အတားဖြစ်သဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များတွင် အဂတိလိုက်စားမှုပပျောက်ရေးလုပ်ငန်းတစ်ရပ်ကို ဦးစားပေးအစီအစဉ်အဖြစ် ပါဝင်သင့်”**

ကမ္ဘာတစ်ဝန်း အဂတိလိုက်စားမှုနှင့်ဆက်စပ်နေသည့် နိုင်ငံဖြတ်ကျော်လူကုန်ကူးမှု၊ ငွေကြေးခဝါချမှု စသည်တို့ကို တားဆီးကာကွယ်ရန်၊ အရေးယူအပြစ်ပေးရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် ကုလသမဂ္ဂသည် ၂၀၀၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို အတည်ပြုခဲ့သည်။ မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အတည်ပြုဝင်ရောက်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ် ဖြစ်ပေါ်တိုးတက်မှုများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၂၅-၂-၂၀၁၄ ရက်စွဲပါ အမိန့်အမှတ် ၆/၂၀၁၄ ဖြင့် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်ကို ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ၁၃ ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ပြီး ၄-၈-၂၀၁၄ ရက်စွဲပါအမိန့်အမှတ် ၁၉/၂၀၁၄ ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖြစ် အမည်ပြောင်းလဲသတ်မှတ်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ကော်မရှင်ရုံးဖွဲ့စည်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ ကော်မရှင်ကသာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိစ္စရပ်များအတွက် အရေးယူဆောင်ရွက်နိုင်သောအဖွဲ့အစည်း ဖြစ်လာသည်။ ၂၃-၁၁-၂၀၁၇ ရက်နေ့တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ၁၀ ဦးပါဝင်သည့် ဒုတိယအကြိမ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကိုလည်းကောင်း၊ တတိယအကြိမ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀-၂-၂၀၂၁ ရက်နေ့တွင်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ၂၀၁၈ ခုနှစ်မှစ၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်ကို လေးနှစ်တစ်ကြိမ်ရေးဆွဲပြီး ရေးဆွဲထားသည့် မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းဧရိယာနှင့် လုပ်ငန်းစဉ်များအပေါ် မူတည်၍ နှစ်စဉ်လုပ်ငန်းစီမံချက် (Action Plan) များရေးဆွဲလျက် လုပ်ငန်းစဉ် ၁၀ ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

### အနာဂတ်မျှော်မှန်းချက်(Vision)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူ လက်တွဲ၍ နိုင်ငံတစ်ဝန်း တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ဘဝများ သာယာဝပြောလာစေရန် (Fighting Corruption together for Public Prosperity) ဟူသော အပြုသဘောအယူအဆကို ကော်မရှင်၏အနာဂတ်မျှော်မှန်းချက် (Vision) အဖြစ် သတ်မှတ်ထားသည်။ မျိုးဆက်သစ်များအတွက် ရည်ရွယ်သော အဆိုပါ အနာဂတ်မျှော်မှန်းချက်ကို ရည်ညွှန်း၍ ကော်မရှင်၏ဆောင်ပုဒ်ကို **“အဂတိပယ်ခွာ ပြည်သာယာ (Remove Corruption, Promote Prosperity)”** ဟူ၍ သတ်မှတ်ထားသည်။

### ရည်မှန်းချက်တာဝန် (Mission)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် ရည်ရွယ်ချက် (၆) ချက်ကို ကော်မရှင်၏ ရေရှည်မဟာဗျူဟာ ရည်မှန်းချက်တာဝန်အဖြစ် ဦးတည်ချက်ထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

### မဟာဗျူဟာရည်မှန်းချက်များ (Objectives)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်ကာလကို ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဒုတိယကာလတို လေးနှစ်တာကာလ သတ်မှတ်ထားသည်။ အဆိုပါ ကာလတိုအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အဂတိလိုက်စားမှုအခြေအနေများကို အောက်ပါအတိုင်း မဟာဗျူဟာရည်မှန်းချက်များ သတ်မှတ်၍ ထိရောက်စွာ တိုက်ဖျက်သွားမည်ဖြစ်သည်-

(က) သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖြစ်ထွန်းစေရန် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ပေးအပ်လာသော လုပ်ငန်းတာဝန်များကို အားသွန်ခွန်စိုက်ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားရမည်၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ တည်ဆောက်ခြင်း၊ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများတွင် အဂတိလိုက်စားမှုကြောင့်ဖြစ်ပေါ်နေသော ပြည်သူ့ဘဏ္ဍာရန်ပုံငွေဆုံးရှုံးမှုကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် လျှော့ချနိုင်ရမည်၊

(ဂ) အများပြည်သူဆိုင်ရာအဖွဲ့အစည်းများတွင် စနစ်တစ်ခုကဲ့သို့ နက်ရှိုင်းစွာပျံ့နှံ့နေသော အဂတိလိုက်စားမှု(Systemic Corruption) ကို သိသာထင်ရှားစွာ ကျဆင်းသွားစေရန် တိုက်ဖျက်ရမည်၊

(ဃ) ကမ္ဘာ့ဘဏ်မှထုတ်ပြန်သော ကောင်းမွန်သောစီမံအုပ်ချုပ်မှုဆိုင်ရာညွှန်းကိန်း (Worldwide Governance Indicators – WGI)တွင် အဂတိလိုက်စားမှုထိန်းချုပ်နိုင်ခြင်း (Control of Corruption) ညွှန်းကိန်း သိသာထင်ရှားစွာ အဆင့်တိုးတက်လာစေရမည်။

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာပေးခြင်း

ကော်မရှင်သည် လျှို့ဝှက်ထိန်းသိမ်းရမည့် သတင်းအချက်အလက်များမှအပ ကော်မရှင်၏လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဆောင်ရွက်ချက်များကို အများပြည်သူ လက်လှမ်းမီ သိရှိနိုင်စေရန်နှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ မြင့်မားတိုးတက်စေရန်အတွက် ကော်မရှင်၏ Website၊ Facebook Page နှင့် နိုင်ငံပိုင်သတင်းစာများတွင် သတင်း၊ ဆောင်းပါးများ အချိန်နှင့်တစ်ပြေးညီ ထည့်သွင်းဖော်ပြလျက်ရှိပြီး နိုင်ငံပိုင်ရုပ်မြင်သံကြားတို့တွင်လည်း အသိပညာပေးဇာတ်လမ်းတိုများ ထုတ်လွှင့်လျက်ရှိသည်။ ၎င်းအပြင် ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့မှစ၍ **“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”** Facebook Page ကို ဖွင့်လှစ်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး Post များကို အပတ်စဉ် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တို့တွင် ဖော်ပြလျက်ရှိသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး အသိပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ

ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးကဏ္ဍကို ပိုမိုတိုးမြှင့်ဆောင်ရွက်သည့်အနေဖြင့် ၂၀၂၂ ခုနှစ်တွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းများကို ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ကော်မရှင်သည် မဟာဗျူဟာစီမံချက်နှင့်အညီ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ဆရာကိုင်စာအုပ်များ ပြုစု၍ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ရည်ညွှန်းစာစောင်များပါ သင်ခန်းစာများကို အခြေခံပညာအဆင့်နှင့် ပညာရေးတက္ကသိုလ် သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းရေးဆွဲသင်ကြားလျက်ရှိသည်။ ၎င်းအပြင် UNODC ၏ (Education for Justice (E4J) Initiative University Module Series) မှ Anti–Corruption Module နှင့် Integrity & Ethics Module တို့ကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဘာသာပြန်ဆိုပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး တက္ကသိုလ်အဆင့်နှင့် ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များအဖြစ် ထုတ်ဝေခဲ့ပြီး ပညာရေးဝန်ကြီးဌာနအပါအဝင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့ရုံးများ၊ တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများသို့ ဖြန့်ဝေနိုင်ခဲ့သည်။

၎င်းအပြင် **“မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းများ၊ တက္ကသိုလ်များတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး (Edu–tainment) အစီအစဉ်”**အဖြစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်များတွင် အသိပညာပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကော်မရှင်ရုံးခွဲများတည်ရှိသည့် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်မြို့တို့ရှိ အခြေခံပညာကျောင်းများတွင် ကျယ်ပြန့်စွာအသိပညာပေးဆောင်ရွက်လျက်ရှိသည်။

### အသိပညာပေးပြခန်းနှင့် အသိပညာပေးစာစောင်များဖြန့်ဝေခြင်း

ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ထားသည့် နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကိုလည်း ကော်မရှင်အနေဖြင့် ၂၀၁၇ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိရာ (၁၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)တွင် ကျင်းပခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ စာအုပ်စာတမ်းများ၊ လက်ကမ်းစာစောင်များ၊ မှတ်တမ်းဓာတ်ပုံများ စသည့် အသိပညာပေးပြခန်းများကိုလည်း ခင်းကျင်းပြသခဲ့သည်။

အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်းနှင့် အသိပညာပေးခြင်းကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၊ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများမှဖွင့်လှစ်သည့် သင်တန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများတွင် ကျင်းပပြုလုပ်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားများနှင့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတို့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေစာအုပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။ **စာမျက်နှာ ၇ သို့** ❖

❖ စာမျက်နှာ ၆ မှ

ကော်မရှင်အနေဖြင့် စီးပွားရေးလုပ်ငန်းများတွင် ဖြောင့်မတ်တည်ကြည်မှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် စီးပွားရေးဝန်းကျင်ကောင်း ဖြစ်ပေါ်လာစေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပူးပေါင်း၍ အသိပညာပေးဆွေးနွေးဟောပြောမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

စီးပွားရေးကဏ္ဍနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကြေညာစာတမ်းကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခြင်းနှင့် စီးပွားရေးလုပ်ငန်းများတွင် ကျင့်ဝတ်များ ရေးဆွဲလိုက်နာကြရန် ကော်မရှင်က အမိန့်ကြော်ငြာစာ ၁၄/၂၀၁၈ ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ထုတ်ပြန်ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရန် အခြေခံခိုင်မာသောကျင့်ဝတ်များ ရေးဆွဲရာတွင် အခြေခံရမည့်အချက် (၈)ချက်ကိုလည်း သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း

တားဆီးကာကွယ်ရေးကဏ္ဍအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်နှင့်အညီ ပြည်သူတစ်ဦးချင်းအပေါ် သက်ရောက်နေသည့် အသေးစားအဂတိလိုက်စားမှုများကို လျော့နည်းကျဆင်းစေရန်နှင့် ပြည်သူလူထု၏ လိုအပ်ချက်များနှင့်အညီ လုပ်ဆောင်ပေးနေသည့် ဝန်ဆောင်မှုများကို ပိုမိုပြည့်စုံကောင်းမွန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) များကို ၂၀၁၉ ခုနှစ် မတ်လတွင် ရှေ့ပြေးစီမံကိန်းအဖြစ် အစိုးရဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်း ၁၄ ခုတွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် နိုဝင်ဘာလအထိ ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ၃၈ ခုတို့တွင် ဖွဲ့စည်းထားပြီးဖြစ်သည်။ ဆက်လက်၍ ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုတို့တွင်လည်း CPU အဖွဲ့များ ဖွဲ့စည်းနိုင်ခဲ့ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းများ ပို့ချပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၁၉-၁-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များအတွက် မူဝါဒပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် CPU များ၏ လုပ်ငန်းတာဝန်သုံးရပ်ကို ချမှတ်နိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ကျင်းပပြုလုပ်ခဲ့သည့် CPU များအတွက် နည်းပညာဆိုင်ရာ သင်တန်းအမှတ်စဉ် (၂/၂၀၁၉) တွင် လုပ်ငန်းအစီအစဉ် (၆) ရပ်ကို ချမှတ်နိုင်ခဲ့သည်။

## အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်များ တိုးချဲ့ဆောင်ရွက်ခြင်း

လုပ်ငန်းအစီအစဉ် (၆) ရပ်ပါ ဆဋ္ဌမမြောက်အချက်ကို အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် သက်ဆိုင်ရာဌာနများ၏ ကြီးကြပ်မှုအောက်ရှိ ရုံးဌာနခွဲများ၌ ဝန်ဆောင်မှုရယူခဲ့သော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code **“1111”** အသုံးပြု၍ SMS မှတစ်ဆင့် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့်မေးခွန်းများ မေးမြန်းခြင်းဖြင့် တုံ့ပြန်မှုရယူ၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (Public Feedback Programme – PFP)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ ပိုမိုပူးပေါင်းပါဝင်နိုင်ရေး နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် TV Spot၊ Radio Spot၊ Crawler တို့ဖြင့် ထုတ်လွှင့်လျက်ရှိသည်။

အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ Short Code **“1111”** ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ SMS ပေးပို့မေးမြန်းလိုသော မေးခွန်းများကို ပွင့်လင်းမှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် ဌာနများအလိုက် ပြုပြင်ရန်လိုအပ်နေသည့် အားနည်းချက်များကို ပြုပြင်နိုင်ခြင်း၊ အသေးစားအဂတိလိုက်စားမှုများကို လျှော့ချနိုင်ခြင်း၊ အစိုးရအဖွဲ့အစည်းနှင့် ပြည်သူလူထုအကြား ယုံကြည်မှုတည်ဆောက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိပြီး ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများကို ပေးနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် **“အဂတိပယ်ခွာပြည်သာယာဖို့ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို ပူးပေါင်းဆောင်ရွက်ကြပါစို့”** ဆောင်ပုဒ်နှင့်အညီ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) တွင် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

## အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကွန်ဗင်းရှင်းအကောင်အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ပထမစက်ဝန်း (၂၀၁၀ – ၂၀၁၅) အတွက် မြန်မာနိုင်ငံ၏ ကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှုအပေါ် ထိုင်းနိုင်ငံနှင့် ဘူရွန်ဒီနိုင်ငံတို့က သုံးသပ်ခဲ့ပြီး မြန်မာနိုင်ငံနှင့် တိုဂိုနိုင်ငံတို့က ကမ္ဘောဒီးယားနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်မှုအပေါ် သုံးသပ်ခဲ့သည်။ ပထမစက်ဝန်းအတွက် မြန်မာနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် သုံးသပ်မှုအစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပြင်ဆင်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။ ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ် ဒုတိယစက်ဝန်း (၂၀၁၆–၂၀၂၀) အတွက် မြန်မာနိုင်ငံ၏ ကွန်ဗင်းရှင်းအကောင်အထည်ဖော် ဆောင်ရွက်မှုအပေါ် အီရတ်နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့က သုံးသပ်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် အိုင်ဗရီကို့စ်နိုင်ငံနှင့်ပူးပေါင်း၍ နိုင်ဂျီးရီးယားနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်မှုအပေါ်လည်းကောင်း၊ ကူဝိတ်နိုင်ငံနှင့်ပူးပေါင်း၍ ယူအေအီးနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်မှုအပေါ်လည်းကောင်း သုံးသပ်ခဲ့သည်။ ဒုတိယစက်ဝန်းအတွက် မြန်မာနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် သုံးသပ်မှု အနှစ်ချုပ်အစီရင်ခံစာ ထွက်ပေါ်လာပြီဖြစ်ပြီး အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ သက်ဆိုင်ရာကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (South East Asia Parties Against Corruption–SEA–PAC) သို့ ၁၄-၁၁-၂၀၁၃ ရက်နေ့တွင် ဝင်ရောက်ခဲ့သည်။ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အချိန်မှစ၍ နှစ်စဉ်ကျင်းပသည့် အဖွဲ့၏အကြီးအမှူးအစည်းအဝေးနှင့် ရုံးအဖွဲ့အစည်းအဝေးများသို့ ပါဝင်တက်ရောက်လျက်ရှိပြီး ၂၀၁၆ ခုနှစ်တွင် ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် အကြီးအမှူးအစည်းအဝေးနှင့် (၁၃) ကြိမ်မြောက် ရုံးအဖွဲ့အစည်းအဝေးတို့ကို မြန်မာနိုင်ငံ နေပြည်တော်၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပပြုလုပ်သည့် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN–PAC) ၏ (၁၈) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးသို့ ကော်မရှင်ဥက္ကဋ္ဌဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတကာအဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ(IACA) ၏ နိုင်ငံတကာအဖွဲ့အစည်းထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ၃၁-၁၁-၂၀၁၉ ရက်နေ့တွင် (၇၉ ) နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုဝင်ရောက်ခဲ့သည်။ IACA ကကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများသို့ ပါဝင်တက်ရောက်လျက်ရှိပြီး ၇-၁၀-၂၀၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် IACA ၏ (၁၀) ကြိမ်မြောက် အဖွဲ့ဝင်ညီလာခံသို့ ကော်မရှင်ရုံးမှ အရာထမ်းများ တက်ရောက်ခဲ့သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ Government Inspectorate of Vietnam နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ ၁-၂-၂၀၁၇ ရက်နေ့တွင် ထိုင်းနိုင်ငံ National Anti–Corruption Commission(NACC) နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ ၁၅-၁-၂၀၁၈ ရက်နေ့တွင် လာအိုနိုင်ငံ State Inspection and Anti–Corruption Authority (SIAA) နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ ၃၀-၅-၂၀၁၈ ရက်နေ့တွင် ကိုရီးယားနိုင်ငံ Anti–Corruption and Civil Rights Commission (ACRC) နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ ၃၀-၁၀-၂၀၁၉ ရက်နေ့တွင် ဒိန်းမတ်နိုင်ငံနှင့် စစ်တမ်းကောက်ယူခြင်း၊ ဆန်းစစ်အကဲဖြတ်ခြင်း၊ အခြားစွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများတွင် နည်းပညာအကူအညီပေးရေးအတွက် Letter of Intent(LOI) လက်မှတ်ရေးထိုးခြင်းနှင့် ၇-၉-၂၀၂၀ ရက်နေ့တွင် အိန္ဒိယနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာအား Online မှတစ်ဆင့် လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

## ကော်မရှင်ရုံးနှင့် ရုံးခွဲများဖွင့်လှစ်ခြင်း

ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်နှင့်အညီ ၂၀၁၉ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ရန်ကုန်ရုံးခွဲနှင့် မန္တလေးရုံးခွဲကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် မော်လမြိုင်ရုံးခွဲနှင့် တောင်ကြီးရုံးခွဲကိုလည်းကောင်း ဖွင့်လှစ်နိုင်ခဲ့သည်။ ၎င်းအပြင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၊ တိုက်ဖျက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်ရုံး၏ဖွဲ့စည်းပုံကို ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) အရ ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့မှစ၍ ကော်မရှင်ရုံးအဖွဲ့၊ စီမံရေးရာဦးစီးဌာန၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့အဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ၎င်းအပြင် ကော်မရှင်ရုံး(ရုံးချုပ်)အပါအဝင် ရုံးခွဲလေးခုတို့၌ အရာထမ်း ၂၂၅ နေရာ၊ အမှုထမ်း ၆၁၃ နေရာ စုစုပေါင်းရာထူး ၈၃၈ နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့သော ၂၀၁၄ ခုနှစ် ကော်မရှင်၏ ပထမသက်တမ်းမှ ယခု တတိယအကြိမ်သက်တမ်းအထိ အဂတိလိုက်စားမှုများကို စုံစမ်းစစ်ဆေးအရေးယူခြင်းများ ပြုလုပ်နိုင်ရေး၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် အသိပညာပေးရေးအစီအစဉ်များကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်များ ချမှတ်ခြင်း၊ ကော်မရှင်တွင် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်ရေးဆွဲထုတ်ပြန်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပြင်ဆင်ခြင်းနှင့် နည်းဥပဒေများရေးဆွဲခြင်း၊ တိုင်ကြားစာများအား စနစ်တကျ စိစစ်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများတွင် ဖွဲ့စည်းထားသော အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာနှင့် ဒေသတွင်းရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ခေတ်အဆက်ဆက် အစိုးရများအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်သည့် အဂတိလိုက်စားမှုကို စဉ်ဆက်မပြတ်တိုက်ဖျက်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူသည့်တတိယအကြိမ်ကော်မရှင်သက်တမ်းကာလတွင် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တံစိုးလက်ဆောင်ပေးခြင်း၊ ရယူခြင်းဖြင့် ကျူးလွန်သည့် အဂတိလိုက်စားမှုများကိုသာမက တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်၍ နိုင်ငံတော်၏ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှု ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်းဖြင့် အများပြည်သူအကျိုးစီးပွား ထိခိုက်နစ်နာမှုများကိုလည်း စုံစမ်းစစ်ဆေးပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်လျက်ရှိသည်။ ကော်မရှင်အနေဖြင့် စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်မှုမှာ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ ၆၄ ဦး၊ အဆင့်မြင့်အရာရှိ ၃၅ ဦး၊ အရာထမ်း ၇၃ ဦး၊ အမှုထမ်း ၇၃ ဦး၊ ပြည်သူ့ဝန်ထမ်း ၁၉ ဦး၊ အခြားပုဂ္ဂိုလ် ၂၈ ဦး စုစုပေါင်း ၂၉၂ ဦးကို အရေးယူနိုင်ခဲ့ကြောင်း တွေ့ရသည်။

## ရှုမြင်သုံးသပ်ခြင်း

အဂတိလိုက်စားမှုပြဿနာသည် ကမ္ဘာတစ်ဝန်း ပျံ့နှံ့ရောက်ရှိနေပြီး နိုင်ငံများအားလုံး (ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ) တွင် အစိုးရပိုင်း၊ ပုဂ္ဂလိကပိုင်းနှင့် အမြတ်အစွန်းအတွက်မဟုတ်သည့် ကုသိုလ်ဖြစ်လူ့ဒါန်းရေးအဖွဲ့များတွင်ပါ အမြစ်တွယ်နိုင်ကြောင်း သတိပြုလာရပြီဖြစ်သည်။ အဂတိလိုက်စားမှုသည် နိုင်ငံရေးနယ်ပယ်တွင် ယခင်ကာလများထက် ပိုမိုပတ်သက်ပါဝင်လာနေပြီဖြစ်ကြောင်းနှင့် အဂတိလိုက်စား ကိုယ်ကျိုးရှာအကျင့်ပျက်မှုများသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့်အဟန့်အတားဖြစ်သဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များတွင် အဂတိလိုက်စားမှု ပပျောက်ရေးလုပ်ငန်းတစ်ရပ်ကို ဦးစားပေးအစီအစဉ်အဖြစ် ပါဝင်သင့်ကြောင်း ရှုမြင်သုံးသပ်လာကြသည်။

နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများတွင် တိုးတက်မှုရရှိစေရန် အဂတိလိုက်စားမှု ကင်းစင်ရေးသည် အထူးအရေးကြီးသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ပေါ်လစီမူဘောင် ဖွံ့ဖြိုးတိုးတက်ရေး၊ ဥပဒေမူဘောင်ခိုင်မာရေးနှင့် ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးတို့ကို အလေးထား၍ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းရေး၊ အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူမှုမြင့်မားရေးတို့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။ ။

**ရည်ညွှန်းကိုးကားသည့် စာအုပ်စာစောင်များ**

- **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ**
- **ကော်မရှင်၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများ**
- **ကော်မရှင်၏ (၂၀၂၂-၂၀၂၅) မဟာဗျူဟာစီမံချက်**

# ရေကြည်မြို့နယ် ဆီဆုံကုန်း - ကြို့ကုန်း ကွန်ကရစ်တံတားသစ် တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်



ရေကြည် မတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်ရှိ ဆီဆုံကုန်း -ကြို့ကုန်း ကွန်ကရစ်တံတားသစ်ဖွင့်ပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ကျင်းပရာ ဧရာဝတီ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး တင်ဇော်ထွန်းနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းတို့က တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တံတားနှင့် ချဉ်းကပ်လမ်းကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါတံတားသည် အရှည်ပေ ဖ၀၊ အကျယ် ၁၄ ပေရှိပြီး ဆီဆုံကုန်း-ကြို့ကုန်း-လှေဆွဲရိုး - မဲဇလီကုန်း လမ်းပေါ်တွင် တည်ရှိကာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေ ၂၀၅ ဒသမ ၅၀ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တံတားတည်ဆောက်ခြင်းကြောင့် ဆီဆုံကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာသုံးရွာနှင့် ကြို့ကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာသုံးရွာတို့မှ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ချောင်းမငယ်ရေလှောင်တမံဧရိယာတွင် သဘာဝဂေဟစနစ်အမှီပြု လယ်ယာကဏ္ဍ တိုးတက်ရေးစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်



နေပြည်တော် မတ် ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ချောင်းမငယ်ရေလှောင်တမံဧရိယာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော သဘာဝဂေဟစနစ်အမှီပြု လယ်ယာကဏ္ဍတိုးတက်ရေး စီမံကိန်း Agroecological Project တွင် ပါဝင်သည့် သီးနှံသစ်တောရောနှောစိုက်ခင်းများ ထူထောင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးစဉ် ဒုတိယဝန်ကြီးက သီးနှံသစ်တောရောနှောစိုက်ခင်း ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနနှင့် ပူးပေါင်းပြီး ဒေသ၏ထူးခြားသော ဝိသေသလက္ခဏာများ ပါဝင်သည့်လယ်ယာစီးပွားအခြေခံသော စီးပွားရေးဇုန်အဖြစ် ပေါ်ထွန်းလာရေး ဆောင်ရွက်ရန်၊ ဒေသနေပြည်သူများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင် နှင့် လိုက်လျောညီထွေမှုရှိသည့် စိုက်ပျိုးမွေးမြူရေးစနစ်ဖြစ်စေရေးအတွက် အသိပညာနည်းပညာပြန့်ပွားရေးနှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကျောက်တစ်လုံး ကျောင်းစုရွာသစ် မွေးမြူရေးတောင်သူ ဦးလှကြိုင်၏ တိုင်းရင်းကြက်မွေးမြူရေးခြံကိုလည်းကောင်း၊ ကနစိုးကျေးရွာ မွေးမြူရေးတောင်သူ ဦးသိန်းလွင်၏ ဘဲမွေးမြူရေးခြံကို လည်းကောင်း ကြည့်ရှုအားပေးကြပြီး မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိသော အသေးစား အငယ်စားနှင့် အလတ်စားမွေးမြူရေးလုပ်ငန်းများ တိုးပွားလာရေးအတွက် သက်ဆိုင်ရာကဏ္ဍများက ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

အလားတူ မဒေါ့ပင်ကျေးရွာ CP အသားတိုးဝက်မွေးမြူရေးခြံ သို့လည်းကောင်း၊ ရှားချောင်းကျေးရွာ Ko & Nyi Co.,Ltd ၏ ဒေသကျွဲမွေးမြူထားရှိမှုကို လည်းကောင်း ကြည့်ရှုအားပေးပြီး လုပ်ငန်းရှင်များနှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# ရွှေပြည်သာမြို့နယ်၌ ကော်မတီဝင်များ ပြန်လည်ရွေးချယ်ခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သာခုကန်စက်မှုဇုန်၌ စက်မှုဇုန်ကော်မတီဝင်များ ပြန်လည်ရွေးချယ်ခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါ သာခုကန် စက်မှုဇုန် စီမံခန့်ခွဲရေးရုံး၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က ကော်မတီဝင်များ ပြန်လည်ရွေးချယ်ရခြင်း အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပြောကြားသည်။

ဆက်လက်၍ သာခုကန်စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး ရုံးအဖွဲ့မှူးက စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေအရ စီမံခန့်ခွဲရေးကော်မတီများ ပြန်လည်ရွေးချယ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုများ ရှင်းလင်းဆွေးနွေးခြင်းနှင့် ကော်မတီဝင်အဖြစ် ဆောင်ရွက်လိုသူများစာရင်း ဖတ်ကြားရှင်းလင်းခြင်း၊ ကော်မတီဝင်အဖြစ် အဆိုပြုသူ ၁၅ ဦးအပေါ် ကန့်ကွက်မည့်သူများ ရှိ/မရှိ ဆန္ဒသဘောထားတောင်းခံခြင်း ကော်မတီဝင်အဖြစ် အဆိုပြုသူ ၁၅ ဦးအနက် သာခုကန်စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီရုံးမှ တာဝန်ရှိသူများက ရွေးချယ်ခဲ့ပြီး ရွေးချယ်ခံရသည့် ကော်မတီဝင်များနှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက လိုအပ်သည်များကို တင်ပြဆွေးနွေးခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ စက်မှုဇုန်အတွင်းရှိ စက်ရုံ အလုပ်ရုံပေါင်း ၈၂ ရုံရှိ တာဝန်ရှိသူများနှင့် ရွေးချယ်ခံရသည့်ကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

# မိုင်းလားမြို့နယ်ရှိ ကျေးရွာများ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများ စစ်ဆေး



မိုင်းလား မတ် ၁၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ကန်ကျေးရွာ၊ ကော်နဝါးကျေးရွာနှင့် ပန်ယောင်းကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးသက်ညီညီ၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇာဇာရဲမောင်နှင့် ဝန်ထမ်းများသည် ဝမ်ကန်ကျေးရွာ၊ ကော်နဝါးကျေးရွာနှင့် ပန်ယောင်းကျေးရွာတို့ရှိ မြစိမ်းရောင်အသင်းသူ အသင်းသားများမှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခေတ္တခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ကျေးရွာမြစိမ်းရောင် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ/မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အဆိုပါကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါအသင်းသူ အသင်းသား ၂၈ ဦးအား ရန်ပုံငွေကျပ် ၂၇၇ သိန်း ကို အဌမအကြိမ်အထိ ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၂၂

# ရွာငံမြို့နယ် ကော်ဖီစိုက်တောင်သူသမဝါယမအသင်းသားများ ကော်ဖီဈေးကောင်းရရှိ

နေပြည်တော် မတ် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်ရှိ မြို့နယ်သမဝါယမအသင်းစု ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလေးသင်းနှင့် ရွှေသိင်္ဂီ ကော်ဖီအစုအဖွဲ့တို့က ဒေသခံတောင်သူများနှင့် သမဝါယမအသင်းသားများစိုက်ပျိုးသော ကော်ဖီသီးနှံများကို ဝယ်ယူကြိတ်ခွဲဖြန့်ဖြူးရောင်းချလျက်ရှိသည်။ အဆိုပါ အသင်းများမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကော်ဖီသီးနှံ ၄၇၁ ဒသမ ၂၈၄ တန် ဝယ်ယူရောင်းချဖြန့်ဖြူးနိုင်ခဲ့ပြီး ကော်ဖီသီးနှံ စတင်ပေါ်ချိန်တွင် ကော်ဖီစိုက်တောင်သူသမဝါယမအသင်းသားများအနေဖြင့် ကော်ဖီသီးလုံးအစိုတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ မှ ငွေကျပ် ၃၈၀၀ အထိ ဈေးနှုန်းရရှိခဲ့သည့်အတွက် အဆင်ပြေလျက်ရှိသည်။

ထို့ပြင် ကော်ဖီစိုက်သမဝါယမအသင်းများအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြို့နယ်သမဝါယမအသင်းစုနှင့် ကောင်းထက်ဟိန်း ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းတို့မှ အသင်းသားများအား ကုန်ရောင်းပေါ် ပြန်အမ်းငွေကျပ် ၃၁၅ ဒသမ ၆၆ သိန်း၊ မြို့နယ်သမဝါယမအသင်းစု ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း လေးသင်းနှင့် ရွှေသိင်္ဂီကော်ဖီအစုအဖွဲ့တို့မှ ကော်ဖီစိုက်တောင်သူများသို့ အစုပေါ် အမြတ်ငွေကျပ် ၂၅၇ ဒသမ ၆၆ သိန်း ထုတ်ပေးခဲ့ကြောင်း သိရသည်။သတင်းစဉ်

# ကယားပြည်နယ်ဝန်ကြီးချုပ် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲသို့ တက်ရောက်အားပေး



**လွိုင်ကော်  မတ် ၁၂**

နွေရာသီအခြေခံ အားကစားသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်အားကစားကွင်း ကရာတေးဒိုအားကစားရုံ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပညာရည်ပြည့်ဝပြီး ကျန်းမာကြံ့ခိုင်သည့် လူငယ်များကို ပြုစုပျိုးထောင် လေ့ကျင့်ပေးသည့် အခန်းကဏ္ဍသည် အထူးအရေးပါကြောင်း၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူပြုပြီး နိုင်ငံတော်နှင့် ပြည်နယ်ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်မှန်းချက်ထား ကြိုးစားကြစေလိုကြောင်း၊ ပြည်နယ်၏ အားကစားအဆင့်အတန်း မြင့်မားလာစေရေးနှင့် အားကစားထူးချွန်သူလူငယ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာဌာနအသီးသီးမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းနည်းပြ ဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများအားလည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီးက သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးနှုတ်ဆက်ခဲ့သည်။

**သင်ကြားပေးခဲ့**

ထို့နောက် သင်တန်းသား သင်တန်းသူများက အားကစားနည်းများအလိုက် သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။ နွေရာသီအခြေခံ အားကစားသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၄၈၂ ဦးတို့အား ဘောလုံး၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ ဂျူဒို၊ စစ်တုရင်၊ တင်းနစ်၊ အေရိုးဗစ် စသည့်အားကစားနည်း ၁၀ မျိုးကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လှိုင်မြို့နယ်အဝင် ပါရမီလမ်းဆုံလေးလမ်းသွားကို ခြောက်လမ်းသွားသို့ အဆင့်မြှင့်တင်တိုးချဲ့ပြီးစီး

**ရန်ကုန်  မတ် ၁၂**

ရန်ကုန်မြို့ ပြည်လမ်း လှိုင်နယ်မြေအဝင် ပါရမီလေးလမ်းသွား အရှည်ပေ ၇၀၀ ကျော်ကို ခြောက်လမ်းသွားအဖြစ် အဆင့်မြှင့်တင်ပြီး ပြန်လည်တည်ဆောက်ခဲ့ရာ ယခုအခါ တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးပြီဖြစ်သည်။

**အဓိကအရေးပါသောလမ်းဆုံတစ်ခု**

အဆိုပါ ရန်ကုန်မြို့ ပြည်လမ်း ပါရမီလမ်းဆုံသည် ရန်ကုန်အရှေ့၊ အနောက်၊ တောင်နှင့် မြောက်သွားရာ အဓိကအရေးပါသော လမ်းဆုံတစ်ခုဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းညွှန်ကြီးကြပ်မှုဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာဌာနတို့ ပူးပေါင်းပြီး အချိန်နှင့်တစ်ပြေးညီ တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တည်ဆောက်ရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်မြို့ ပြည်လမ်းသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသဖြင့် အရေးပါရုံသာမက အပြည်ပြည်ဆိုင်ရာလေဆိပ် အဝင်လမ်းဖြစ်သည့်အတွက် လှိုင်နယ်မြေအဝင် ပါရမီလေးလမ်းသွားကို ခြောက်လမ်းသွားအဖြစ် ယခုလို အဆင့်မြှင့်တင်တိုးချဲ့ခြင်းဖြင့် ရန်ကုန်အရှေ့နှင့် အနောက်ပြည်လမ်းကို ဖြတ်ဖောက်ထားသော ပါရမီလမ်း ယာဉ်သွားလာ ကျပ်တောက်မှုကိုလည်း အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်သည်။ ထို့အပြင် ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေအဝင် မြေပိုများကိုလည်း ယာဉ်အန္တရာယ်ကင်းစင်ရန် လူသွားစင်္ကြံနှင့် စက်ဘီးလမ်းတို့ကို စနစ်တကျတည်ဆောက်ထားသဖြင့် အင်းလျားလေးစခန်း ပတ်ဝန်းကျင်တွင် အများပြည်သူများ ကိုယ်ကာယကျန်းမာရေး လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ လမ်းလျှောက်ခြင်း၊ အေရိုးဗစ်ကစားခြင်းတို့ကိုလည်း ပြုလုပ်နိုင်မည်ဖြစ်သည်။ ထို့အပြင် ကန်ရေပြင်ညစ်ညမ်းမှု မဖြစ်စေရန် ဇေဒါ၊ ဒိုက်အမှိုက်များ ဆယ်ယူခြင်း ကန်ရေအနံ့ဆိုး မဖြစ်စေရန် ရေပန်းများတပ်ဆင်ထားသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ ပြုလုပ်ပေးထားခြင်းဖြင့် ယနေ့ ပြည်လမ်းနှင့် ပါရမီလေးလမ်းဆုံသည် ယာဉ်အန္တရာယ်ကင်းရှင်းသည့်အပြင် ယာဉ်သွားလာမှုကို ယခင်ထက် ပိုမိုလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **စောသိန်းဝင်း**



# မိုင်းတုံမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲနည်းနှင့် AVIP သင်တန်းဖွင့်လှစ်

**မိုင်းတုံ  မတ် ၁၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဝင် ကျေးရွာခုနစ်ရွာမှ ကော်မတီဝင်များအား ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းရေးဆွဲခြင်းနှင့် AVIP သင်တန်းဖွင့်ပွဲကို မတ် ၉ ရက် နံနက်ပိုင်းက အဆိုပါ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က အဖွင့်အမှာစကားပြောကြားပြီး မိုင်းတုံမြို့နယ် ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရေးဆွဲနည်းနှင့် AVIP သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကျေးရွာသယံဇာတပြမြေပုံ ရေးဆွဲနည်း၊ ရာသီခွင်ပြပြက္ခဒိန် ရေးဆွဲနည်း၊ အိမ်ထောင်စု စာရင်းကောက်ယူခြင်း၊ (၄၈)ဇယားဖြည့်သွင်းနည်း၊ နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေးအစီအစဉ်နှင့် ပတ်သက်သည့် သင်ခန်းစာများ အစရှိသည်တို့ကို သင်ကြားသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်း ထပ်တိုးအကောင်အထည်ဖော် ဆောင်ရွက်မည့် လွယ်ခမ်းလုံကျေးရွာ၊ ပန်ဖြတ်(အောက်)ကျေးရွာ၊ ရွှေတောင်ကျေးရွာ၊ နားကောင်းမှူး(ထီဆူ)ကျေးရွာ၊ ဖာချယ်ကျေးရွာ၊ ဂျီဘော်ဝိုင်ကျေးရွာနှင့် ဝမ့်နားကျေးရွာ စုစုပေါင်းကျေးရွာခုနစ်ရွာမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၂၁ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို မတ် ၉ ရက်မှ ၁၃ ရက်အထိ ငါးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

၂၂၂



# စဉ့်ကူးမြို့ မြို့မရဲစခန်း၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသ

**စဉ့်ကူး  မတ် ၁၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းကို စဉ့်ကူးမြို့ မြို့မရဲစခန်းတွင် ယနေ့ နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။

စဉ့်ကူးမြို့နယ်တွင် မီးဘေး အန္တရာယ်ဖြစ်ပွားမှု လျော့နည်းစေရေးအတွက် စဉ့်ကူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်နီချစ်၏ ဦးဆောင်မှုဖြင့် စဉ့်ကူးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချမ်းပြည့်ကျော်နှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စဉ့်ကူးမြို့ မြို့မရဲစခန်းတွင် မီးဘေးအန္တရာယ် ဖြစ်ပွားပါက ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မီးဘေးအန္တရာယ် ဖြစ်ပွားပြီးပါက ဆောင်ရွက်ရမည့် နည်းလမ်းများနှင့်မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာများအား အသိပညာပေးပြောကြားခြင်းများ ဆောင်ရွက်သည်။ ထို့ပြင် မီးဘေးအန္တရာယ် ဖြစ်ပွားလာပါက ကြိုတင်မီးငြိမ်းသတ်နိုင်စေရန် မီးသတ်ဆေးဘူးများဖြင့် လက်တွေ့ မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခဲ့ကာ မြို့မရဲစခန်းမှ အရာရှိ၊ အခြားအဆင့်၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား လက်တွေ့လုပ်ဆောင်စေခြင်းများ ဆောင်ရွက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ ထုတ်ပြန်

**(ယမန်နေ့မှအဆက်)**

၉၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၉၀ အရ အကြောင်းကြားလာသည့်အခါ ပြည်ပနိုင်ငံတစ်ခုခုရှိ အကြမ်းဖက်သမား နိုင်ငံသားတရားခံအား နိုင်ငံတော်သို့လွှဲပြောင်းပေးရေးအတွက် ပြည်ပနိုင်ငံသို့ သံတမန်လမ်းကြောင်းအရ ဆက်သွယ်၍ အကူအညီ တောင်းခံနိုင်ရန် **"အကြမ်းဖက်တရားခံအား လွှဲပြောင်းပေးရန်၊ တရားခံအား ရှာဖွေဖမ်းဆီး လွှဲပြောင်းပေးရန် တောင်းဆိုခြင်း"** ပုံစံ(ဃ)ကို **"တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသူ အကြမ်းဖက်သမား၏ အကြောင်းအရာအတ္ထုပ္ပတ္တိများ"** ပုံစံ(င) ပူးတွဲ၍ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

၉၂။ (က) တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသူ အကြမ်းဖက်သမားအား နိုင်ငံတော်သို့ လွှဲပြောင်းပေးမည်ဟု ပြည်ပနိုင်ငံ၏ အကြောင်းပြန်ကြားချက်ရရှိသည့်အခါ နိုင်ငံခြားရေး ဝန်ကြီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့သို့လွှဲပြောင်းလက်ခံရန် အကြောင်း ကြားရမည်။

(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့၏တာဝန်ပေးအပ်ချက်အရ လွှဲပြောင်းပေးသော ပြည်ပနိုင်ငံနှင့် ဆက်သွယ်၍ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်း ခံရသူ အကြမ်းဖက်သမားအား လုံလောက်သောအစောင့်အရှောက်ဖြင့် လွှဲပြောင်းလက်ခံရမည်။

၉၃။ (က) ပြည်ထဲရေးဝန်ကြီးဌာနသည် တောင်းဆိုခြင်းခံရသူအကြမ်းဖက်သမားအား လက်ခံရရှိပါက တောင်းဆိုသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်း ကော်မတီသို့ လုံလောက်သောအစောင့်အရှောက်ဖြင့် လွှဲပြောင်းပေးရမည်။

(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသည် တောင်းဆိုခြင်းခံရသူ အကြမ်းဖက်သမားအား တောင်းဆိုသည့်အတိုင်း လိုအပ်သလို ဆက်လက် အရေးယူဆောင်ရွက်ရန် တရားခံလွှဲပြောင်းပေးရန် တောင်းဆိုသော သက်ဆိုင်ရာ လုပ်ငန်း ကော်မတီနှင့်လုပ်ငန်းအဖွဲ့သို့ လွှဲအပ်ရမည်။

၉၄။ နိုင်ငံတော်ရှိ အကြမ်းဖက်သမားတရားခံအား ပြည်ပနိုင်ငံတစ်ခုခု၏ အာဏာပိုင်အဖွဲ့အစည်း တစ်ခုခုက လွှဲပြောင်းပေးရန် သံတမန်လမ်းကြောင်းအရ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်း ဆိုလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ တရားခံလွှဲပြောင်းရေးဥပဒေ အခန်း(၄)နှင့်(၅)တို့ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ဆောင်ရွက်ရမည်။

၉၅။ နိုင်ငံတော်ရှိအကြမ်းဖက်သမားတရားခံအား ပြည်ပနိုင်ငံတစ်ခုခု၏ အာဏာပိုင်အဖွဲ့အစည်း တစ်ခုခုက လွှဲပြောင်းပေးရန်တောင်းဆိုချက်ကို တရားခံလွှဲပြောင်းရေးဥပဒေပုဒ်မ ၁၂ အရဖြစ်စေ၊ ပုဒ်မ ၂၄ အရ ဖြစ်စေ ငြင်းပယ်သည့်အခါ ထိုအကြမ်းဖက်သမားတရားခံကို ၎င်းကျူးလွန်သည့် အကြမ်းဖက်မှု တစ်ခုခုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် တရားစွဲဆိုရေးအတွက် ဗဟိုအဖွဲ့သည် ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရမည်။

### အခန်း (၁၆)
### သက်သေအား အကာအကွယ်ပေးခြင်း

၉၆။ ဗဟိုအဖွဲ့သည် အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု၏ ကြံစည်အားထုတ်မှုကို ကြိုတင် သတင်းပေးသူ၏ လုံခြုံရေးကိုဖြစ်စေ၊ အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု အတွက် စုံစမ်းစစ်ဆေးမှု၊ စုံစမ်းထောက်လှမ်းမှုနှင့် တရားစွဲဆိုမှုများတွင် သတင်းပေးသူနှင့် သက်သေများ၏ လုံခြုံ ရေးကိုဖြစ်စေ ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များ ချမှတ်ပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့ကို တာဝန်ပေးအပ်ရမည်။

၉၇။ သက်သေသည် အောက်ပါအခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိစေရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီ နှင့် လုပ်ငန်းအဖွဲ့များသို့ တောင်းဆိုပိုင်ခွင့်ရှိသည် -

(က) မိမိနှင့် မိမိ၏မိသားစုဝင်များ၊ မိမိတို့ပိုင်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံခွင့်နှင့် အထောက်အကူရခွင့်၊

(ခ) လုံခြုံရေးအတွက် အကာအကွယ်ရပိုင်ခွင့်၊

(ဂ) အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ လွတ်လပ်စွာသတင်းပေးခွင့်၊

(ဃ) လိုအပ်ပါက ဘာသာပြန်ဆိုသူ ရရှိခွင့်၊

(င) အမှုစုံစမ်းစစ်ဆေးခြင်းနှင့် တရားရုံးက အမှုစစ်ဆေးစီရင်ခြင်းတို့နှင့်စပ်လျဉ်းသည့် လုပ်ထုံး လုပ်နည်းများ သိရှိနားလည်ခွင့်၊

(စ) နေရပ်လိပ်စာအသစ်တွင် သွားရောက်နေထိုင်ခွင့်၊ ခရီးစရိတ်ကင်းလွတ်ခွင့်၊ ထိုသို့ နေထိုင်ရာ တွင် ဘဝရပ်တည်ရေးအတွက် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ခွင့်နှင့် ထိုက်သင့်သည့် အထောက်အပံ့ရခွင့်၊

(ဆ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေနှင့်အညီ ဥပဒေအကြံဉာဏ်နှင့် အထောက်အကူ ရရှိခွင့်၊

(ဇ) တရားခွင်တွင် တရားခံများနှင့် မျက်နှာချင်းမဆိုင်ဘဲ ဗီဒီယိုဆက်သွယ်ရေးစနစ် (Video Conferencing) ဖြင့် အစစ်ခံခြင်း ပြုလုပ်ပေးရန် တောင်းဆိုခွင့်။

### အခန်း (၁၇)
### နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၉၈။ ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုများတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား အရေးယူရေးတို့နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် လည်းကောင်း၊ စာချုပ်ဝင်နိုင်ငံများနှင့်လည်းကောင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ထိုသို့ ဆောင်ရွက်ရန် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့အား လမ်းညွှန်ခြင်းပြုရမည်။

၉၉။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့သည် အကြမ်းဖက်မှုများတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား အရေးယူရေးတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် လည်းကောင်း၊ စာချုပ်ဝင်နိုင်ငံများနှင့်လည်းကောင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရမည်-

(က) အကြမ်းဖက်မှုဆိုင်ရာ သတင်းဖလှယ်ခြင်း၊

(ခ) အကြမ်းဖက်သမားများက မိမိနယ်မြေအား အသုံးပြု၍ အခြားနိုင်ငံနှင့် နိုင်ငံသားများအပေါ် အကြမ်းဖက်ကျူးလွန်ခြင်းမပြုနိုင်အောင် တားဆီးကာကွယ်ခြင်း၊

(ဂ) အကြမ်းဖက်မှုဆိုင်ရာ စီစဉ်ညွှန်ကြားခြင်း၊ ပြင်ဆင်ခြင်း၊ စီမံခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်း တို့ကို တားဆီးကာကွယ်ခြင်း၊

(ဃ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများ နိုင်ငံဖြတ်ကျော်၍ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ လှုပ်ရှားသွားလာမှုကို ထိန်းချုပ်တားဆီးနိုင်ရန်အတွက် နယ်စပ်ဒေသထိန်းချုပ်မှုပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊

(င) အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ လေ့ကျင့်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းရည်မြှင့်တင်ရေးဆောင်ရွက်ခြင်း၊

(စ) အကြမ်းဖက်မှုတိုက်ဖျက်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဆ) ဒေသအတွင်း ဗဟိုသတင်းအချက်အလက်ဌာနထူထောင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) အကြမ်းဖက်မှု တားဆီးကာကွယ်ရေးတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဖြစ်စေရန် စွမ်းရည် မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်ခြင်း။

၁၀၀။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့သည် အကြမ်းဖက်မှုများတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား အရေးယူရေးတို့အတွက် စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေအရ ဖွဲ့စည်းသည့် ဗဟိုအာဏာပိုင်အဖွဲ့က စာချုပ်ဝင်ပြည်ပနိုင်ငံတစ်ခုခုသို့ အကူအညီတောင်းခံရေး သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခု၏အကူအညီရယူရေးတို့အတွက် ဗဟိုအဖွဲ့သို့ တင်ပြ၍ ဆောင်ရွက်နိုင်သည်။

၁၀၁။ ဗဟိုအဖွဲ့သည် ဥပဒေ၏ အခန်း(၃)၊ ပုဒ်မ ၆ ၊ ပုဒ်မခွဲ (ဆ) နှင့်(ဇ)ပါ လုပ်ငန်းတာဝန်များအား ဆောင်ရွက်နိုင်ရန်အလို့ငှာ အကြမ်းဖက်မှုများတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု များအား စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံများအချင်းချင်းဆိုင်ရာ စာချုပ်များချုပ်ဆိုခြင်း၊ အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ခြွင်းချက် ထားခြင်းနှင့် စာချုပ်မှနုတ်ထွက်ခြင်း၊ နိုင်ငံဖြတ်ကျော်ဖြစ်ပွားသော အကြမ်းဖက်မှုများအား ပူးပေါင်း တိုက်ဖျက်ရေးအတွက် နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူစာချုပ်များအား ချုပ်ဆိုခြင်း၊ အတည်ပြုဆောင်ရွက် ခြင်းနှင့် ပယ်ဖျက်ခြင်းများဆောင်ရွက်ရန် နိုင်ငံတော်သမ္မတထံသို့ ဆောင်ရွက်ခွင့်ပြုရေးတင်ပြရမည်။

၁၀၂။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့တို့သည် အကြမ်းဖက်မှုများတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ -

(က) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ စာချုပ်ဝင်နိုင်ငံများနှင့်လည်းကောင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်ရာတွင် သတင်းအချက် အလက်များပေးပို့ခြင်း၊ ဖလှယ်ခြင်းတို့ပြုလုပ်ရာ၌ သံတမန်နည်းလမ်းအပါအဝင် ဆောလျင် စွာဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်မှန်ကန်သည့် နည်းလမ်းများကို အသုံးပြုနိုင်သည်။

(ခ) အကြမ်းဖက်သမားများအား မိမိနိုင်ငံတော်ကိုအသုံးချ၍ အကြမ်းဖက်မှုကျူးလွန်ခြင်းမှ တားဆီးကာကွယ်ရေးအတွက် သတင်းအချက်အလက်များ ပေးပို့ခြင်း၊ ဖလှယ်ခြင်းတို့ ပြုလုပ် ရာတွင် သက်ဆိုင်ရာပြည်တွင်းပြည်ပအဖွဲ့အစည်းများသို့ ချက်ချင်း အကြောင်းကြားပေးပို့ခြင်း၊ ရယူခြင်းပြုနိုင်ရန် လုပ်ထုံးလုပ်နည်းစံသတ်မှတ်ချက်များ (Standard Operating Procedures–SOP) ကြိုတင်ရေးဆွဲထားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးပို့ ထားရမည်။

(ဂ) ချက်ချင်းဆောင်ရွက်ရမည့် အခြေအနေပေါ်ပေါက်ပါက ဆုံးဖြတ်ချက်ပေးနိုင်သော တာဝန်ရှိ ပုဂ္ဂိုလ်က ချက်ချင်းအရေးယူဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့ အစည်းအလိုက် အမည်စာရင်း၊ ရာထူး၊ ဌာန၊ ဆက်သွယ်ရန် လိပ်စာ၊ ဖုန်းအမှတ်၊ ဖက်စ် အမှတ်နှင့် အီးမေးလ်လိပ်စာတို့ကို ရယူစာရင်းပြုစုရေးအတွက် စီစဉ်ဆောင်ရွက်ထားရမည်။

(ဃ) ပူးပေါင်းဆောင်ရွက်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်း များနှင့် စာချုပ်ဝင်နိုင်ငံများ၏ ကောင်းမွန်သော လုပ်နည်းလုပ်ဟန်နှင့် အတွေ့အကြုံများကို ရယူလျက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမြဲသုံးသပ်၍ ချမှတ်ဆောင်ရွက် ရမည်။

(င) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စာချုပ်ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံတွင်ရောက်ရှိနေသော မြန်မာနိုင်ငံသားများ၏ အကျိုး စီးပွားကာကွယ်ရေးနှင့် လုံခြုံရေးကိုလည်းကောင်း၊ နိုင်ငံတော်တွင် ရောက်ရှိတာဝန်ထမ်းဆောင် နေသော သံတမန်များ၊ သံတမန်အမှုထမ်းအဖွဲ့ဝင်များ၊ ကုလသမဂ္ဂဝန်ထမ်းများနှင့် အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ၏ သံတမန်ကင်းလွတ် ခွင့်နှင့် အခွင့်အရေးများ ရရှိရေးအတွက်လည်းကောင်း နိုင်ငံတကာကောင်းမွန်သော အတွေ့ အကြုံများကိုရယူ၍ ဆောင်ရွက်ရမည်။

(စ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ စာချုပ်ဝင်နိုင်ငံများနှင့် ပူးပေါင်း၍ အကြမ်းဖက်မှုများတိုက်ဖျက်ရေးဆိုင်ရာ သတင်းအချက်အလက် ဖလှယ်ရေး ဗဟိုဌာနဖွင့်လှစ်၍ အကြမ်းဖက်မှုဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ဆက်သွယ် ပေးပို့ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ဆ) အကြမ်းဖက်သမားများ အသုံးပြုသည့် ခေတ်မီလက်နက်ပစ္စည်းကိရိယာများနှင့် နည်းပညာ များကို စုံစမ်းဖော်ထုတ်ရေးအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

**စာမျက်နှာ ၁၁ သို့** ☆

☆ စာမျက်နှာ ၁၀ မှ

(ဈ) အကြမ်းဖက်သမားများအား ထိရောက်စွာ တားဆီးနှိမ်နင်းရေးအတွက် စွမ်းရည်နှင့် နည်းပညာများ ခေတ်မီစေရန်နှင့် လေ့ကျင့်သင်တန်းများပေးရန် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၁၀၃။ အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီတို့သည်–

(က) ဗဟိုအဖွဲ့၏လမ်းညွှန်ချက်နှင့်အညီ ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အကြမ်းဖက်မှု တားဆီးနှိမ်နင်းရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများမှ အကြမ်းဖက်အုပ်စုများ၊ အကြမ်းဖက်သမားများနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များနှင့် ကြေညာချက်များအပေါ် ထပ်ဆင့်အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြေညာခြင်းနှင့် ဖြန့်ဝေခြင်းတို့ ပြုရမည့်အပြင် ဝက်ဘ်ဆိုက် (Website) ဖြင့်လည်း ထုတ်ပြန်နိုင်သည်။

(ခ) အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်သည့် ဇီဝ၊ ဓာတုနှင့်နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများပါဝင်သည့် အဖျက်စွမ်းအားကြီးမားသောလက်နက်များ (Weapons of Mass Destruction –WMD) ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ တားဆီးအရေးယူခြင်း၊ ဟန့်တားဖြတ်တောက်ခြင်းတို့ ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များ၊ ကြေညာချက်များနှင့်အညီ ထပ်ဆင့်အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းကိုလည်းကောင်း၊ ယင်းလက်နက်များ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ငွေကြေးနှင့် ပစ္စည်းတို့ကို ကြန့်ကြာမှုမရှိစေဘဲ ထိန်းချုပ်ခြင်းနှင့် သိမ်းဆည်းခြင်းတို့ကိုလည်းကောင်း ပြုရမည်။ ထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ တားဆီးအရေးယူခြင်း၊ ဟန့်တားဖြတ်တောက်ခြင်းတို့ ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များ၊ ကြေညာချက်များနှင့်အညီ ထပ်ဆင့်အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းကိုလည်းကောင်း၊ ယင်းလက်နက်များ ထုတ်လုပ်ရာတွင် အသုံးပြုသည့် ငွေကြေးနှင့် ပစ္စည်းတို့ကို ကြန့်ကြာမှုမရှိစေဘဲ ထိန်းချုပ်ခြင်းနှင့် သိမ်းဆည်းခြင်းတို့ကိုလည်းကောင်း ပြုရမည်။

၁၀၄။ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ သို့မဟုတ် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့သည် အကြမ်းဖက်မှုများတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် –

(က) ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို သံတမန်လမ်းကြောင်းမှလည်းကောင်း၊ တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးလ် စသည့် အီလက်ထရောနစ် ဆက်သွယ်ရေးပစ္စည်းကိရိယာဖြင့်လည်းကောင်း ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ခ) အကြမ်းဖက်သမားများက မိမိနယ်မြေအား အသုံးပြု၍ အခြားနိုင်ငံနှင့် နိုင်ငံသားများအပေါ် အကြမ်းဖက်ကျူးလွန်ခြင်းမရှိစေရန် တားမြစ်ခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် ထိုသို့ကျူးလွန်ခြင်းများကို ချေမှုန်းတိုက်ဖျက်ခြင်း၊

(ဂ) အကြမ်းဖက်သမားများက ပြည်ပနိုင်ငံတစ်ခုခုကို ခြေကုပ်ယူ၍ နိုင်ငံတော်အတွင်း အကြမ်းဖက်မှုကျူးလွန်မှုများအား ဖော်ထုတ်အရေးယူရေးအတွက် အမာခံသတင်းပေးများ လေ့ကျင့်မွေးမြူ၍ သတင်းလက်ဦးမှုရယူပြီး တားဆီးကာကွယ်ခြင်းနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းအား အမြဲစုံစမ်းထောက်လှမ်းပြီး တားဆီးကာကွယ်ခြင်း၊

(ဃ) အိမ်နီးချင်းနိုင်ငံများမှ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများ နိုင်ငံဖြတ်ကျော်၍ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော်၍ဖြစ်စေ လှုပ်ရှားသွားလာမှုကို ထိန်းချုပ်တားဆီးခြင်းနှင့် ထိုသို့လှုပ်ရှားသွားလာမှုမရှိစေရန် အိမ်နီးချင်းနိုင်ငံများမှ အာဏာပိုင်အဖွဲ့နှင့်ဆက်သွယ်၍ နယ်စပ်ဒေသထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊

(င) အကြမ်းဖက်မှုများ တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စုံစမ်းစစ်ဆေးရေး၊ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ မိမိတို့၏လှုပ်ရှားဆောင်ရွက်မှုများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့နှင့် ဗဟိုအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း။

## အခန်း (၁၈)

## အကြမ်းဖက်သမားများအား အရေးယူရာတွင် တရားမျှတစွာ ပြုမူဆက်ဆံခြင်း

၁၀၅။ သက်ဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များနှင့် တားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များသည်–

(က) နိုင်ငံတော်အတွင်း အကြမ်းဖက်မှုကျူးလွန်သည့် နိုင်ငံခြားသားအကြမ်းဖက်သမားအား အကြမ်းဖက်မှုဖြင့် မည်သည့်နေရာဒေသတွင် မည်သည့်နေ့ရက်က ဖမ်းဆီးချုပ်နှောင်ထားကြောင်း ၎င်း၏နိုင်ငံသားအဖြစ်ခံယူထားသည့်နိုင်ငံ၏ အနီးဆုံးသံရုံးသို့ဖြစ်စေ၊ ကောင်စစ်ဝန်ရုံးသို့ဖြစ်စေ၊ ကိုယ်စားလှယ်ထံသို့ဖြစ်စေ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်လမ်းကြောင်းဖြင့် နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ အကြောင်းကြားနိုင်ရန် အဆိုပါအကြမ်းဖက်သမား၏ ကိုယ်ရေးအချက်အလက်များကိုဖော်ပြ၍ အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းကော်မတီသို့ ချက်ချင်း တင်ပြရမည်။

(ခ) အကြမ်းဖက်မှုများ သို့မဟုတ် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုများနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူ အကြမ်းဖက်သမားအား စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းတို့ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေနှင့် လိုက်လျောညီသည့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ တရားမျှတစွာပြုမူဆက်ဆံရမည့်အပြင် ၎င်းတို့ခံစားခွင့်ရှိသည့် အခွင့်အရေးများကို မထိခိုက်စေဘဲ ဆောင်ရွက်ရမည်။

၁၀၆။ အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့်ပြစ်မှုဖြင့် အရေးယူခြင်းခံရသူသည် ၎င်း၏အကျိုးဆောင်ရှေ့နေနှင့်တွေ့ဆုံခွင့်၊ ဥပဒေအကြံဉာဏ်နှင့် ဥပဒေအထောက်အကူရရှိခွင့်၊ ဥပဒေအရခုခံချေပခွင့်နှင့် အယူခံခွင့်တို့ ရှိစေရမည်။

၁၀၇။ အကျဉ်းထောင်တာဝန်ခံနှင့် အကျဉ်းထောင်ဝန်ထမ်းများသည်–

(က) အကြမ်းဖက်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော အကြမ်းဖက်သမား တရားခံအား အကျဉ်းထောင်တွင် ထိန်းသိမ်းထားသည့်အခါ အကြမ်းဖက်မှုကို ထပ်မံမကျူးလွန်စေရေး အဓိကရည်ရွယ်လျက် ၎င်း၏ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ လူကောင်းသူကောင်းဖြစ်လာစေရေးနှင့် ပြစ်ဒဏ်မှလွတ်မြောက်ပြီးသောအခါ ကောင်းမွန်သော အသက်မွေးမှုပညာများ သင်ကြားတတ်မြောက်စေရေးကို အဓိကရည်ရွယ်၍ ဆက်ဆံဆောင်ရွက်ရမည်။

(ခ) အကျဉ်းကျအကြမ်းဖက်သမားတရားခံအား အခြားအကျဉ်းသားများနည်းတူ တည်ဆဲအကျဉ်းထောင်ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲများနှင့်အညီ ပြုမူဆက်ဆံရမည်။

## အခန်း (၁၉)

## အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး ရန်ပုံငွေ

၁၀၈။ အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ ရန်ပုံငွေကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့သည် ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ–

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၃ ပါ ရငွေနှင့် ပစ္စည်းများဖြင့် ထူထောင်ထားရှိသော အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ စာရင်းပြုစုခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲပြီး ယင်းဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၃၊ ပုဒ်မခွဲ(က)ပါ တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေရရှိရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြတောင်းခံနိုင်သည်။

(ဂ) ရန်ပုံငွေကို တရားဝင်တိုးပွားစေရန် ဥပဒေနှင့်အညီ စီမံဆောင်ရွက်နိုင်သည်။

(ဃ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၃၊ ပုဒ်မခွဲ (ဂ) ပါ ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏လှူဒါန်းငွေများအနက် နိုင်ငံခြားငွေရရှိပါက နိုင်ငံတော်၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများနှင့်အညီ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ပေးသည့်ဘဏ်တွင် သီးခြားနိုင်ငံခြားငွေဘဏ်စာရင်းဖွင့်လှစ်၍ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းတို့ ပြုနိုင်သည်။

၁၀၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၃၊ ပုဒ်မခွဲ(ခ)အရ ဗဟိုအဖွဲ့သို့ပေးသွင်းရမည့် ရန်ပုံငွေကို ယင်းတို့၏ဘဏ္ဍာငွေခွဲဝေမှု၌ ထည့်သွင်းပြီး ဗဟိုအဖွဲ့၏ ရန်ပုံငွေစာရင်းသို့ ပေးသွင်းရမည်။

၁၁၀။ အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ ရန်ပုံငွေကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၄ ပါ ကုန်ကျစရိတ်များကို ကျခံသုံးစွဲခွင့်ပြုရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် လုပ်ငန်းအဖွဲ့များက ဘဏ္ဍာရေးစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျခံသုံးစွဲရန် တောင်းခံလာသည့်အခါ စိစစ်ပြီး ဗဟိုအဖွဲ့၏ခွင့်ပြုချက်ဖြင့် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေမှ အသုံးစရိတ်များ ထုတ်ပေးနိုင်သည်။

၁၁၁။ အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ ရန်ပုံငွေကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့သည် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ ငွေစာရင်းများပြုစုခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်ဆောင်ရွက်ရမည့်အပြင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကို ခံယူရမည်။

၁၁၂။ အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေးဆိုင်ရာ ရန်ပုံငွေကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့သည် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပစေတနာရှင်များက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်ရေးအတွက် လှူဒါန်းထောက်ပံ့သည့် ငွေကြေးနှင့် ပစ္စည်းများသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ စာရင်းစစ်အစီရင်ခံစာကို လှူဒါန်းထောက်ပံ့သည့် အဖွဲ့အစည်းများနှင့် စေတနာရှင်များက ပွင့်လင်းမြင်သာစွာသိရှိစေရန် နှစ်စဉ် ထုတ်ပြန်ကြေညာပေးရမည်။

## အခန်း (၂၀)

## အထွေထွေ

၁၁၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ကျူးလွန်သော ပြစ်မှုများကို အရေးကြီးသော အမှုများအဖြစ် မှတ်ယူရမည်။

၁၁၄။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါ အကြမ်းဖက်မှုကျူးလွန်သည့်ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့ကလွှဲအပ်ပေးထားသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးလုပ်ငန်းအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၁၁၅။ အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့်ပြစ်မှုများနှင့်စပ်လျဉ်း၍ တရားခံလွှဲပြောင်းရေးကိစ္စ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဆောင်ရွက်ရာတွင်လည်းကောင်း နိုင်ငံရေးပြစ်မှုဟု မှတ်ယူခြင်းမပြုရ။

၁၁၆။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် အကြမ်းဖက်မှုကျူးလွန်ခံရခြင်းကြောင့် ဘေးဒုက္ခရောက်နေသူများအား စားနပ်ရိက္ခာထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို ဗဟိုအဖွဲ့နှင့်ညှိနှိုင်းပြီး ဆောင်ရွက်ရမည်။

၁၁၇။ အကြမ်းဖက်မှုဆိုင်ရာ ပြစ်မှုတစ်ခုခုကို တရားရုံးသို့ စွဲဆိုတင်ပို့ခြင်းမပြုနိုင်သည့်ကိစ္စတွင် –

(က) အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုနှင့် ဆက်စပ်သဖြင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသည့် ငွေကြေး၊ ပစ္စည်းများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း ခံရသူမဟုတ်ဘဲ ထိုငွေကြေးနှင့် ပစ္စည်းတစ်ခုခုကို သဘောရိုးဖြင့် အဖိုးစားနားပေး၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားပြီး လက်ဝယ်ထားသည့် အခြားသူတစ်ဦးဦးသည် အဆိုပါသက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသည့် ငွေကြေးနှင့် ပစ္စည်းများကို ပြန်လည်ထုတ်ပေးရန် ခိုင်လုံသောအထောက်အထားများဖြင့် အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ လျှောက်ထားနိုင်သည်။

(ခ) အကြမ်းဖက်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားမှုကိုစိစစ်၍ လိုအပ်သောစုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး လျှောက်ထားသူက ထိုငွေကြေးနှင့် ပစ္စည်းတစ်ခုခုကို သဘောရိုးဖြင့် အဖိုးစားနားပေး၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူထားပြီး လက်ဝယ်ထားကြောင်း သက်သေထင်ရှားပြနိုင်ပါက ထိုသူအား သိမ်းဆည်းထားသော အဆိုပါငွေကြေးနှင့် ပစ္စည်းများကို ပြန်လည်ထုတ်ပေးစေရန် အမိန့်ချမှတ်ရမည်။

စာမျက်နှာ ၁၂ သို့ ☆

☆ စာမျက်နှာ ၁၁ မှ

၁၁၈။ ဗဟိုအဖွဲ့သည် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု သို့မဟုတ် ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများနှင့် အကြမ်းဖက်မှုများကို တားဆီးနှိမ်နင်းခြင်းပြုရာတွင် ပါဝင်သည့် တရားဥပဒေစိုးမိုးရေး အရာထမ်း၊ အမှုထမ်းများ၏ လုံခြုံရေးအတွက် စီမံဆောင်ရွက်ပေးခြင်းတို့အပြင် အကြမ်းဖက်မှုများအား ငွေကြေးထောက်ပံ့မှုများကိုဖော်ထုတ်၍ ထိရောက်စွာ တားဆီးနှိမ်နင်းခြင်းတို့ ပြုရာတွင်ပါဝင်သော အောက်ပါပြည်သူနှင့် တပ်ဖွဲ့ဝင်များအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေမှ ယင်းတို့၏ လုံခြုံရေးကိုမထိခိုက်စေရန် လျှို့ဝှက်စွာဂုဏ်ပြုဆုငွေများ ချီးမြှင့်နိုင်သည်–

(က) အကြမ်းဖက်မှုကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်တော့မည်ဖြစ်ကြောင်း သတင်းပေးသူ၊
(ခ) လျှို့ဝှက်အမာခံသတင်းပေးသူ၊
(ဂ) အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများနှင့် သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းများကို သိမ်းဆည်းနိုင်ရန်နှင့် အကြမ်းဖက်သမားအား ဖမ်းဆီးရမိနိုင်ရန် ထူးချွန်ပြောင်မြောက်စွာ စုံစမ်းထောက်လှမ်းသူနှင့် ရှာဖွေဖမ်းဆီးသူများ၊
(ဃ) အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုကို စွမ်းစွမ်းတမံ တားဆီးကာကွယ်သည့် သို့မဟုတ် တားဆီးနှိမ်နင်းသည့် အဖွဲ့ဝင်များ။

၁၁၉။ တပ်မတော်က စစ်ဆင်ရေးတာဝန် ဆောင်ရွက်နေစဉ်ဖြစ်စေ၊ လုံခြုံရေးအဖွဲ့အစည်းများက လုံခြုံရေးတာဝန်ဆောင်ရွက်နေစဉ်ဖြစ်စေ၊ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များကဖြစ်စေ အကြမ်းဖက်မှုကို သော်လည်းကောင်း၊ အကြမ်းဖက်မှုကို ငွေကြေးနှင့် ပစ္စည်းများ ထောက်ပံ့မှုကိုသော်လည်းကောင်း ကျူးလွန်သူကို တွေ့ရှိလျှင် သက်ဆိုင်ရာ အဆင့်အမြင့်ဆုံးအရာရှိသည်–

(က) ဖမ်းဆီးခြင်း၊ ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်း၊ အထောက်အထား စာရွက်စာတမ်း၊ ငွေကြေး၊ ပစ္စည်း၊ ယာဉ်နှင့် တိရစ္ဆာန်များကို သိမ်းဆည်းခြင်းပြုနိုင်သည်။
(ခ) နည်းဥပဒေခွဲ(က)အရ ဖမ်းဆီးခြင်းခံရသူများနှင့် သက်သေခံပစ္စည်းများကို နေ့စဉ် အခြေအနေ အစီရင်ခံစာ (Daily Situation Report) ကောက်နုတ်ချက် မိတ္တူမှန်နှင့်အတူ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ အနီးဆုံး မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းသို့ စနစ်တကျလွှဲအပ်ရမည်။

၁၂၀။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါ အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့် ပြစ်မှုတစ်ခုခုအတွက် ရှာဖွေအမိန့်ထုတ်ပေးခြင်း၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ ချုပ်မိန့်တောင်းခံခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုတင်ပို့ခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများကို ဤနည်းဥပဒေများတွင် သီးခြားပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်။ ထိုသို့ သီးခြားပြဋ္ဌာန်းထားခြင်းမရှိသည့်ကိစ္စတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

ပုံစံ(က)

## အကြမ်းဖက်သမားတစ်ဦးချင်း (Individuals) အမည်စာရင်းတင်သွင်း ထုတ်ပြန်ကြေညာချက် (နည်းဥပဒေ ၅)

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ အကြမ်းဖက်သမားတစ်ဦးချင်း (Individuals) အဖြစ် တင်သွင်းရာတွင် အောက်ဖော်ပြပါတိကျခိုင်မာ၍ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ရရှိသည့် သတင်းအချက်အလက်များထောက်ပံ့ပေးရန်နှင့် ဖော်ထုတ်မရနိုင်သော သတင်းအချက်အလက်များကိုမူ ကွက်လပ်ဖြင့် ချန်လှပ်ထားနိုင်ပါသည်။

| အပိုင်း၁ (က)။ ဖော်ထုတ်ရရှိသည့်အဓိကသတင်းအချက်အလက် | |
|---|---|
| **အမည်အပြည့်အစုံ** (ထုတ်ပြန်ကြေညာမည့် စာရင်းအရ အကြမ်းဖက်သမားတစ်ဦးချင်း၏အမည်) | |
| **အမည်အစိတ်အပိုင်း ခွဲခြားဖော်ပြချက်**<br>(အမည်အစိတ်အပိုင်းတစ်ခုစီကို စာတစ်ကြောင်းချင်းစီ သီးခြားရေးပေးရန်) | **အမည်အစိတ်အပိုင်းပုံစံ**<br>(အမည် အစိတ်အပိုင်းအလိုက် ဥပမာ– အမည်အစစာလုံး၊ ဒုတိယ စာလုံး၊ နောက်ဆုံး စာလုံး၊ မိသားစုအမည်၊ နေထိုင်ရာဒေသ၊ ကိုးကွယ်သည့်ဘာသာ၊ မိဘအမည်၊ အဘိုးအမည်၊ အဘေး/အဘွား အမည်၊ လူမျိုး သို့မဟုတ် ဂုဏ်ပြုခေါ်ဝေါ်သောအမည်) |
| ၁။ | |
| ၂။ | |
| ၃။ | |
| ၄။ | |
| ၅။ | |
| ၆။ | |
| ၇။ | |
| ၈။ | |
| **မှတ်ချက်။** | |
| **မူရင်းဘာသာ/စာသားအမျိုးအစားဖြင့်ဖော်ပြချက်** | |
| **အခြားစာသားဖြင့် အမည်အပြည့်အစုံ** (မူရင်းစာသားမဟုတ်ဘဲ တရားဝင်စာသားအမှတ်အသားတွင် တွေ့ရှိရသော စာသား၊ အမည်နောက်၌ စကားညှပ်) | |
| **မွေးဖွားခြင်းဆိုင်ရာအချက်အလက်** | နေရာ (လမ်း/ မြို့/ ပြည်နယ်/ တိုင်း / နိုင်ငံ<br>ရက်----။ လ----------။ ခုနှစ်------။<br>ပြက္ခဒိန်နှစ်<br>(နိုင်ငံအလိုက် သတ်မှတ်ချက်) |
| **အခြားမွေးဖွားခြင်းဆိုင်ရာအချက်အလက်** (မူလအမည်နှင့် ဆက်နွှယ်မှုများဖော်ပြရန်ဖြစ်ပြီး အမည်အတုဖြင့် ဆက်နွှယ်မှုများ မဟုတ်ပါ) | နေရာ(လမ်း/မြို့/ပြည်နယ်/တိုင်း/နိုင်ငံ<br>ရက်----။ လ----------။ ခုနှစ်------။<br>ပြက္ခဒိန်နှစ်<br>(နိုင်ငံအလိုက် သတ်မှတ်ချက်) |
| | နေရာ(လမ်း/မြို့/ပြည်နယ်/တိုင်း/နိုင်ငံ<br>ရက်----။ လ----------။ ခုနှစ်------။<br>ပြက္ခဒိန်နှစ်<br>(နိုင်ငံအလိုက် သတ်မှတ်ချက်) |
| | နေရာ(လမ်း/မြို့/ပြည်နယ်/တိုင်း/နိုင်ငံ<br>ရက်----။ လ----------။ ခုနှစ်------။<br>ပြက္ခဒိန်နှစ်(နိုင်ငံအလိုက် သတ်မှတ်ချက်) |

| | |
|---|---|
| **နိုင်ငံသား သို့မဟုတ် နိုင်ငံသားဖြစ်မှု** (ယခင်/ ယခုအသိအမှတ်ပြုသည့်/ ရုပ်သိမ်းခံရသည့်/ ပယ်ဖျက်ခံရသည့် ရက်စွဲသိရှိလျှင်) | လက်ရှိ--------------- ရက်စွဲ။ ---------------- |
| | ယခင်--------------- ရက်စွဲ။ ---------------- |
| နေထိုင်သည့်နိုင်ငံ | |
| **နေရပ်လိပ်စာ** (အကယ်၍ နေထိုင်ခဲ့သည့်ရက်စွဲ သိရှိလျှင်) | လက်ရှိ (လမ်း/မြို့/ပြည်နယ်/တိုင်း/နိုင်ငံ ---------------------------------------<br>ရက်စွဲ။ ------------- |
| | ယခင် (လမ်း/မြို့/ပြည်နယ်/တိုင်း/နိုင်ငံ ----------------------------------------<br>ရက်စွဲ။ ------------- |
| **လှုပ်ရှားသည့်နေရာ** (လှုပ်ရှားနေသည့်နေရာများ သို့မဟုတ် မကြာခဏလှုပ်ရှားခဲ့သည့် နေရာများ၊ လိပ်စာကွဲပြားမှု သိရှိလျှင်) | လက်ရှိ (လမ်း/မြို့/ပြည်နယ်/တိုင်း/နိုင်ငံ ---------------------------------------<br>ရက်စွဲ။ ------------- |
| | ယခင် (လမ်း/မြို့/ပြည်နယ်/တိုင်း/နိုင်ငံ ----------------------------------------<br>ရက်စွဲ။ ------------- |

**အပိုင်း ၁ (ခ)။ သက်သေခံကတ်နှင့်ခရီးသွားလာမှုဆိုင်ရာ အထောက်အထားစာတမ်းအမှတ်အသားများ**

ဖော်ထုတ်မရနိုင်သော သတင်းအချက်အလက်များကိုမူ ချန်လှပ်ထားနိုင်ပါသည်။ ဖြစ်နိုင်လျှင် စာတမ်းအမှတ်အသား မိတ္တူများကိုပါ ထောက်ပံ့စေလိုပါသည်။ ထို့အပြင် အပိုင်း ၁ (က)တွင် စာတမ်းအမှတ်အသားများ၌ အမည်သီးခြားဖော်ပြပါရှိလျှင်ဖြစ်စေ၊ အပိုင်း ၁ (ဂ) တွင် သက်သေခံကတ်နှင့် အမည်တို့ကို ခွဲခြား၍ ထုတ်ပေးထားလျှင်ဖြစ်စေ ယင်းတို့ကို ဖော်ပြပေးရန်နှင့် ဖြစ်နိုင်လျှင် စာတမ်းအမှတ်အသားများ၊ အမည်များနှင့် ရက်စွဲ၊ မွေးရပ်ဒေသတို့ တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှုကို ဖော်ပြပေးရန်၊ စာတမ်းအမှတ်အသားများ ထုတ်ပေးထားခြင်းမရှိသည့်ကိစ္စအတွက် အခြားနိုင်ငံသား သက်သေခံအမှတ်အသားနံပါတ် သို့မဟုတ် အခြားသက်သေခံကတ်များရရှိက ဖော်ပြပေးရန်၊

| | |
|---|---|
| **စာတမ်းအမှတ်အသားအမျိုးအစား** (ဥပမာ – ပတ်စ်ပို့၊ မွေးစာရင်းသက်သေခံလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ နေထိုင်ခွင့်ပြုမိန့်၊ ယာဉ်မောင်းလိုင်စင်နှင့် အခြားသက်သေခံကတ်) | |
| **စာတမ်းအမှတ်အသားနံပါတ်** | |
| **ထုတ်ပေးသည့် အခွင့်အာဏာပိုင်** | |
| **ထုတ်ပေးခဲ့သည့်** (လမ်း၊ မြို့၊ တိုင်း/ပြည်နယ်၊ နိုင်ငံ) | |
| **ထုတ်ပေးသည့်ရက်စွဲ** | ရက် ----- လ ---- ခုနှစ် -------- ပြက္ခဒိန်နှစ် ----- |
| **သက်တမ်းကုန်ဆုံးသည့်ရက်စွဲ** | ရက် ----- လ ---- ခုနှစ် -------- ပြက္ခဒိန်နှစ် ----- |
| **မည်သူ့ကိုထုတ်ပေးသည်** (စာတမ်းအမှတ်အသားပါအတိုင်း အလားတူ အမည်စာသားကို စကားချပ်ဖြင့် ညွှန်ပေးရန်) | |
| **စာတမ်းအမှတ်အသားတွင် ဖော်ပြထားသည့်အတိုင်း နေရပ်၊ မွေးသက္ကရာဇ်** | နေရာ(လမ်း/မြို့/ပြည်နယ်/တိုင်း/နိုင်ငံ )<br>ရက်----လ ------- ခုနှစ်------- ပြက္ခဒိန်နှစ် |
| **စာတမ်းအမှတ်အသားပါ နိုင်ငံသားဖော်ပြထားမှု** | |
| **အခြားသတင်းအချက်အလက်များနှင့် သီးခြားမှတ်ချက်** | |

စာမျက်နှာ ၁၃ သို့ ☆

☆ စာမျက်နှာ ၁၂ မှ

| အပိုင်း၁ (ဂ)။ အမည်တု/ အခြားအမည်များ | |
|---|---|
| **အကြမ်းဖက်သမားအဖြစ် သိရှိသည့်အမည်/ အခြားအမည်များ** | |
| **အကြမ်းဖက်သမား အမည် အစိတ်အပိုင်းများ** (အမည်အစိတ်အပိုင်းတစ်ခုစီကို စာတစ်ကြောင်းချင်းစီ သီးခြားရေးပေးရန်) | **အမည် အစိတ်အပိုင်းပုံစံ** (အမည်အစိတ်အပိုင်းအလိုက် ဥပမာ- အမည်အစ စာလုံး၊ ဒုတိယ စာလုံး၊ နောက်ဆုံး စာလုံး၊ မိသားစုအမည်၊ နေထိုင်ရာဒေသ၊ ကိုးကွယ်သည့်ဘာသာ၊ မိဘအမည်၊ အဘိုး အမည်၊ အဘေး/ အဘွားအမည်၊ လူမျိုး သို့မဟုတ် ဂုဏ်ပြုခေါ်ဝေါ်သော အမည်) |
| ၁။ | |
| ၂။ | |
| ၃။ | |
| ၄။ | |
| ၅။ | |
| ၆။ | |
| ၇။ | |
| ၈။ | |
| **မှတ်ချက်။** | |
| **အမည်အက္ခရာအပြည့်အစုံ** | |
| **မူရင်းဘာသာ/စာသားအမျိုးအစားဖြင့် ဖော်ပြချက်** | |
| **အကြမ်းဖက်သမား၏အခြားအမည်စာသားများ** (မူရင်းစာသား မဟုတ်ဘဲ တရားဝင်စာသားအမှတ်အသားတွင် တွေ့ရှိရသော စာသား၊ အမည်နောက်၌ စကားချပ်ဖြင့် ဖော်ပြပေးရန်) | |
| အမည်ကွဲ အမျိုးအစား | ( )သက်သေခံကတ်သီးခြားအမည်( ) အမည်မျိုးကွဲ( )စာလုံးပေါင်းအမျိုးကွဲ ( ) အမည်ပြောင်( ) အမည်ဝှက် ( ) ယခင် တရားဝင်အမည် ( ) အခြားအမည် စသည်.. |

| မွေးဖွားမှုဆိုင်ရာ အချက်အလက်၊ နိုင်ငံသားဖြစ်မှု၊ နေရပ်လိပ်စာ၊ ခရီးသွား စာတမ်းအမှတ်အသား သက်သေခံ အထောက်အထားများသည် အကြမ်းဖက်သမားနှင့် ချိတ်ဆက်မှုများကိုပါ ထည့်သွင်းပေးရန်။ ဥပမာ- အကြမ်းဖက်သမား တစ်ဦးချင်းအနေဖြင့် အမျိုးမျိုးသော အချက်အလက်များနှင့် မတူကွဲပြားသော အမည်များဖြင့် ပတ်စ်ပို့အများအပြား ရှိနေနိုင်သောကြောင့် မတူကွဲပြားသော သက်သေခံ အထောက်အထား အချက်အလက်များကို ထည့်သွင်းဖော်ပြရန် လိုအပ်ခြင်းဖြစ်ပါသည်။ | |
|---|---|
| **မွေးဖွားမှုအချက်အလက်များ** (ဤအမည်နှင့် ဆက်နွှယ်ခဲ့မှုများ) | နေရပ်(လမ်း/မြို့/ပြည်နယ်/တိုင်း/နိုင်ငံ) ရက် ----လ ------- ခုနှစ် ------- ပြက္ခဒိန်နှစ် |
| **နိုင်ငံသား/နိုင်ငံသားဖြစ်မှု(များ)** (ဤအမည်နှင့် ဆက်နွှယ်ခဲ့မှုများ) | ရက်စွဲ (လက်ရှိ/ယခင်) |
| **နေထိုင်သည့်နိုင်ငံ** (ဤအမည်နှင့် ဆက်နွှယ်ခဲ့မှုများ) | |
| **နေရပ်လိပ်စာ** (ဤအမည်နှင့် ဆက်နွှယ်ခဲ့မှုများ) | ရက်စွဲ (လက်ရှိ/ယခင်) |
| **ခရီးသွားစာတမ်းအမှတ်အသားများ** (ဤအမည်နှင့် ဆက်နွှယ်ခဲ့မှုများ) | စာတမ်းအမှတ်အသားများ၊ နံပါတ်များ၊ ထုတ်ပေးသည့် အခွင့်အာဏာပိုင်များ၊ မှတ်ချက်များ |
| **အခြား သတင်းအချက်အလက် တစ်ရပ်ရပ်** | |

| အပိုင်း၁ (ဃ)။ အခြားသတင်းအချက်အလက် | | |
|---|---|---|
| **အကြမ်းဖက်သမား၏ ဂုဏ်ထူးဝိသေသများ**(ဥပမာ- ဂုဏ်ထူးဆောင်၊ ကြေးစား၊ ဘာသာရေးဆိုင်ရာ၊ စာပေပညာရပ်ဆိုင်ရာနှင့်စပ်ဆိုင်သော သို့မဟုတ် အခြားဂုဏ်ထူးဝိသေသများ သို့မဟုတ် မျိုးရိုးအခြေအနေများ) | | |
| **အလုပ်အကိုင်** (အကြမ်းဖက်အုပ်စု၊ အဖွဲ့အစည်းတွင် ဝင်ရောက်လုပ်ကိုင်သည့် ရက်စွဲနှင့် အထူးသဖြင့် ၎င်း၏ ရာထူးတာဝန် အဆင့်သတ်မှတ်ချက်တို့ကို ဖော်ပြရန်) | | |
| **အိမ်ထောင် ရှိ ၊ မရှိ** | | |
| **အရေးယူဆောင်ရွက်ထားမှုအခြေအနေ** | | |
| **အခြားဖြည့်စွက်ဖော်ပြလိုသည့် သတင်းအချက်အလက်များ** | | |

| အပိုင်း ၁ (င)။ ပုံပန်းသွင်ပြင်ဆိုင်ရာ ဖော်ပြချက် | | | |
|---|---|---|---|
| **အရပ်အမြင့်** (စင်တီမီတာဖြင့်) | | **မျက်စိအရောင်** | |
| **ကိုယ်အလေးချိန်** (ကီလိုဂရမ်ဖြင့်) | | **ဆံပင်အရောင်** | |
| **ကိုယ်ခန္ဓာဖွဲ့စည်းပုံ** (ဥပမာ-ခန္ဓာကြီးမား/ သေးလှီ) | | **အသားအရောင်** | |
| **ကျား/မ** | | | |
| **ပူးတွဲပါရှိသည့်ဓာတ်ပုံ/ ပုံကြမ်း/ ကွန်ပျူတာရေးဆွဲချက်** | | ပူးတွဲပါရှိသည် ( )။<br>ပူးတွဲမပါရှိပါ ( )။<br>အကယ်၍ ပူးတွဲပါရှိသည်ဆိုပါက ပုံအမျိုးအစားဖော်ပြပါ။ | |
| **ပူးတွဲပါရှိသည့် အခြားခန္ဓာဗေဒဆိုင်ရာ အထောက်အထားများ** (ဥပမာ- လက်ဗွေ၊ ဒီအင်န်အေ(DNA code)၊ မျက်စိ စကင်န်ဖတ်ထားမှု သို့မဟုတ် ဒစ်ဂျစ်တယ်ရုပ်သွင်ပြင်ပုံရိပ်) | | ပူးတွဲပါရှိသည် ( )။<br>ပူးတွဲမပါရှိပါ( )။<br>အကယ်၍ ပူးတွဲပါရှိသည်ဆိုပါက အမျိုးအစားဖော်ပြပါ။ | |
| **ကွဲကွဲပြားပြားသိရှိနိုင်မည့် အမှတ်အသားများနှင့် ကိုယ်ခန္ဓာအသွင်အပြင်များ** (ဥပမာ- အမာရွတ်၊ တက်တူးထိုးထား၊ လက်ချောင်းပြတ်) | | | |
| **လူမျိုးစု/ တိုင်းရင်းသား နောက်ခံအကြောင်း** | | | |
| **ပြောဆိုသည့် ဘာသာစကားများ** (တစ်ဦးနှင့်တစ်ဦး သိရှိနားလည်အောင်ပြောဆိုနိုင်သည့် ဘာသာစကားများ၊ လူမျိုးအချင်းချင်းပြောဆိုနိုင်သည့် ဘာသာစကား၊ အပြည့်အဝ သို့မဟုတ် သာမန်နားလည်ရုံပြောဆိုသည့် ဘာသာစကား) | | | |

| အပိုင်း ၁(စ)။ အထက်ပါအတိုင်း သီးခြားသတ်မှတ်ထားခြင်းမရှိသည့် အခြားခွဲခြမ်းစိတ်ဖြာ စဉ်းစားနိုင်သည့် သတင်းအချက်အလက်များ |
|---|
| |

| အပိုင်း ၂။ အမှုဖြစ်စဉ်ဖော်ပြချက် |
|---|
| |

**ပုံစံ(ခ)**

## အကြမ်းဖက်အုပ်စုအဖြစ် စာရင်းသွင်းခြင်း စံပြုပုံစံ
## (နည်းဥပဒေ ၅)

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ အကြမ်းဖက်အုပ်စုအဖြစ် တင်သွင်းရာတွင် အောက်ဖော်ပြပါတိကျခိုင်မာ၍ ဖော်ထုတ်ရရှိသည့် သတင်းအချက်အလက်များ ထောက်ပံ့ပေးရန်နှင့် ဖော်ထုတ်မရနိုင်သော သတင်းအချက်အလက်များကိုမူ ကွက်လပ်ဖြင့် ချန်လှပ်ထားနိုင်ပါသည်။

| အပိုင်း ၁ (က) ။ သတင်းအချက်အလက် သတ်မှတ်ဖော်ပြချက် | |
|---|---|
| **အမည်အပြည့်အစုံ** | မြန်မာအမည် |
| | အင်္ဂလိပ်အမည် |
| | အခြားဘာသာဖြင့် (ရှိလျှင်) |
| **အမည်အတိုကောက်** (ရှိလျှင်) | မြန်မာအမည် |
| | အင်္ဂလိပ်အမည် |
| | အခြားဘာသာဖြင့် (ရှိလျှင်) |
| **ဖွဲ့စည်းသည့် နေရာ/ အချိန်** | နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)<br>ရက်၊ လ၊ နှစ်၊ |
| **လှုပ်ရှားသည့် နယ်မြေများ** | နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)<br>သတ်မှတ်ကာလ ( လ၊ နှစ်မှ – လ၊ နှစ်ထိ) |
| | နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)<br>သတ်မှတ်ကာလ ( လ၊ နှစ်မှ – လ၊ နှစ်ထိ) |
| | နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)<br>သတ်မှတ်ကာလ ( လ၊ နှစ်မှ – လ၊ နှစ်ထိ) |
| **နေရပ်လိပ်စာ** (ရှိလျှင်) | လက်ရှိ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)ရက်စွဲ၊<br>ယခင် (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) ရက်စွဲ၊ |

စာမျက်နှာ ၁၄ သို့ ☆

✰ စာမျက်နှာ ၁၃ မှ

| အပိုင်း ၁ (ခ)။ အခြားအမည် (မရရှိနိုင်သော သတင်းအချက်အလက်များရှိပါက ကွက်လပ်ထားရှိရန်) | |
|---|---|
| **အမည်** (ယခင်သိရသည့်အမည်များပါ အပါအဝင်) | မြန်မာအမည် |
| | အင်္ဂလိပ်အမည် |
| | အခြားဘာသာဖြင့် (ရှိလျှင်) |
| **အမည်အမျိုးအစား** | ( ) အမည်အပြောင်းအလဲ<br>( ) စာလုံးပေါင်းအပြောင်းအလဲ<br>( ) ယခင်သိရသည့်အချက်များ<br>( ) အခြား၊ ရှင်းလင်းချက်။ |
| **အမည် အတိုကောက်** (ရှိလျှင်) | မြန်မာအမည် |
| | အင်္ဂလိပ်အမည် |
| | အခြားဘာသာဖြင့် (ရှိလျှင်) |
| **အခြားအမည်နှင့် ပတ်သက်သည့် အခြားသတင်းအချက်အလက်များ** | |

| အပိုင်း ၁ (ဂ)။ တည်ထောင်သူများ၊ ဦးဆောင်သူများနှင့် အခြား အဓိကအချက်အလက်များ (မရရှိနိုင်သော သတင်းအချက်အလက်များရှိပါက ကွက်လပ်ဖြင့် ထားရှိရန်) | |
|---|---|
| **တည်ထောင်သူ၊ ဦးဆောင်သူ၊ အုပ်စုအဖွဲ့ဝင် သို့မဟုတ် အခြား အဓိကအချက်အလက်များ** | |
| **အမည်အပြည့်အစုံ** | မြန်မာအမည် |
| | အင်္ဂလိပ်အမည် |
| | အခြားဘာသာဖြင့် (ရှိလျှင်) |
| **မွေးဖွားမှုအချက်အလက်** | နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)<br>ရက်၊ လ၊ နှစ်၊ |
| **နိုင်ငံသား၊ နိုင်ငံသားဖြစ်မှု** (ယခင် နှင့် ယခုခွင့်ပြုခဲ့မှု၊ ရုပ်သိမ်းခဲ့မှု၊ ပယ်ဖျက်ခဲ့မှု၊ ထွက်ခွာခဲ့မှု ရက်စွဲများ (သိရှိလျှင်) | |
| နေထိုင်ခဲ့သော နိုင်ငံများ | |
| လိပ်စာ သို့မဟုတ် တည်နေရာ (ယခင်နှင့် ယခု) | နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)<br>ရက်စွဲ၊ (ရက်၊ လ၊ နှစ်၊ ) |
| သက်သေခံကတ်နှင့် ခရီးသွားခြင်းဆိုင်ရာ အထောက်အထားလက်မှတ်များ | (စာတမ်းအမှတ်အသားပါအတိုင်း နိုင်ငံသား၊ အမျိုးအစား၊ မည်သူက မည်သည့်နေ့ရက်တွင် မည်သည့်နေရာ၌ မည်သူကို ထုတ်ပေးသည်၊ မွေးဖွားသည့် နေရာနှင့် နေ့ရက်တို့ကို ဖော်ပြရန်) |
| ရုပ်ပိုင်းဆိုင်ရာ ဖော်ပြချက်များ | (ကျား/ မ/ လူမျိုးစု/ တိုင်းရင်းသား/ နောက်ခံအကြောင်းနှင့် အခြားအသေးစိတ်အချက်အလက်များ) |
| **အခြားအမည်များ (ရှိလျှင်)** | အခြားအမည်များနှင့်စပ်လျဉ်း၍ ထပ်မံရရှိသော အခြားသတင်း အချက်အလက်များရှိပါက ဖော်ပြရန် |
| **အခြားဆက်စပ် သတင်းအချက်အလက်များ** | |

**အပိုင်း ၁ (ဃ)။ ဖွဲ့စည်းမှုဆိုင်ရာ ကွင်းဆက်များ၊ ပါဝင်/ ဆက်နွှယ်သည့်အုပ်စုများ၊ အဖွဲ့အစည်းများ နှင့် တာဝန်ခံဆောင်ရွက်နေသည့် အဖွဲ့အစည်းများ**

မိခင်အဖွဲ့အစည်းနှင့် လက်အောက်ခံအဖွဲ့အစည်းနှင့် အဖွဲ့ခွဲများ၊ ညီနောင်အဖွဲ့အစည်းများ အားလုံးကို ဖော်ပြရန်။ မရရှိနိုင်သော သတင်းအချက်အလက်များရှိပါက ကွက်လပ်ဖြင့်ထားရှိရန်။

| ပါဝင်/ ဆက်နွှယ်သည့်အုပ်စုများ၊ အဖွဲ့အစည်းများနှင့် တာဝန်ခံဆောင်ရွက်နေသည့် အဖွဲ့အစည်းများ | |
|---|---|
| **အမည်အပြည့်အစုံ** | မြန်မာအမည် |
| | အင်္ဂလိပ်အမည် |
| | အခြားဘာသာဖြင့် (ရှိလျှင်) |
| **ဖွဲ့စည်းသည့် နေရာ/ အချိန်** | နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)<br>ရက်၊ လ၊ နှစ်၊ |
| **လိပ်စာ သို့မဟုတ် တည်နေရာ** | နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)<br>ရက်စွဲ (ရက်၊ လ၊ ) |
| **ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များ** | ပိုင်ဆိုင်မှု၊ အဓိကထောက်ပံ့မှုရရှိနေသည့် အရင်းအမြစ်များ |
| **အခြားအမည်များ** | အခြားအမည်များနှင့် စပ်လျဉ်း၍ ထပ်မံရရှိသော အခြားသတင်းအချက်အလက်များရှိပါက ဖော်ပြရန်။ |
| **အခြားဆက်စပ်သတင်းအချက်အလက်များ** | |

| ပါဝင်/ ဆက်နွှယ်သည့်အုပ်စုများ၊ အဖွဲ့အစည်းများနှင့် တာဝန်ခံဆောင်ရွက်နေသည့် အဖွဲ့အစည်းများ | |
|---|---|
| **အမြဲတမ်းရည်ညွှန်းရမည့်နံပါတ်** | စာရင်းသွင်းပြီးဖြစ်လျှင် အမြဲတမ်းရည်ညွှန်းရမည့် နံပါတ် |
| **အမည်အပြည့်အစုံ** | (လက်တင်စာသားဖြင့်) |
| | မူရင်းစာသား(လက်တင်စာသားမဟုတ်လျှင်)<br>ညွှန်းပြစာသား( ဥပမာ-အာရေးဗျ၊ တရုတ်၊ ရုရှား) |
| | အခြားစာသားဖြင့် (ရှိလျှင်) |
| **တည်ထောင်မှုအချက်အလက်** | နေရာ(လမ်း၊ မြို့၊ ပြည်နယ်/တိုင်း၊ နိုင်ငံ)<br>ရက်၊ လ၊ နှစ်၊ ပြက္ခဒိန်နှစ် |
| **လိပ်စာ သို့မဟုတ် တည်နေရာ** | နေရာ(လမ်း၊ မြို့၊ ပြည်နယ်/တိုင်း၊ နိုင်ငံ)<br>ရက်စွဲ (ရက်၊ လ၊ နှစ်၊ ပြက္ခဒိန်နှစ်) |
| **ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များ** | ပိုင်ဆိုင်မှု၊ အဓိကထောက်ပံ့မှုရရှိနေသည့် အရင်းအမြစ်များ |
| **သိရသည့်အမည်များ (AKAs)** | AKAs အသီးသီးနှင့်စပ်လျဉ်း၍ ထပ်မံရရှိသော အခြားသတင်းအချက်အလက်များအရ (မူရင်း အခြားအမည်/ အခြားစာသားအပါအဝင်) AKAs အမျိုးအစား (ကောင်းမွန်သော/ နိမ့်ကျသော အရည်အသွေး)။ |
| **အခြားဆက်စပ်သတင်းအချက်အလက်များ** | |

**အပိုင်း ၁ (င)။ အခြားသတင်းအချက်အလက်များ**

| အပိုင်း ၁ (စ)။ ငွေရေးကြေးရေးဆိုင်ရာ သတင်းအချက်အလက်များ | | | |
|---|---|---|---|
| **သိရှိရသော ပိုင်ဆိုင်သည့် ငွေကြေးပစ္စည်းများ** | ရန်ပုံငွေ | တန်ဖိုး | |
| | | ဘဏ်စာရင်း | |
| | | ဘဏ်စာရင်းအမှတ် | |
| | အခြားငွေကြေးဆိုင်ရာ ပိုင်ဆိုင်မှုများ | တန်ဖိုး | |
| | | အမျိုးအစားနှင့် အချိန်ကာလ | |
| | | ထိန်းသိမ်းထားရှိမှု | |
| | ပစ္စည်းပိုင်ဆိုင်မှု | တန်ဖိုး | |
| | | လိပ်စာ | |
| | | မှတ်ပုံတင်အမှတ် | |
| | | မှတ်ပုံတင်ခွင့်ပြုချက် | |
| | အခြားပိုင်ဆိုင်မှုများနှင့် စီးပွားရေးဆိုင်ရာ အရင်းအမြစ်များ | တန်ဖိုး | |
| | | အမျိုးအစား | |
| **အဓိကထောက်ပံ့နေသော အရင်းအမြစ်များ** | အလှူရှင်များ ( ) | | |
| | ငွေကြေးခဝါချမှုများ ( ) | | |
| | အခြား ( )၊ ရှင်းလင်းဖော်ပြချက် | | |

**အပိုင်း ၁ (ဆ)။ အထက်တွင် သီးခြားဖော်ပြထားခြင်းမရှိသည့် အခြားသတင်းအချက်အလက်များ**

**အပိုင်း ၂။ အမှုဖြစ်စဉ်ဖော်ပြချက်**

(ဆက်လက်ဖော်ပြပါမည်)

# တရုတ်နိုင်ငံက ၂၀၂၂ ခုနှစ်အတွင်း သစ်တောဧရိယာ ဟက်တာ ၃ ဒသမ ၈၃ သန်းကို အရှိန်အဟုန်မြှင့် စိုက်ပျိုးနိုင်ခဲ့

ပေကျင်း မတ် ၁၂

တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း သစ်တောဧရိယာ ဟက်တာ ၃ ဒသမ ၈၃ သန်းကို အရှိန်အဟုန်မြှင့် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၂ ခုနှစ်အတွင်း မြက်စိုက်ပျိုးခြင်းဖြင့် ပျက်စီးသွားသည့် မြက်ခင်းပြင် ဟက်တာ ၃ ဒသမ ၂၁ သန်းကိုလည်း ပြန်လည်ဖန်တီးနိုင်ခဲ့ကြောင်း အမျိုးသား စိမ်းလန်းစိုပြည်ရေးကော်မရှင်၏ အစီရင်ခံစာအရ သိရသည်။

ဆယ်စုနှစ်များစွာ သစ်တောပြုန်းတီးပြီးနောက် တရုတ်နိုင်ငံသည် ၎င်း၏ သစ်တောပြန်လည်စိုက်ပျိုးမှုနှုန်းကို အရှိန်အဟုန်မြှင့်တင်ခဲ့ရာ ၁၉၈၀ ပြည့်လွန်နှစ်အစောပိုင်းတွင် ၁၂ ရာခိုင်နှုန်းမှ ယမန်နှစ်အထိ ၂၄ ဒသမ ၀၂ ရာခိုင်နှုန်းအထိ နှစ်ဆတိုးတက်လာပြီး ကမ္ဘာ့အကြီးဆုံးသစ်တောများကို ဖန်တီးနိုင်ခဲ့သည်။

ထို့ပြင် မြက်ခင်းပြင်များ၌ အသီးအရွက်စိုက်ပျိုးမှုနှုန်းသည် ၂၀၂၂ ခုနှစ်တွင် ၅၀ ဒသမ ၃၂ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း အမျိုးသား စိမ်းလန်းစိုပြည်ရေးကော်မရှင်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လွန်ခဲ့သောနှစ်အတွင်း သဲနှင့် ကျောက်တုံးမြေ ဟက်တာ ၁ ဒသမ ၈၅ သန်းကိုလည်း သီးနှံများ ပြုစုပျိုးထောင်နိုင်ခဲ့ကြောင်း သိရသည်။

သစ်တောများနှင့် မြက်ခင်းပြင်များသည် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူသိုလှောင်ရာတွင် အရေးကြီးသည့်အတွက် တရုတ်အစိုးရက အစိမ်းရောင်လှုပ်ရှားမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းဖြစ်သည်။

၂၀၆၀ ပြည့်နှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုပမာဏ အနည်းဆုံးဖြစ်စေရမည်ဟူသည့်  ကတိကဝတ်များကို ဖြည့်ဆည်းရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

မတ် ၁၂ ရက်သည် တရုတ်နိုင်ငံ၏ ၄၅ နှစ်မြောက် အမျိုးသားသစ်ပင်စိုက်ပျိုးနေ့ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# တူကီယဲနိုင်ငံ၌ သမ္မတရွေးကောက်ပွဲနှင့် ပါလီမန်ရွေးကောက်ပွဲကို မေ ၁၄ ရက်တွင် ကျင်းပမည်

အန်ကာရာ မတ် ၁၂

တူကီယဲနိုင်ငံသည် နိုင်ငံ၏ သမ္မတရွေးကောက်ပွဲနှင့် ပါလီမန်ရွေးကောက်ပွဲကို မေ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း တူကီယဲရွေးကောက်ပွဲအာဏာပိုင်အဖွဲ့က မတ် ၁၀ ရက်တွင် ပြောကြားသည်။

တူကီယဲနိုင်ငံသည် ဖေဖော်ဝါရီ ၆ ရက်တွင် မြေငလျင် လှုပ်ခတ်ခဲ့ပြီးနောက် အသက်ရှင်ကျန်ရစ်သူများအတွက် နေအိမ်များ ဆောက်လုပ်ပေးရန်မှာ အရေးတကြီးလိုအပ်ချက်တစ်ရပ်အဖြစ် ရင်ဆိုင်နေရသည်။

အဆိုပါမြေငလျင်များ လှုပ်ခတ်ခဲ့မှုကြောင့် အနည်းဆုံး လူပေါင်း ၄၇၉၃၂ ဦးသေဆုံးခဲ့ကြောင်းနှင့် အဆောက်အအုံ ၂၃၀၀၀၀ အလွန်အမင်း ပျက်စီးသွားခဲ့ကြောင်း သိရသည်။

တူကီယဲနိုင်ငံ၏ လက်ရှိအာဏာရပါတီသည် လက်ရှိသမ္မတ အာဒိုဂန် ပြန်လည်ရွေးကောက်ခံရရေး အပါအဝင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

အတိုက်အခံများကမူ အစိုးရအပြောင်းအလဲတစ်ရပ်အတွက် တောင်းဆိုနေကြသည်။ အတိုက်အခံပါတီခြောက်ခုသည် အာဒိုဂန်နှင့် ယှဉ်ပြိုင်အရွေးခံရန် ၎င်းတို့၏ ပူးတွဲကိုယ်စားလှယ်လောင်းအဖြစ် အကြီးဆုံးအတိုက်အခံပါတီ၏ ခေါင်းဆောင်ဖြစ်သူ ကီမယ်ကီလစ်ဒါရိုလုအား အမည်စာရင်းတင်သွင်းထားကြောင်း သိရသည်။

ငလျင်ဘေးမှ လွတ်မြောက်ခဲ့သည့် ပြည်သူတချို့ကလည်း ရွေးကောက်ပွဲများ ပြန်လည်ကျင်းပမည့်အစား အထောက်အပံ့များရရှိရေးအတွက်သာ တောင်းဆိုနေကြောင်း သိရသည်။

လက်ရှိအာဏာရပါတီနှင့် အတိုက်အခံပါတီများသည် ရွေးကောက်ပွဲအလွန်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အာရုံစိုက်သော မူဝါဒများကို အသီးသီးထုတ်ပြန်ထားကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

# ပါကစ္စတန်နိုင်ငံက ကလေးငယ် ၂၁ သန်းကျော်အား ပိုလီယိုကာကွယ်ဆေးထိုးနှံမှု စတင်မည်

အစ္စလာမ္မာဘတ် မတ် ၁၂

ပါကစ္စတန်နိုင်ငံသည် နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်နှင့် ပန်ဂျပ်ပြည်နယ် အရှေ့ပိုင်းတို့တွင် အသက်ငါးနှစ်အောက် ကလေးငယ် ၂၁ ဒသမ ၅၄ သန်းကျော်အား ပိုလီယိုကာကွယ်ဆေးထိုးနှံပေးမှုကို မတ် ၁၃ ရက်တွင် စတင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပါကစ္စတန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ပိုလီယိုကာကွယ်ဆေးထိုးနှံမှု ပထမကာလအဖြစ် မတ် ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်တာ ကာကွယ်ဆေးထိုးနှံမှုအတွင်း မြို့တော်အစ္စလာမ္မာဘတ်၊ ဆင်းပြည်နယ်၏ ခရိုင် ၁၆ ခုနှင့် ပန်ဂျပ်ပြည်နယ်၏ ခရိုင် ၁၃ ခုတို့တွင် ကလေးငယ် ၁၇ သန်းကျော်အား ပိုလီယိုကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ကြောင်း ပါကစ္စတန်ကျန်းမာရေးဝန်ကြီးဌာနက မတ် ၁၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဧပြီ ၃ ရက်မှ ၇ ရက်အထိ ပိုလီယိုကာကွယ်ဆေးထိုးနှံမှု ဒုတိယကာလအတွင်း ခိုင်ဘာပက်တွန်ခွာပြည်နယ် အနောက်မြောက်ပိုင်းရှိ ခရိုင် ၂၆ ခုနှင့် ဘလိုချီစတန်ပြည်နယ် အနောက်တောင်ပိုင်းရှိ ခရိုင် ၁၂ ခုတို့တွင် ကလေးငယ် ၁၂ သန်းကျော်အား ပိုလီယိုကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပါကစ္စတန်နိုင်ငံ ကျန်းမာရေးဝန်ကြီး အဗ္ဗဒူလ်ကာဒီယာပါတယ်က ကလေးငယ်များ အသက်အန္တရာယ်ကင်းရှင်းရေးအတွက် ပိုလီယိုကာကွယ်ဆေးများ ထိုးနှံမှုခံယူရန် ကလေးငယ်များ၏ မိဘများနှင့် အုပ်ထိန်းသူများအား တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ဗီယက်နမ်နိုင်ငံက လာမည့်လတွင် နိုင်ငံသားဦးရေ သန်း ၁၀၀ ပြည့်အထိမ်းအမှတ် အခမ်းအနားပြုလုပ်ရန် စီစဉ်လျက်ရှိ

ဟန္နိုင်း မတ် ၁၂

ဗီယက်နမ်နိုင်ငံသည် လာမည့်လတွင် နိုင်ငံသားသန်း ၁၀၀ ပြည့် အထိမ်းအမှတ်အခမ်းအနားပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

၂၀၂၂ ခုနှစ် ဧပြီလအထိ နိုင်ငံသားဦးရေ ၉၉ ဒသမ ၂ သန်းရှိခဲ့ပြီး ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများအနက် ၁၅ နိုင်ငံမြောက်အဖြစ် ရပ်တည်လျက်ရှိကာ အရှေ့တောင်အာရှတွင် လူဦးရေတတိယအများဆုံးနိုင်ငံဖြစ်ကြောင်း အထွေထွေစာရင်းအင်းရုံး၏ စာရင်းအင်းများအရ သိရသည်။

ကမ္ဘာ့နိုင်ငံများအကြား စီးပွားရေးပြိုင်ဆိုင်မှုများ မြင့်တက်လာချိန်တွင် ကမ္ဘာ့နိုင်ငံများသည် လူသားအရင်းအမြစ်များမှတစ်ဆင့် ယှဉ်ပြိုင်အသာစီးရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း နိုင်ငံ၏ စာရင်းအင်းရုံးက ပြောကြားသည်။

ထို့ကြောင့် ဗီယက်နမ်နိုင်ငံသည် နိုင်ငံသားဦးရေ သန်း ၁၀၀ ပြည့်အထိမ်းအမှတ်ကို ဂုဏ်ယူစရာ မှတ်တိုင်တစ်ခုအဖြစ် နိုင်ငံတကာအသိုင်းအဝိုင်းကြား ရှုမြင်ပါကြောင်း စာရင်းအင်းရုံးက ပြောကြားသည်။

ဗီယက်နမ်အစိုးရက လူဦးရေ သန်း ၁၀၀ မြောက် မွေးဖွားမည့်ကလေးအား ကြိုဆိုသည့်အနေဖြင့် ဧပြီလလယ်ပိုင်းတွင် အခမ်းအနားများ ကျင်းပကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂျပန်အာကာသယာဉ်မှူး ဝါကာတာကိုချီ အာကာသယာဉ်မှူး သုံးဦးနှင့်အတူ နိုင်ငံတကာ အာကာသစခန်းမှ ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိ

တိုကျို မတ် ၁၂

ဂျပန်အာကာသယာဉ်မှူး ဝါကာတာ ကိုချီသည် အာကာသယာဉ်မှူး သုံးဦးနှင့်အတူ နိုင်ငံတကာအာကာသစခန်းမှ ကမ္ဘာမြေသို့ ယနေ့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

မတ် ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခန့်တွင် ၎င်းတို့၏ အာကာသယာဉ်သည် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်သို့ ရောက်ရှိလာခဲ့သည်။ ဝါကာတာကိုချီသည် ပြီးခဲ့သည့် အောက်တိုဘာလကတည်းက နိုင်ငံတကာအာကာသစခန်း၌ တာဝန်များ ထမ်းဆောင်လျက်ရှိသည်။ ငါးလကြာနေထိုင်စဉ်အတွင်း ၎င်း၏ပထမဆုံးအာကာသလမ်းလျှောက်ခြင်းကို ဆောင်ရွက်ခဲ့ပြီး လကမ္ဘာနှင့် အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးများအတွက် အထောက်အကူဖြစ်စေမည့် စမ်းသပ်မှုအမျိုးမျိုးတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အာကာသယာဉ်မှူး လေးဦးသည် မတ် ၁၁ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် နိုင်ငံတကာအာကာသစခန်းမှ ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်ခဲ့သည်။

၎င်းတို့လိုက်ပါစီးနင်းသည့် အာကာသယာဉ်သည် ၁၈ နာရီအကြာ မောင်းနှင်ခဲ့ပြီးနောက် ကမ္ဘာမြေပေါ်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

ဝါကာတာသည် ယခုအကြိမ်တွင် အာကာသထဲ၌ ၁၅၇ ရက်နှင့် နာရီ အနည်းငယ်ကုန်ဆုံးခဲ့သည်။ ၎င်းသည် လက်ရှိတွင် အာကာသအတွင်းသာမက နိုင်ငံတကာအာကာသစခန်းတွင်ပါ ကာလအကြာဆုံးနေထိုင်ကာ တာဝန်များထမ်းဆောင်ခဲ့သည့် စံချိန်အများဆုံးအဖြစ်  မှတ်တမ်းတင်ထားကြောင်း ဂျပန်အာကာသစူးစမ်းလေ့လာရေး အေဂျင်စီက ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော်    မတ်    ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၇ ရက်တွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် Dji Drone တစ်စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၀၀၀၀)ကို လည်းကောင်း၊ မတ် ၉ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသော Oil Filter ၉၀၁၄ ခု အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၃၅၀၄၀)ကိုလည်းကောင်း၊ မတ် ၁၀ ရက်တွင် ထီးတန်းဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော Kanjove Electric Tea Pot Double Cooker ၈၄ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၄၄၀၀၀)ကိုလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၅၉၀၄၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၉ ရက်တွင် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက်ပိုမိုတင်ဆောင်လာသော ကြွေပြားချပ် ချပ်ဖာ ၅၉၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၁၉၅၅၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်သော Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်၊ မတ် ၉ ရက်နှင့် ၁၀ ရက်တို့တွင် မွန်ပြည်နယ်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌တာဝန်ကျပူးပေါင်းအဖွဲ့က မော်တော်ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော Knit Fabric ကီလိုဂရမ် ၅၀၀၀ ၊ Iron Pipe Fitting ကီလိုဂရမ် ၁၈၀၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၁၄၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော Mitsubishi Fuso Truck တစ်စီး၊ Hyundai KMEFG Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀၀)ကို လည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၇၆၅၅၅၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ပါဝင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် ရေကြည်မြို့နယ်နှင့် သာပေါင်းမြို့နယ်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၂၆ ဒသမ ၃၂၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၂၀၆၃)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ မတ် ၁၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား(ဘားအံ)စုပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က မော်တော်ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဟင်းသီးဟင်းရွက်ဆီ ၂၆၉၆ လီတာ၊ Lipovitan- D ချပ်ဖာ၁၆၀ ၊ M-150 ချပ်ဖာ ၂၀ ၊ Cheers Beer ချပ်ဖာ ၁၂၀၊ Singha Beer ချပ်ဖာ ၁၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်သော Toyata Hiace နှစ်စီး၊ Mini Bus တစ်စီး၊ Mitsubishi Canter တစ်စီး၊ TOP SUPER M.P.V တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို လည်းကောင်း၊ ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Arm Bush ချပ်ဖာ ၄၀ ၊ Smart Softener ချပ်ဖာ ၁၇၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၃၀၀၀၀)ကို လည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၃၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၇ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၁၅၆၆၅၃) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ နောင်ချို၊ မိုင်းဆတ်နှင့် မိုင်းပန်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မတ် ၁၁ ရက် နံနက် ၁၁ နာရီခွဲတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၄)ရပ်ကွက်ရှိ အောင်ကျော်ကျော်


စိုင်းခမ်းအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

(ခ) လင်းလင်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀ ကို လည်းကောင်း။

ထို့အတူ မတ် ၁၀ ရက် ည ၇ နာရီတွင် နောင်ချိုမြို့နယ် မကျီးရေကျေးရွာ ဒုဋ္ဌဝတီတံတားအနီးရှိ ရပ်စောက်-နောင်ချိုသွားကားလမ်းတွင် စိုးမိုးနိုင် မောင်းနှင်လာသည့်ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၁၀၀၀ ကိုလည်းကောင်း။

ထို့ပြင် မတ် ၁၁ ရက် ည ၈ နာရီတွင် မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့ မြိုင်သာယာကျေးရွာအနီးရှိ မိုင်းခုတ်-မိုင်းဆတ်သွားကားလမ်းတွင် အိုက်နပ် မောင်းနှင်လာသည့်ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ အိုက်စ် ၁၂ ကီလိုကိုလည်းကောင်း။

အလားတူ မတ် ၁၀ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မိုင်းပန်မြို့နယ် တာဆန်းကျေးရွာအနီးတွင် စိုင်းခမ်း မောင်းနှင်လာသည့် နှစ်ဆန်း ၁၂ ဘီးယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် တင်ဆောင်လာသည့် ဆာလာအိတ်များအတွင်းမှ ပလတ်စတစ်အိတ်များဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၂၁ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၃-၂၀၂၃ တနင်္လာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ်၊ တေဇ္ဇာသုတ်အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ပောပြေထဲကပအိုဝ်းဒေသ |
| ၀၉:၁၀ | စိုက်ပျိုးမွေးမြူသုတဘာက် |
| ၀၉:၂၅ | (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်း |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | Economic Review |
| ၁၁:၃၀ | ဘဝနှင့်အနုပညာ 'ရုပ်ရှင်တေးသွားသံစဉ် အလှတရားများရဲ့သီဆိုရှင်' (တေးသံရှင်မောင်သိန်းဝင်း)(အပိုင်း-၃) |
| ၁၂:၃၀ | ၂၀၂၃-၂၀၂၄ပညာသင်နှစ်တွင်စတင်ဖွင့်လှစ်မည့် အခြေခံပညာအလယ်တန်းအဆင့်(Grade-9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့်ကျောင်းသားကျောင်းသူများနှင့်မိဘပြည်သူများသိရှိနိုင်စေရန် အသိပေးနှိုးဆော်ချက် |
| ၁၂:၄၀ | မြန်မာဇာတ်လမ်းတွဲ 'ဖိနပ်ကြားဝက်၌ တင်သောရေ' (အပိုင်း-၁၇) |
| ၁၃:၃၀ | MRTV National News |
| ၁၅:၄၅ | ကျန်းမာပျော်ရွှင်ဖို့သန့်လေးသန့်ကိုအလေ့ထားလိုက်နော် |
| ၁၆:၃၅ | မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ့ |
| ၁၇:၁၀ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၇:၄၀ | This Week's Special Interest |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | New Future Program |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမှုန်း' (အပိုင်း-၇၀) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၁၅ | (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း 'ကြယ်နှင့်အရူ' (အပိုင်း-၁၂) |
| ၂၂:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၁၇) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Parami Taw (Hnin Hnin Htoo) |
| 07:10 | Journey To The Mogok (Part-1) |
| 07:32 | The Art of Making Glaze Ware |
| 07:51 | Gardener: Rose Plantation |
| 08:01 | News |
| 08:29 | Asia Updates: The New Southern Silk Road (China - Myanmar Chapter) Part-6 (The Buddhist Arts) Part-A |
| 09:01 | Thilawa SEZ Thriving Model Special Economic Zone |
| 09:29 | Let's Taste Delicious Insects: Silkworm Croquettes, Sago Worm Omelet with Duck Egg |
| 09:53 | Kayah |
| 10:01 | News |
| 10:26 | Topical Topics (No. 43) Avoid negligent acts in using fire in the open season |

### MRTV NRC

ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)
ဆန်းပြားလှသည့် ချင်းရိုးရာနားဒေါင်းပလွေမှုတ်

ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)
ရှေးချင်း(ချိုး)ရိုးရာလေးဖေဒင်

မွန် (၀၈:၀၀ မှ ၁၀:၀၀)
အရပ်ရှစ်မျက်နှာဦးချသူများ

ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၆)

ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)
'တိုင်းခင်' ဂုဏ်ရှမ်းတိုင်းရင်းသားတို့၏ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ

ဝ (၁၄:၀၀ မှ ၁၆:၀၀)
'ဝ'ရိုးရာယဉ်ကျေးမှုပြခန်း

ကချင် (၁၆:၀၀ မှ ၁၈:၀၀)
လီဆူရိုးရာဝတ်စားဆင်ယင်ပုံ

ကယား (၁၈:၀၀ မှ ၂၀:၀၀)
တစ်နယ်တစ်ကျေးကကယားတို့ရွာ

ပအိုဝ်းကရင် (၂၀:၀၀ မှ ၂၁:၀၀)
လက်ဖက်ထမင်းနှင့်အမဲသားထောင်း

အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)
သာယာလှပသောကျူထော်ရေတံခွန်သို့သွားလည်ကြရအောင်

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၈:၄၅ | ကျေးလက်နှင့်မြို့ပြတစ်ပြေးညီဖွံ့ဖြိုးဖို့ မြန်မာ့မီးရထားကို စီးနင်းကြပါစို့ |
| ၀၉:၁၅ | Weekly Selected News |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၁:၄၅ | သတင်းသမားပြောတဲ့သတင်းစကား |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအစီအစဉ်ဇာတ်လမ်းတို 'အတုမှန်းသိလျက်လက်ရှိထားမှု' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁) |
| ၁၁:၀၀ | PR SYSTEM ရှင်းလင်းပွဲ |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၁) |

### MRTV FARMERS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၄၅ | ရေအစက်ချစိုက်ပျိုးခြင်း(စိုက်ပျိုးရေ ချွေတာသုံးစွဲနည်းစနစ်) |
| ၀၇:၀၀ | စိုက်ပျိုးမွေးမြူသုတဘာက် |
| ၀၇:၄၀ | တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း (မန္တလေး) |
| ၀၈:၂၀ | ထုတ်လုပ်တီထွင် ဝါမျိုးသစ်တွင် |
| ၀၈:၅၀ | နွေနှမ်းစိုက်ပျိုးဝင်ငွေတိုး |
| ၀၉:၂၀ | လုပကျွန်းမာသောသီးနှံများနှင့်မြို့ထိလာ |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၇)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဆေးခြောက်အဆီဖြင့် ချောကလက်မုန့် ပြုလုပ်ရောင်းချသူကို ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဆေးခြောက်အဆီဖြင့် ချောကလက်မုန့် ပြုလုပ်ရောင်းချသူကို ဖော်ထုတ်ဖမ်းဆီးရမိကြောင်း သိရသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် လူငယ်ထုအတွင်း မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် စိတ်ပြောင်းဆေးဝါးအသစ်များ သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိရာ ချောကလက်ကဲ့သို့ မုန့်များကို ဆေးခြောက်အဆီဖြင့် ရောစပ်၍ အွန်လိုင်းပေါ်မှ ရောင်းချခြင်းများအား လူငယ်များ အတုယူမှား မသုံးစွဲမိစေရန်အတွက် ဘက်ပေါင်းစုံမှချဉ်းကပ်သည့် နည်းလမ်းများဖြင့် တားဆီးနှိမ်နင်းရေးဆောင်ရွက်လျက်ရှိပြီး မတ် ၈ ရက် မွန်းလွဲ ၁ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာမွေမြို့နယ် တာမွေကြီး (ခ)ရပ်ကွက် (၁၆၆) လမ်းမပေါ်တွင် မဆုသက်မွန်(ခ)ပုံ့ပုံ့ကို ဆေးခြောက် ၆၅ ဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းနေထိုင်သည့် တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် တိုက်(၂၀)ရှိ နေအိမ်ကို ဆက်လက်ရှာဖွေရာ ဆေးခြောက် ၂၄၀ ဂရမ်၊ ဖန်ပုလင်းဖြင့်ထည့်လျက် ဆေးခြောက်အဆီ ၆၀ စီစီ၊ ရေခဲသေတ္တာအတွင်းမှ ဆေးခြောက်အဆီဖြင့် ရောနှောပြုလုပ်ထားသည့် ချောကလက်မုန့် ၁၂၄ ခု၊ ဆေးခြောက်မုန့်ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းသည် ၂၀၁၆ ခုနှစ်မှစ၍ ဆေးခြောက်အဆီ ထုတ်သည့်နည်းပညာအား အွန်လိုင်းမှ စတင်လေ့လာခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဩဂုတ်လမှစတင်၍ ဆေးခြောက်များအား အွန်လိုင်းပေါ်မှ တစ်ဆင့်ဝယ်ယူပြီး ချောကလက်မုန့်များအတွင်းသို့ ဆေးခြောက်အဆီများရောနှောပြုလုပ်၍ လူငယ်များအား အွန်လိုင်းမှတစ်ဆင့် ရောင်းချခဲ့ကြောင်း သိရှိရသဖြင့် မဆုသက်မွန်(ခ)ပုံ့ပုံ့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်းနှင့် ဝိသမလောဘသားများအနေဖြင့် ၎င်းတို့ ငွေရလိုမှုတစ်ခုတည်းကိုသာကြည့်ပြီး ကျောင်းသားလူငယ်များနှင့် လူငယ်များအကြား ထင်ယောင်ထင်မှားပြု၍ ယခုထက်ပိုမိုပြီး ဆေးခြောက်များဆက်စပ်ပါဝင်သော အစားအသောက်များကို တွင်တွင်ကျယ်ကျယ်ထုတ်လုပ်ရောင်းချမှုများအပေါ် မိမိနိုင်ငံ၏တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူခြင်းဖြင့် ကြိုတင်ကာကွယ်တားဆီးလျက်ရှိသည်ကို မိဘပြည်သူများအား အသိပေးတိုက်တွန်း တင်ပြထားရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**



သိမ်းဆည်းရမိသည့်ဆေးခြောက်နှင့် ဆေးခြောက်အဆီဖြင့် ပြုလုပ်ထားသည့် ချောကလက်မုန့်များနှင့်အတူ တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ပိုးတန်းရပ်ကွက်နေ သဇင်ခိုင်သည် ၎င်းအသုံးပြုသည့် “Thazin Khaing” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကံရိုးကျေးရွာနေ ပိုးအိလွင်သည် ၎င်းအသုံး ပြုသည့် “Poe Ei Lwin” Facebook အကောင့်နှင့် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျောက်ဖူးကျေးရွာနေ လွင်မာဦးသည် ၎င်းအသုံးပြုသည့် “Lwin Mar Oo” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၀၅ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၆၀ | ၂၁၄၀ | ၂၂၃၅ | ၂၂၅၅ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၂၅ | ၂၈၁၀ |
| 95 Ron | ၂၁၉၀ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၄၅ | ၂၂၂၅ | ၂၃၂၀ | ၂၃၄၀ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၅၁၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၁၅ | ၂၁၅၅ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၂၆၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၆၀ | ၂၁၉၅ | ၂၁၉၅ | ၂၁၉၅ | ၂၄၂၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၅ | ၂၁၉၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၅ | ၂၁၉၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၀ | ၂၂၇၅ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၈ | ၂၀၇၂ |
| 95 Ron | ၂၀၈၀ | ၂၁၅၅ |
| HSD (500 ppm) | ၂၀၀၄ | ၂၀၇၃ |
| HSD (50 ppm) | ၂၀၇၈ | ၂၁၄၉ |
| HSD (10 ppm) | ၂၀၇၈ | ၂၁၄၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ရခိုင်ပြည်နယ် ဓမ္မာရုံဂေါပကအဖွဲ့(ရန်ကုန်)၏ (၃၆)ကြိမ်မြောက် ဂုဏဝိသိဋ္ဌပူဇာအခမ်းအနား ကျင်းပ



**ရန်ကုန် မတ် ၁၂**

ရခိုင်ပြည်နယ်ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(ရန်ကုန်) က ကြီးမှူးကျင်းပသော (၃၆)ကြိမ်မြောက် ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံစေတီတော် အရှေ့မုခ်အနီးရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဘွဲ့တံဆိပ်တော်ရ သံဃာတော်အရှင်သူမြတ် ၁၅ ပါးနှင့် ရခိုင်ပြည်နယ်ဓမ္မာရုံ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ပူဇော်ကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ပြီး (၃၆)ကြိမ်မြောက် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ အခမ်းအနားဖွင့်လှစ်ကာ ရခိုင်ပြည်နယ် ဓမ္မာရုံ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစောသိန်းက အခမ်းအနားဖွင့် စာတမ်းဖြင့် ပူဇော်ဖွင့်လှစ်ကြောင်း လျှောက်ထား၍ ရခိုင်ပြည်နယ်ဓမ္မာရုံ ဂေါပကအဖွဲ့ ဦးဆောင်နာယက ဦးတင်ညွန့်က သာသနာတော်ဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မင်းကျောင်းစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ကြွရောက်တော်မူလာကြသော ပင့်သံဃာတော်များထံမှ မေတ္တာသုတ်တရားတော်များ နာယူကြသည်။

ဆက်လက်၍ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများထံမှ ဩဝါဒတရားတော်များ နာယူကြပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ရခိုင်ပြည်နယ်ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေးဂေါပကအဖွဲ့(ရန်ကုန်)မှ တာဝန်ရှိသူများက ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ တိပိဋ္ဋကပုလဲရောင်ရိုန်စာသင်တိုက်ဆရာတော် ဘဒ္ဒန္တက္ကန္ဒပါလ (တိပိဋ္ဋကဓရ ဓမ္မဘဏ္ဍာဂါရိက) အရှင်သူမြတ်ထံမှ ရေစက်ချအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဟုမ္မလင်းမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၁၂**

စစ်ကိုင်း တိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် အတွင်းရှိ မောင်းခမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၃၅၀ ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘူမိရပ်ကွက်ရှိ မဏိရတနာရာမ မြတောင်ကျောင်းတိုက်၌ သံဃာတော်များနှင့် ဒေသခံ ပြည်သူ စုစုပေါင်း ၂၂၃ ပါး/ဦး တို့ကိုလည်းကောင်း မတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မဏိရတနာရာမ မြတောင်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်စဉ်။

တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများကို သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနက ကယားပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်း

**လွိုင်ကော် မတ် ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအနေဖြင့် ကယားပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဆွမ်းဆန်တော် အခက်အခဲမရှိစေရေးအတွက် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ကွပ်ကဲမှုအောက်ရှိ ဖရူဆိုမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်ဝင်းနှင့် ဝန်ထမ်းများက ဖရူဆိုမြို့နယ် ငွေတော်ရွာသစ်ဘုန်းတော်ကြီးကျောင်းရှိ ရဟန်း၊ သံဃာတော်များအတွက် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများကို သွားရောက်ဆက်ကပ်လှူဒါန်းသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကယားပြည်နယ်အတွင်းရှိ ဆွမ်းဆန်တော် အခက်အခဲရှိသော ဘုန်းတော်ကြီးကျောင်းများသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဇင်(လွိုင်ကော်)**



# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မတ် ၁၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ သံဃာတော် ၁၆၈ ပါးနှင့် ဒေသခံပြည်သူ ၂၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မတ် ၁၂**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ရာသီဥတုဖြစ်စဉ်များနှင့် ကူးစက်ရောဂါများကြားက ဆက်နွှယ်မှု

**လေ့လာမှုအသစ်တစ်ခုအရ ရေကြီးရေလျှံခြင်း၊ အပူလှိုင်းနှင့် မိုးခေါင်ခြင်း စသည့် ရာသီဥတုအခြေအနေများသည် လူကိုကူးစက်သည့်ရောဂါများအနက် ထက်ဝက်ကျော်ကို ပိုမိုဆိုးရွားစေကြောင်း တွေ့ရှိခဲ့ကြသည်။ အဆိုပါရောဂါများတွင် ငှက်ဖျား၊ ကာလဝမ်းရောဂါနှင့် ထောင့်သန်းနာ ရောဂါတို့ ပါဝင်သည်။**

**မောင်သာယာ**



သုတေသနပြုလုပ်သူများသည် အဆိုပါရောဂါများ ဖြစ်ပွားမှု၏ ဆေးပညာစာပေများကို လေ့လာဆန်းစစ်ခဲ့ကြသည်။ လူသို့ ကူးစက်သောရောဂါ ၃၇၅ မျိုးအနက် ၂၁၈ မျိုး သို့မဟုတ် ၅၈ ရာခိုင်နှုန်းသည် ရာသီဥတုဖောက်ပြန်ခြင်းနှင့်ဆက်စပ်သော ပြင်းထန်သည့် ရာသီဥတုကြောင့် ပိုမိုဆိုးရွားသွားဖွယ်ရှိကြောင်း လေ့လာတွေ့ရှိခဲ့ကြသည်။ ယင်းလေ့လာတွေ့ရှိချက်ကို Nature Climate Change ဂျာနယ်တွင် ရေးသားဖော်ပြထားသည်။

လေ့လာမှုအရ ရာသီဥတုဖြစ်စဉ်များမှ ဖျားနာသူများထံသို့ ရောဂါကူးစက်မှုလမ်းကြောင်းပေါင်းများစွာဖြင့် ဆက်နွှယ်နေသည်။ အချို့ကိစ္စများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ခြင်၊ ကြွက်နှင့် သမင်များမှတစ်ဆင့် သယ်ဆောင်လာသည့် ရောဂါများကြောင့် လူများတွင် ရောဂါဘယများခံစားရစေပါသည်။ သမုဒ္ဒရာများ ပူနွေးမှုနှင့် အပူလှိုင်းကဲ့သို့သော အခြားသော ဖြစ်ရပ်များ၊ ပင်လယ်စာများ ပုပ်သိုးပျက်စီးခြင်းနှင့် မိုးခေါင်ခြင်းဖြစ်စဉ်များမှတစ်ဆင့် လင်းနို့ငှက်များသည်လည်း လူများထံသို့ ဗိုင်းရပ်စ်ကူးစက်မှုကို သယ်ဆောင်လာတတ်ကြသည်။

ရှေးပဝေသဏီကတည်းက ရာသီဥတုနှင့် ရောဂါဝေဒနာများမှာ ဆက်နွှယ်မှုရှိခဲ့ကြောင်း သိရှိထားသော်လည်း ယခုလေ့လာမှုသည် လူသားများ၏ ကျန်းမာရေးအပေါ် ရာသီဥတု၏ လွှမ်းမိုးမှု မည်မျှကျယ်ပြန့်ကြောင်း ပြသနေသည်။ "ရာသီဥတုပြောင်းလဲရင် ရောဂါဖြစ်နိုင်ခြေတွေကလည်း ပြောင်းလဲနေပါတယ်" ဟု လေ့လာမှုကို ပူးတွဲပြုလုပ်သူ ဒေါက်တာ ဂျွန်နသန် ပတ်ဇ်က ပြောကြားသည်။

ဒေါက်တာ ကားလို့စ် ဒယ်လ် ရီယိုသည် ယခုလေ့လာမှုတွင် မပါဝင်သော အမ်မိုရီတက္ကသိုလ်မှ ကူးစက်ရောဂါအထူးကု ဆရာဝန်တစ်ဦးဖြစ်သည်။ "ဒီလေ့လာမှုရဲ့တွေ့ရှိချက်တွေက ကြောက်စရာကောင်းပြီး လူသားတွေရဲ့ရောဂါဖြစ်ပွားမှုအပေါ် ရာသီဥတုပြောင်းလဲမှုရဲ့ ကြီးမားတဲ့ အကျိုးဆက်တွေကို အကောင်းဆုံးသရုပ်ဖော်ပေးနေပါတယ်" ဟု သူကပြောကြားသည်။ ရာသီဥတု ဖောက်ပြန်မှုမှ ဘေးအန္တရာယ်များကို ကာကွယ်ရန် လူသားအားလုံး အတူတကွပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ကြောင်း ဒေါက်တာ ဒယ်လ်ရီယိုက ဆက်လက်ပြောကြားသည်။

သုတေသီများသည် ကူးစက်ရောဂါဖြစ်ပွားမှု အခြေအနေများကို ကြည့်ရှုခြင်းအပြင် ပန်းနာရင်ကျပ်၊ ဓာတ်မတည့်မှုနှင့် တိရစ္ဆာန်ကိုက်ခံရခြင်းကဲ့သို့သော ကူးစက်ရောဂါမဟုတ်သော အခြေအနေများအပါအဝင် လူသားများ၏ ရောဂါအမျိုးမျိုးဆိုင်ရာ အချက်အလက်များကိုလည်း စူးစမ်းလေ့လာခဲ့ကြသည်။ ၎င်းတို့သည် ရာသီဥတုဖြစ်စဉ်များနှင့် ဖျားနာမှုများ မည်မျှဆက်နွှယ်နေသည်ကို သိရှိလိုကြခြင်းဖြစ်သည်။ စုစုပေါင်းဖျားနာမှု ၂၈၆ ခုတွေ့ရှိခဲ့ပြီး ၂၂၃ ဦးမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် ပိုမိုဆိုးရွားလာပုံရပြီး ဖျားနာမှုကိုးခုသည် ရာသီဥတုဖောက်ပြန်မှုကြောင့် လျော့ကျသွားသည်ကို သုတေသီများက လေ့လာတွေ့ရှိခဲ့ကြသည်။

**ကိုယ်တွေ့ဖြစ်ရပ် ဥပမာများ**

ဟာဝိုင်အီတက္ကသိုလ်မှ ရာသီဥတုအချက်အလက်ဆိုင်ရာကျွမ်းကျင်သူ ကာမီလို မိုရာသည် ယခုလေ့လာမှု၏ ပူးတွဲခေါင်းဆောင်တစ်ဦးဖြစ်သည်။ မိုရာက ယခုလေ့လာမှုသည် အနာဂတ် ဖြစ်နိုင်ခြေများကို ခန့်မှန်းခြင်းမဟုတ်ဘဲ ဖြစ်ပြီးသားအခြေအနေများသာ ဖြစ်သည်ဟု ပြောကြားသည်။

မိုရာက သူကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်တစ်ခုကို ဥပမာပြသည်။ လွန်ခဲ့သည့် ငါးနှစ်က ကိုလံဘီယာကျေးလက်ဒေသရှိ မိုရာ၏အိမ်သည် ရေလွှမ်းမိုးမှုဖြစ်ပွားပြီး ခြင်ပေါက်ပွားရာ နေရာတစ်ခုဖြစ်ခဲ့သည်။ မိုရာသည် ခြင်ကိုက်ခံရသော ဗိုင်းရပ်စ်ပိုး Chikungunya ကူးစက်ခံခဲ့ရသည်။ သူသည် အသက်ရှင်နေသော်လည်း ရောဂါနှင့်ပတ်သက်သောဝေဒနာကို ခံစားနေရဆဲဖြစ်သည်ဟု ဆိုသည်။

အခြားသောအခြေအနေတစ်ခုမှာ ၂၀၁၆ ခုနှစ်တွင် ဆိုက်ဘေးရီးယားဒေသ၌ ပူနွေးရာမှ အရည်ပျော်သွားမှုနှင့်အတူ ထောင့်သန်းနာကြောင့် သေဆုံးသွားသည့် သမင်နီတစ်ကောင်၏ ရုပ်ကြွင်းများကို တူးဖော်တွေ့ရှိခဲ့ကြသည်။ ကလေးငယ်တစ်ဦးက သေဆုံးနေသောသမင်ကို ထိတွေ့ကိုင်တွယ်မှုကြောင့် ထောင့်သန်းနာရောဂါပိုးဝင်သွားပြီး ရောဂါဖြစ်ပွားမှု ပျံ့နှံ့သွားခဲ့သည်။

ဟားဗတ်ပြည်သူ့ကျန်းမာရေး ကျောင်းရှိ ရာသီဥတု၊ ကျန်းမာရေးနှင့် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ရေးရာဗဟိုဌာနမှ ဒေါက်တာ အာရွန် ဘရန်စတင်းက သူနှင့်အခြားသောကျွမ်းကျင်သူများက လေ့လာမှုသည် ယခုကာလနှင့်အနာဂတ် ရာသီဥတုနှင့် ကျန်းမာရေးအတွက် ကောင်းမွန်သော သတိပေးချက်ဖြစ်ကြောင်း ပြောကြားသည်။

သို့သော်လည်း ကျွန်တော်တို့သိပြီးသား အကြောင်းအရာနှင့် မသိသေးသည့်ရောဂါပိုးမွှားများ အကြောင်းကိုသာ အစီရင်ခံတင်ပြခြင်းမှာ နောင်လာမည့် ရာသီဥတုပြောင်းလဲမှုကို မည်သို့တားဆီးကာကွယ်နိုင်မလဲဆိုသည်ထက် ကိုဗစ်-၁၉ ကဲ့သို့ အနာဂတ် ကပ်ရောဂါဘေးများကို မည်သို့ ကာကွယ်နိုင်မလဲဆိုသည်က ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း ဒေါက်တာ ဘရန်စတင်းက ဆက်လက်ပြောကြားသည်။

**❛ လေ့လာမှုအရ ရာသီဥတုဖြစ်စဉ်များမှ ဖျားနာသူများထံသို့ ရောဂါကူးစက်မှုလမ်းကြောင်းပေါင်းများစွာဖြင့် ဆက်နွှယ်နေသည်။ အချို့ကိစ္စများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ခြင်၊ ကြွက်နှင့် သမင်များမှတစ်ဆင့် သယ်ဆောင်လာသည့် ရောဂါများကြောင့် လူများတွင် ရောဂါဘယများခံစားရစေပါသည်။ သမုဒ္ဒရာများပူနွေးမှုနှင့် အပူလှိုင်းကဲ့သို့သော အခြားသော ဖြစ်ရပ်များ၊ ပင်လယ်စာများ ပုပ်သိုးပျက်စီးခြင်းနှင့် မိုးခေါင်ခြင်းဖြစ်စဉ်များမှတစ်ဆင့် လင်းနို့ငှက်များသည်လည်း လူများထံသို့ ဗိုင်းရပ်စ်ကူးစက်မှုကို သယ်ဆောင်လာတတ်ကြသည် ❜**

ကိုးကား– Study Connects Climate Events to Infectious Diseases ကို ဘာသာပြန်သည်။

## အလုံမြို့နယ်အတွင်း ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်အတွင်း အများပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ ဓာတ်အားပျောက်ဆုံးမှုကျဆင်းရေးတို့အတွက် အောက်ကြည့်မြင်တိုင်လမ်း၊ သစ်တောလမ်းနှင့် နှင်းဆီကုန်းလမ်းလမ်းတစ်လျှောက်ရှိ ကောင်းကင်ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသောသစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို ယနေ့ နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာ၌ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အနောက်ပိုင်းခရိုင်လျှပ်စစ်မန်နေဂျာနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့က အနီးကပ်ကြီးကြပ်၍ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးဝန်ထမ်းအင်အား ၁၅ ဦး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်ဌာနမှ ဝန်ထမ်း ၁၀ ဦးတို့က အမှိုက်သိမ်းယာဉ် သုံးစီးတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်မောင်(လျှပ်စစ်)

## ခရမ်းမြို့နယ်တွင် ငါးမွေးမြူရေးနည်းပညာသင်တန်း ဖွင့်လှစ်

ခရမ်း မတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်ညွှန်ကြားမှုဖြင့် သန်လျင်ခရိုင် ခရမ်းမြို့နယ် ကျုံးကျုံးကျကျေးရွာတွင် ငါးမွေးမြူရေးလုပ်ငန်းရှင်များအတွက် ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသည့် ကျေးလက်နေပြည်သူများအား ငါးမွေးမြူရေး နည်းပညာပေးသင်တန်းကို ယမန်နေ့ နံနက် ၁၁ နာရီက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်းမတွင် ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။



သင်တန်းဖွင့်ပွဲတွင် သန်လျင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်က သင်တန်းမှ ရရှိလာမည့် နည်းပညာရပ်များဖြင့် ငါးမွေးမြူရေးလုပ်ငန်းနယ်ပယ်တွင် ဝင်ငွေတိုးပွားစေရေးဆောင်ရွက်ကြရန် အလေးထား တိုက်တွန်းပြောကြားသည်။

သင်တန်းနည်းပြ လေးထောင့်ကန် ငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်သင်းသင်းခိုင်က ငါးမွေးမြူရေးဆိုင်ရာ အခြေခံငါးမွေးမြူရေး၊ ငါးမုတ်ငါးသန်ပြုစုခြင်း၊ ငါးဆေးထိုး သားဖောက်ခြင်း၊ ငါးအသားတိုးမွေးမြူခြင်းတို့အား သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ခရမ်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးဌာနမှူး ဦးမျိုးတင့်နှင့် ဝန်ထမ်းများ၊ ကျုံးကျုံးကျကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ဝါသနာရှင် သင်တန်းသား သင်တန်းသူ ၅၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ကိုမင်း (ခရမ်း)

ပုံပြင်

# နှင်းဆီဖြူနှင့် နှင်းဆီနီ

မင်းယုဝေ

တစ်ရံရောအခါ မိန်းမကြီးတစ်ယောက်တွင် သမီးနှစ်ယောက်ရှိလေ၏။ သူတို့မိသားစုသည် ချစ်ချစ်ခင်ခင်နှင့် ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်ကြလေသည်။ သူတို့၏ ဥယျာဉ်ထဲ၌ နှင်းဆီပင်နှစ်ပင်ရှိလေသည်။ တစ်ပင်မှာ ဖြူဆွတ်သောအပွင့်များပွင့်သည်။ ကျန်တစ်ပင်မှာမူ နီရဲသောအပွင့်များပွင့်သည်။ ဤနှင်းဆီနှစ်ပင်ကို အစွဲပြု၍ မိခင်သည် သမီးနှစ်ယောက်အား နှင်းဆီဖြူ နှင်းဆီနီဟု အမည်ပေးထားလေသည်။

ညီအစ်မနှစ်ယောက်တွင် အငယ်ဖြစ်သူ နှင်းဆီနီသည် ပြင်ပတွင် ပြေးလွှားကစားနေခြင်းကို အထူးနှစ်သက်သည်။ စိတ်လည်း ထက်မြက်လျင်မြန်လေသည်။ နှင်းဆီဖြူကား နူးညံ့သိမ်မွေ့၍ ငြိမ်သက်စွာနေလေ့ရှိသည်။ မိခင်ကြီး၏ အိမ်မှုကိစ္စများကိုလည်း ကူညီလုပ်ကိုင်ပေးလေ့ရှိသည်။

ညီအစ်မနှစ်ယောက်သည် မကြာခဏတောထဲသို့ သွား၍ကစားလေ့ရှိကြသည်။ သူတို့သည် တောထဲ၌ ကစားရင်း လှည့်ပတ်သွားလာနေကြသော်လည်း မည်သည့်သားရဲတိရစ္ဆာန်ကမျှ သူတို့ကို ရန်မမူကြချေ။ ငှက်များနှင့် ပိုးကောင်၊ မွှားကောင်များကလည်း သူတို့ကို တစ်စုံတစ်ရာအန္တရာယ်ပြုခြင်းမရှိပေ။ သူတို့သည် တစ်ခါတစ်ရံ တောထဲ၌ လှည့်လည်ရင်း မိုးချုပ်သွားသည့်အခါ သစ်ပင်တစ်ပင်အောက်ရှိ ရေညှိများပေါ်၌ အိပ်ကြလေသည်။ တစ်ခါတစ်ရံ၌မူ မြက်ခင်းပေါ်၌ အိပ်ကြလေ၏။ မိခင်သည် သမီးများ ပြန်မလာသော်လည်း စိတ်ပူပန်ခြင်းမရှိပေ။ သူ၏ သမီးငယ်များ တောထဲ၌ ဘေးမဖြစ်နိုင်ဟု စိတ်ချထားသောကြောင့် ဖြစ်သည်။

တစ်နေ့တွင် ညီအစ်မနှစ်ဦးသည် တောထဲ၌ပင် အိပ်နေကြ၏။ သူတို့တစ်ရေးနိုးသောအခါ အလွန်လှပသောနတ်သမီးတစ်ပါးသည် သူတို့အနီးတွင်ရပ်လျက်နေသည်ကို တွေ့ရလေသည်။ သူတို့သည် အောက်သို့ ကြည့်လိုက်သည်တွင် ကြောက်မက်ဖွယ်ကောင်းအောင် မတ်စောက်သောချောက်ကမ်းပါးကြီးကို တွေ့မြင်ရလေ၏။ ထိုအခါ နတ်သမီးသည် သူတို့ကို ထိုချောက်ထဲသို့မကျရန် စောင့်ရှောက်နေကြောင်း သိရှိကြလေ၏။

နွေအခါများ၌ သူတို့သည် နံနက်တိုင်း မိခင်ကြီးအတွက် ပန်းတစ်စည်းစာ အမြဲခူးပေးလေ့ရှိ၏။ ဆောင်းအခါများ၌မူ အိမ်တွင်း၌ မီးဖိုကာ နေကြလေသည်။ ထိုအခါမျိုးတွင် နှင်းဆီဖြူသည် ကြေးရေနွေးကရားကို ရွှေကဲ့သို့တောက်ပလာအောင် ပွတ်တိုက်လေ့ရှိသည်။ သူတို့သည် အိမ်တံခါးကို သော့ခတ်ပိတ်ကာ မီးဖိုအနီး၌ ဝိုင်းထိုင်နေကြစဉ် မိခင်ကြီးသည် သူတို့အား စာဖတ်ပြလေ့ရှိသည်။ အိမ်တွင် မွေးထားသော သိုးလေးတစ်ကောင်သည်လည်း သူတို့အနီးတွင် နေလေ့ရှိသည်။ ချိုးငှက်လေးတစ်ကောင်သည် ဦးခေါင်းကို အတောင်များကြားတွင် သွင်းကာ လာရောက်နားနေလေ့ရှိသည်။ ထိုအခါမျိုး၌ သူတို့သည် အလွန်ပင်ပျော်ရွှင်နှစ်သိမ့်ခြင်းဖြစ်ကြလေသည်။

နွေအခါများ၌ သူတို့သည် နံနက်တိုင်း မိခင်ကြီးအတွက် ပန်းတစ်စည်းစာ အမြဲခူးပေးလေ့ရှိ၏။ ဆောင်းအခါများ၌မူ အိမ်တွင်း၌ မီးဖိုကာ နေကြလေသည်။ ထိုအခါမျိုးတွင် နှင်းဆီဖြူသည် ကြေးရေနွေးကရားကို ရွှေကဲ့သို့ တောက်ပလာအောင် ပွတ်တိုက်လေ့ရှိသည်။ သူတို့သည် အိမ်တံခါးကို သော့ခတ်ပိတ်ကာ မီးဖိုအနီး၌ ဝိုင်းထိုင်နေကြစဉ် မိခင်ကြီးသည် သူတို့အား စာဖတ်ပြလေ့ရှိ

တစ်ခုသော ဆောင်းတစ်ညဝယ် တံခါးခေါက်သံတစ်ခုကို သူတို့ကြားရလေ၏။နှင်းဆီဖြူသည် ဝိုင်းဖွဲ့နေရာမှထ၍ တံခါးကိုဖွင့်လိုက်သော် အံ့အားသင့်ကာ အလွန်ထိတ်လန့်သွားလေ၏။ ဝက်ဝံကြီးတစ်ကောင် ဝင်လာသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။ ဝက်ဝံကြီးသည် ကြီးမားသည်။ သူ၏ကိုယ်ပေါ်တွင်လည်း နှင်းများ စိုရွှဲလျက်ရှိသည်။

“ကျွန်ုပ်သည် သင်တို့အား တစ်စုံတစ်ရာ ရန်မပြုပါ၊ မကြောက်ပါလင့်။ ကျွန်ုပ်သည် သွေးခဲလုမတတ် ချမ်းအေးလှသဖြင့် ခိုလှုံစရာနေရာကို ရှာရခြင်းဖြစ်ပါသည်” ဟု ဝက်ဝံကြီးက ပြောလေ၏။

ထိုစကားကိုကြားလျှင်သနားကြင်နာတတ်သော မိခင်ကြီးသည် ဝက်ဝံကြီးကို မီးဖိုအနီးသို့ခေါ်၍ မီးလှုံစေလေ၏။ ထို့ပြင် သူသည် ဝက်ဝံကြီး၏ အမွေးများ မီးမလောင်စေရန်လည်း သတိပေးလေသည်။ ဝက်ဝံကြီးလည်း မီးဖိုအနီးတွင် လဲလျောင်းကာနေလေ၏။ အတန်ညဉ့်နက်သော် သူတို့သည် ဝက်ဝံကြီးနှင့်ခင်မင်သောမိတ်ဆွေများအဖြစ်သို့ ရောက်ရှိသွားလေတော့၏။ မိခင်ကြီးသည် ဝက်ဝံကြီးအား စားဖိုဆောင်တွင် အိပ်လိုက အိပ်နိုင်ကြောင်း ခွင့်ပေးလေသည်။ ဝက်ဝံကြီးကလည်း ကျေးဇူးတင်ကြောင်း ပြောကာအိပ်လေ၏။

သို့ဖြင့် ဝက်ဝံကြီးသည် ညစဉ်ညတိုင်းလာ၍အိပ်လေ၏။ နှင်းဆီဖြူတို့မိသားစုသည် ဝက်ဝံကြီး အမြဲလာကြောင်းသိသဖြင့် သူမလာမချင်း တံခါးသော့မခတ်သေးဘဲ ထားလေ့ရှိ၏။ နွေရာသီရောက်သောအခါ၌ကား ဝက်ဝံကြီးသည် သူတို့ကိုနှုတ်ဆက်ကာ ခွင့်ပန်လေတော့၏။ သူက..

“ကျွန်ုပ်သည် အဆွေတို့ထံ နွေရာသီ၌ မလာနိုင်ပါ။ ကျွန်ုပ်၏ရတနာများကို စောင့်ရှောက်ရပါဦးမည်။ ယုတ်မာသော လူပုကလေးတစ်ယောက်သည် ထိုရတနာများကို လာရောက်ခိုးယူလေ့ရှိပါသည်။ ဆောင်းအခါ၌မူ မြေပြင်မှာ နှင်းခဲများဖုံးလွှမ်းနေသဖြင့် သူသည် ရတနာများကို မယူနိုင်ပါ” ဟု အကြောင်းစုံရှင်းပြလေသည်။

(ဆက်လက်ဖော်ပြပါမည်)

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင် ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။





ကဗျာ

## မိုးကုပ်စက်ဝိုင်း

✣ တစ်ခုဆည်းဆာ၊ ရီပြာပြာ၌
ငါလျှင်ယောက်ချင်း၊
ငေးမောရင်းဖြင့်
လယ်ကွင်းမြေကွက်၊
ကန်သင်းထက်ဝယ်
ထိုင်လျက်နေမိသည်တကား။

✣ ထိုင်လျက်နေစဉ်၊ ရှေ့တစ်ခွင်၌
နေဝင်မိုးဝ၊ မှိန်ပျပျနှင့်
အောက်ကမြေကြီး၊ တွေ့ဆုံစည်းသို့
ခရီးဝေးက၊ မြင်နေရသည်
မိုးစမြေမှာပါတကား။

✣ မိုးနှင့်မြေကြီး၊ တစ်စပ်တည်းဟု
မှတ်ပြီးတစ်ခါ၊ တွေ့ဆုံရာသို့
ငါသာစိတ်လို၊ သွားမည်ဆိုက
သည်းဖိုလှိုက်ပန်း၊ ငါသာနွမ်းမည်
သည်လမ်း ဘယ်မှာမဆုံးတကား။

✣ မိုးမြေဆုံစည်း၊ ဤခရီးသို့
မငြီးချင်သူ၊ လှပြာဖြူနှင့်
ငါမူလက်လှမ်း၊ ချစ်စခန်းလည်း
မျှော်မှန်းရာတွင်၊ နီးပါချင်လျက်
လိုက်လျှင်ရွှေ့ရွှေ့၊
ဖြည်းဖြည်းရွှေ့၏။

✣ တစ်နေ့တခြား၊ ဝေးကွာငြားက
စိတ်ထားမသစ်၊ ဝေမှိုင်းညစ်၍
သည်ချစ်ပုံခိုင်း၊ ပမာနှိုင်းမည်
စက်ဝိုင်းမိုးကုပ်နှယ်တကား။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှုဘဝ

## လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

### ဟယ်လင်ကဲလား

**မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)**

ဟယ်လင်ကဲလားကို အမေရိကန်ပြည်ထောင်စုရှိ အယ်လ်ဘာမာမြို့တွင် ၁၈၈၀ ပြည့်နှစ်၌ မွေးဖွားခဲ့သည်။ သူသည် နားမကြား၊ မျက်စိမမြင်သည့်အပြင် အကျိုးသက်ရောက်စွာ စကားမပြောတတ်သော်လည်း အောင်မြင်မှုကို ရရှိအောင်မြင်ခဲ့သည့် စာရေးဆရာနှင့် ပညာတတ်တစ်ဦး ဖြစ်လာခဲ့သည်။ သူသည် အသက် (၈၇) နှစ်အရွယ် ၁၉၆၈ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

ဟယ်လင်ကဲလားသည် ကလေးအရွယ်တွင် ပြင်းထန်သော ဖျားနာခြင်းဖြစ်ခဲ့ပြီး သူ့အား နားမကြား၊ မျက်စိမမြင် ဖြစ်စေခဲ့သည်။ သည့်အတွက်ကြောင့် သူသည် အသံများကို မမှတ်မိနိုင်အောင် ဖြစ်ခဲ့သည်။ သူကိုယ်တိုင် နားလည်အောင် ပြုလုပ်ရန် မတတ်နိုင်သောအခါ သူသည် အသံများကို လုံးဝရပ်စေခဲ့ပြီး အကျိုးသက်ရောက်စွာ စကားမပြောတတ်မှုဖြစ်လာခဲ့သည်။ သူ၏မိဘများသည် သူ့ကို ကူညီရန် စိတ်ပျက်အားလျော့၍ မျှော်လင့်ချက်ကုန်ဆုံးခဲ့ကြသည်။ ထို့ကြောင့် သူတို့သည် အသက် (၂၀) အရွယ်ရှိ အန်နီဆူလီဗန်အမည်ရှိ ဆရာမတစ်ဦးကို ငှားရမ်းခဲ့သည်။

ဆူလီဗန်ကိုယ်တိုင်က တစ်ခါတုန်းက မျက်စိမမြင်သူဖြစ်ခဲ့ပြီး ထူးချွန်သောဆရာမတစ်ဦးဖြစ်ရန် သက်သေပြခဲ့သည်။ သူသည် အက္ခရာများကို သူ၏လက်ထဲသို့ ဖိနှိပ်လိုက်ခြင်းဖြင့် အရာဝတ္ထုများ၏ အမည်ကို ဟယ်လင်ကဲလားအား သင်ကြားခဲ့သည်။ သူ၏လည်ချောင်းတွင် တုန်ခါခြင်းကို သူ့အား ခံစားစေခြင်းဖြင့် စကားပြောတတ်ရန် သင်ကြားခဲ့သည်။ ကဲလားက သူသည် ဉာဏ်ကောင်းသောကျောင်းသူတစ်ဦးဖြစ်ကြောင်း မကြာမီပြသခဲ့သည်။ သူသည် စာရေး၊ စာဖတ်တတ်ရန် လေ့လာခဲ့ပြီး အကျိုးဆက်အနေဖြင့် တက္ကသိုလ်ဘွဲ့တစ်ခုရရှိခဲ့သည်။

မကြားဘဲနှင့် စကားပြောရမည်မှာ မည်မျှခက်ခဲကြောင်း စိတ်ကူးကြည့်လျှင် ကဲလားပြုလုပ်ခဲ့သော အသံများကို နားလည်ရန် အဘယ်ကြောင့်ခက်ခဲကြောင်း သင်နားလည်လာလိမ့်မည်။ သူ လူထုထဲတွင် စကားပြောဆိုခဲ့သောအခါ ဘာသာပြန်သူတစ်ဦး လိုအပ်ခဲ့သည်။ သို့သော် ပြဿနာများရှိသော်လည်း ဟယ်လင်သည် လူများစွာကို သူတတ်နိုင်သမျှ အကူအညီပေးရန် ကြိုးစားခဲ့သည်။ သူ၏ ကိုယ်ပိုင်အံ့အားသင့်ဖွယ်ကောင်းသော အောင်မြင်မှုကား ကြီးမားသော စိတ်ကူးစိတ်သန်းပင်ဖြစ်သည်။

ထို့ပြင် သူသည် ကမ္ဘာ့အနှံ့ ခရီးသွားလာခဲ့ပြီး လက်ချာများ ဟောပြောခဲ့သည်။ သူသည် ၁၉၀၂ ခုနှစ်တွင် ထုတ်ဝေသော The Story of My Life အပါအဝင် စာအုပ်များစွာကို ရေးသားခဲ့သည်။ ။

■





# နွေရောက်ပြီလေ မီးသတိပြုကြမသွေ

## ပြေအေးသက်

နွေရာသီက မပီပြင်သေးပါဘူး။ မီးနံ့များက နေရာအနှံ့မှ ကြားနေရပါပြီ။ နွေဦးဂီတဆရာ ကိုဥဩ၏ အလွမ်းတေးထက်ပင် စောချင်နေသေးသည်။ မည်သို့ဖြစ်ကြသည်မသိ၊ လောင်ကို လောင်မှရမည် ဆိုသည်မျိုးဖြစ်နေသည်။ သတိပြုကြစေချင်သည့် စေတနာကအရင်းခံပါ။ သွားသတိ၊ လာသတိ၊ စားသတိနှင့်ဆိုသကဲ့သို့မျိုး မီးနှင့်ပတ်သက်လာလျှင်လည်း ဖယောင်းတိုင်မီး၊ မီးခွက်မီး၊ ထင်းမီး၊ လျှပ်စစ်မီး၊ ဂတ်စ်မီး စသည်ဖြင့် မည်သည့်မီးပင်သုံးသုံး သတိတစ်လုံး လက်ကိုင်သုံးပြီး သတိနှင့်မီး အမြဲယှဉ်ကာအသုံးပြုစေချင်သည်။ အဘယ်ကြောင့်ဆိုသော် "လူခိုးလျှင်တော့ အစုတ်ကျန်၊ မီးခိုးလျှင်တော့ အပြုတ်နှံ့"သောကြောင့် လက်တို့နေရခြင်းဖြစ်သည်။ မီးဘေးအန္တရာယ်သည် အခြားဘေးအန္တရာယ်တို့ထက် ဖြစ်ပွားမှုနှုန်း ပိုများသောကြောင့်ပင်ဖြစ်သည်။

### ကြုံဖန်ကျေးဇူးတင်ရ

တာဝန်အရ ခရီးတစ်ခုကို သွားရာတွင် ရည်မှန်းချက်နေရာမရောက်မီ လမ်းခုလတ်၌ ညအိပ်ရပ်နားရန် ကြုံလာရသည်။ သို့နှင့် ရောက်လက်စရွာလေးတွင် ညအိပ်ရန်အမှုပြုကြသည်။ မိမိတို့နှင့်အတူ တွဲဖက်ပါလာသောအဖွဲ့တွင် ဆက်သွယ်ရေးစက်တစ်လုံးပါလာသည်ကို တွေ့ရသည်။ နောက်တစ်နေ့နံနက် ခရီးဆက်ထွက်မည်ဟု ဆိုသောအခါမှ အဆိုပါဆက်သွယ်ရေးစက်ဆိုသည်မှာ စာအုပ်အထူကြီး မီးလောင်ထားသကဲ့သို့ အထပ်လိုက် အချပ်လိုက် မူလပုံမပျက်သော်လည်း ပြာထုချပ်ကြီးဖြစ်နေသည်။ အကြောင်းစုံမှာ ညက စက်ကိုင်သောပုဂ္ဂိုလ်လေးသည် ဆက်သွယ်ရေးစက်ပေါ်တွင် ဖယောင်းတိုင်ထွန်း၍ ဝတ္ထုစာအုပ်ဖတ်ရာမှ အိပ်ပျော်သွားကာ စက်မီးလောင်သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။ အဆိုးထဲမှ အကောင်းမှာ မီးသည်အခြားသို့ ကူးစက်မလောင်ကျွမ်းသည်ကို ကျေးဇူးတင်နေရသေးသည်။

### လျှော့မတွက်သာ

တစ်ခါကလည်း မိုးရာသီထဲ ခရီးတစ်ခုအသွားတွင် ညစာထမင်းချက်ရန်ကြုံလာသည်။ တည်းခိုရမည့်နေရာကလည်း မရောက်နိုင်သေး။ မိုးကလည်းကျ မှောင်ကလည်းမှောင်လာသဖြင့် ရောက်သည့်နေရာတွင် ညအိပ်တည်းခိုရန် လုပ်ရသည်။ ခင်းကျင်းရန်ပါလာသည့်ပလတ်စတစ်စကို နီးစပ်ရာသစ်ပင်ကိုင်းများတွင် ချည်နှောင်ပြီး ယာယီမီးဖိုချောင်အမိုးလုပ်ကာ မိုးထဲရေထဲ ငှါဝမ်းပူဆာမနေသာသည့် ထမင်းချက်မည့်အမှုပြုကြသည်။ ထင်းကိုင်းကစို မီးခြစ်က ငြိမ်းလိုက်တောက်လိုက်နှင့် မီးကမစွဲ။ သို့ဖြင့် အနီးနားရှိသောသူတစ်ဦးက သူ့ဖိနပ်ခွာမှရော်ဘာသားကိုလှီးပြီး မီးစာလုပ်သည်။ ထိုရော်ဘာသားကို မီးရှို့၍ ထင်းပုံထဲထည့်သည်။ မီးစွဲစပြုချိန်တွင် ခြင်ကိုက်လျှင်လိမ်းသည့် ခြင်မကိုက်ဆေးရက်ပီတိုအရည်ကိုလောင်း၍ မီးစွဲရန်လုပ်သည်။ ရက်ပီတိုအရည်လောင်းချသည်ကို မလောင်းရန်တားရာ နောက်ကျသွားပြီး ထိုသူလည်း ပက်လက်လန်၊ လက်လည်းမီးဟပ်သွားသည်။

### ပေါ့၍မရ

ဌာနဝင်းအတွင်း ဝင်းအနောက်ဘက်တွင် သစ်ရွက်ခြောက်များ၊ ခြုံနွယ်အမှိုက်သရိုက်များ များပြားလာ၍ သန့်ရှင်းရေးပြုလုပ်ရန် လက်အောက်က သန့်ရှင်းရေးဝန်ထမ်းအချို့အား ခုတ်ထွင်ရှင်းလင်းခိုင်းခဲ့မိသည်။ ထိုဝန်ထမ်းတို့ ရွှေညာဏ်တော်စူးရောက်ကာ လှဲကျင်းခုတ်ထွင်ရမည့်အစား မီးခပ်ပါးပါး ရှို့လိုက်ကြသည်ဟုဆိုသည်။ သို့သော်လည်း မြန်လို၍ မီးရှို့ရှင်းရာ ထိုဝန်ထမ်းငယ်သုံးဦး၌ မီးသတ်ရမည့် ရေပုံး၊ မီးချိတ်၊ မီးကပ်များ အနားတွင် အသင့်အနေအထားမရှိ။ အပိုင်းလိုက် အကန့်လိုက် မီးတားလမ်းများနှင့်ကန့်၍ မီးရှို့သည်လည်းမဟုတ်၊ နောက်ဆုံးတွင် မီးများလာပြီး ဌာနအဆောက်အအုံများပါ မီးအန္တရာယ် ဆိုက်ရောက်လာနေသဖြင့် အရပ်ကူပါ လူဝိုင်းပါ မီးသတ်ကားကူပါအထိဖြစ်သွားခဲ့ရသည်။ လူနိုင်ရေနိုင်၍ မီးအစွယ်ကျိုးသွား၍သာ မိမိပါ အကြောင်းမဆိုးသွားခြင်းဖြစ်သည်။

### မီးတို့ခိုင်း

ငယ်စဉ်ကျေးရွာများ၌နေစဉ်က အဘိုးအဘွားတို့သည် ဆေးလိပ်မီးတို့ခိုင်းသည့် အကျင့်ရှိခဲ့ကြသည်။ ဆေးလိပ်မီးတို့ရင်း တွေ့သည့်အာလူး၊ ငါးခြောက်စသည်တို့ကို တစ်လက်စတည်း မီးဖုတ်စားတတ်ကြသေးသည်။ မီးနှင့်အကျွမ်းတဝင်နေကြသည်ဆိုသော်လည်း လေအဝှေ့နှင့် မီးကြွင်းမီးကျန်တို့ ပေါင်းဖက်သွားလျှင် မပြောကောင်း မဆိုကောင်း အရေးများဖြစ်တတ်ကြသည်။ မီးကြွင်းမီးကျန်မရှိရေး၊ ကလေးသူငယ်များကို မီးမဆော့စေရေးတို့ကလည်း ကျေးလက်ဒေသများတွင် အရေးပါနေဆဲဖြစ်မည်ထင်သည်။ ယခုကာလသည် ရှေးကကဲ့သို့မဟုတ်ဘဲ ဂတ်စ်မီးခြစ်များလည်း ပေါများခဲ့ပြီဖြစ်၍ မီးမတို့ခိုင်းလောက်ပြီထင်သည်။ ထို့ပြင် မြို့နယ်ကျေးရွာများပါမကျန် မီးအန္တရာယ်သတိပေးကြေညာလှုပ်ရှားမှုများရှိနေဆဲဖြစ်ပြီး တေးဆိုဦးထွန်းရွှေ၏ မီးသတိပေးသီချင်းသံမှာ ယခုကာလများတွင် ပျံလွင့်လေလေ ကောင်းလေလေဖြစ်မည်ထင်သည်။

> ❛ မီးသည်ကား သုံးတတ်လျှင်မိတ်ဆွေ၊ နမော်နမဲ့ စည်းမရှိကမ်းမရှိသုံးစွဲပါက ရန်သူဖြစ်နေသောကြောင့် ယခုလိုပူပြင်းစပြုလာပြီဖြစ်သော ရာသီဥတုနှင့် လူနေထူထပ်သောနေရာဒေသများသည် အခြားနေရာဒေသများထက် မီးကို ပိုမိုဂရုပြုသုံးစွဲသွားရပေမည်။ မရှိမဖြစ် ချစ်စရာမိတ်ဆွေမီးသည် မုန်းစရာရန်သူမီး မဖြစ်သွားစေရန်အတွက် ချစ်သူရန်သူ မျဉ်းပါးလေးကို ထိန်းသိမ်းစောင့်ရှောက်သွားရမည်ဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုတွင်လည်း ဖြစ်လာမှကုသခြင်းထက် မဖြစ်ခင်က ကြိုတင်ကာကွယ်ကုသခြင်းသည် ကျန်းမာရေးအတွက် ကောင်းသကဲ့သို့ မီးဘေးတွင်လည်း ဖြစ်လာမှ တားဆီးကာကွယ်ရသည်ထက် မဖြစ်လာမီကပင် ကြိုတင်ကာကွယ်ရခြင်းသည် ပိုမိုကောင်းမွန်မည်မှာ အမှန်ပင်ဖြစ် ❜

### အမှိုက်ကစ ပြာသာဒ်မီးလောင်

မီးလောင်ကျွမ်းမှုများတွင် မီးဖိုချောင်မီးနှင့် ပေါ့ဆမီးက မီးလောင်ကျွမ်းမှု၏ ၈၃ ရာခိုင်နှုန်းဟု ဆိုကြသည်။ ပြောချင်သည်က မီးလောင်ကျွမ်းခြင်းသည် အသေးအဖွဲဆိုသည့်နေရာမှစ၍ လောင်ကျွမ်းကြရာမှ နောက်ဆုံးမီးလောင်ကျွမ်းမှုအကြီးကြီးဖြစ်ပေါ်လာသည်အထိ ကြီးကျယ်ဖြစ်ပွားသွားသည်ဟုဆိုချင်သည်။ မီးနှင့်ပတ်သက်၍ အသေးအဖွဲဟူ၍မရှိ အလေးအနက်ထားဆောင်ရွက်ရမည်ဟု ညွှန်းဆိုနေကြသည်မှာ အထင်အရှားပင်ဖြစ်နေသည်။ မီးသည် ပေါ့ဆ၍မရဆိုသည်မှာလည်း ပေါ်လွင်နေပြီး စနစ်တကျဂရုစိုက်၍သုံးစွဲသင့်သည့် အနေအထားတွင်ရှိကြောင်းကလည်း ပြောစရာပင်မလိုသည့်အခြေအနေတွင်ဖြစ်သည်။ သိပင်သိသော်ငြားလည်း မလိုက်နာမိ သတိမမူမိကြသည်ကများပြီး တကယ်ဖြစ်ပြီဆိုလျှင် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်ကြသည်က များသည်။

### ရန်သူထိုမီး

ရန်သူမျိုးငါးပါးထဲတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး အလွန်တရာဆိုးရွားလှသည်ဟု ဆိုရမည်။ သူခိုးဓားပြထက်ဆိုးပြီး မည်သူ့ကိုမျှလည်း ညှာတာမည်မဟုတ်ပါ။ သို့ဖြစ်ပါ၍ သူ့ကိုကြိုတင်ကာကွယ်သောနည်းလမ်းဖြင့် တားဆီးရမည်ဖြစ်သည်။ မြို့နယ်ကျေးလက်များတွင် အိမ်တိုင်း မီးချိတ်၊ မီးကပ်၊ ရေအိတ်၊ သဲအိတ်ထားရှိပြီး သတ်မှတ်ချိန်အတိုင်း ချက်ပြုတ်စားသောက်ကြကာ ထင်းမီး အခြားလောင်စာမီးတို့တွင် မီးကြွင်းမီးကျန်မရှိစေရေး စနစ်တကျ သတိရှိရှိငြိမ်းသတ်ရပေမည်။ မီးသတ်ဆေးဘူးများထားရှိကာ ငြိမ်းသတ်နိုင်ရေး ကြိုတင်ဇာတ်တိုက်လေ့ကျင့်ထားရပေမည်။

လျှပ်စစ်ဓာတ်အားနှင့် ဂတ်စ်အိုးသုံးစွဲသူများသည်လည်း စနစ်တကျသုံးစွဲမှသာလျှင် တော်ရုံကျပေမည်။ မည်သို့ပင်ဆိုစေကာမူ ပေါ့ဆမှုများကင်းဝေးပြီး စည်းနှင့်ကမ်းနှင့် နည်းနှင့်လမ်းနှင့် မီးကိုသုံးစွဲကြရန်လိုကြောင်းကိုမူ အထူးပြောရန်လိုမည်မထင်။ သို့မှသာ အိုးမဲ့အိမ်မဲ့ အနေမဲ့ အခြေမဲ့ဘဝမှ ကင်းဝေးချမ်းသာကာ လူမှုဘဝ သာယာအေးချမ်းမည်ဖြစ်သည်။

### မိတ်ဆွေကြီးတစ်ဖြစ်လဲ မရှိမဖြစ်မီး

အမှန်မှာ မီးနှင့်လူသားသည် ရှေးယခင်ကတည်းက အတူတကွပေါင်းဖက်နေထိုင်လာကြသည့် မိတ်ဆွေအရင်းအချာကြီးပင် ဖြစ်ကြပေသည်။ မီးကြောင့် လူသားများ၏ နေထိုင်စားသောက်မှု အဆင့်အတန်းမြင့်မားလာခဲ့ရသည်။ မီးကိုလွန်ခဲ့သည့် နှစ်ပေါင်းလေးသိန်းကျော်ခန့်က ဥရောပ၊ ဥရောပအရှေ့အလယ်ပိုင်း၊ အာရှတစ်ဝန်းရှိ ရှေးဟောင်းသုတေသနမှတ်တမ်းများတွင် မီးကိုစတင်တွေ့ရှိ အသုံးပြုခဲ့ကြောင်း ၂၀၁၆ ခုနှစ်ထုတ် Royal Society B journal တွင် ဖော်ပြထားသည်။ မီးကိုစတင်တွေ့ရှိသည်မှစ၍ လူသားတို့အကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒကြာမြင့်ခဲ့ပြီဖြစ်သည်။ ယခုမှသာ မီးသည် မသုံးတတ်လျှင် ရန်သူဖြစ်ရပေတော့သည်။

### နွေရာသီနှင့် မိတ်ဖက်

ရာသီဥတုကအားပေးသည်ဟု ဆိုရပေမည်။ မီးလောင်လိုက်ပြီဆိုလျှင် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် လူနေထူထပ်သော ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ဧရာဝတီ စသည့်တိုင်းဒေသကြီးတို့ကို ရည်ညွှန်းနေသည်။ မြန်မာနိုင်ငံ၏ အခြားဒေသများနှင့်စာလျှင် ထိုဒေသတို့သည် ဖြစ်ပွားနှုန်းမြင့်မားကြပေသည်။ မီးနှင့်ပတ်သက်၍ သတိထားရမည်ဆိုလျှင် နွေဥတုနှင့် ထိုဒေသတို့သည် အခြားဒေသများနှင့်စာလျှင် မီးအန္တရာယ်ကို ပိုမိုသတိထားရပေမည်။

နေရာ၊ ဒေသနှင့် ရာသီဥတုသည်လည်း မီးလောင်ခြင်းကို အားပေးအားမြှောက်ပြုနေကြသကဲ့သို့ဖြစ်နေပေသည်။ သို့ဖြစ်၍ မီးနှင့်ပတ်သက်ပြီး အလေးဂရုပြုမည်ဆိုလျှင် မြန်မာနိုင်ငံ၏ကျန်ဒေသများထက်ပို၍ အလေးဂရုပြုရမည်ဖြစ်ကြောင်း ပေါ်လွင်နေပေသည်။ ရာသီဥတု ပူပြင်းမှုအထောက်အပံ့ကြောင့် ပေါ့ဆလျှင်ပေါ့ဆသလောက် အန္တရာယ်ပြုနိုင်သည်။

### မီးကိုရိုသေ

၂၀၂၃ ခုနှစ် နွေဦးကာလမီးလောင်ကျွမ်းမှုတို့က စတင်ခဲ့လေပြီ။ မှတ်မှတ်ရရပြောရမည်ဆိုလျှင် ရန်ကုန်တွင်ရော မန္တလေးတွင်ပါဟုပြောရမည်ပင်ဖြစ်သည်။ မြန်မာနိုင်ငံမီးလောင်မှုများမှာ ဘေးအန္တရာယ်များတွင် အဖြစ်အများဆုံးဘေးအန္တရာယ်ဖြစ်ပြီး ဘေးအန္တရာယ်များ၏ ၇၀ ရာခိုင်နှုန်းဖြစ်ကြောင်းသိရသည်။ မီးလောင်မှု၏ ရာခိုင်နှုန်းအများဆုံးသည် လူ၏အမှားအယွင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိလာရသည်။ သို့ဖြစ်ပါ၍ နေရာဒေသနှင့် ရာသီဥတုကြောင့် မီးလောင်မှုကို ဖြစ်ရသည်ဆိုသော်လည်း အဓိကမှာ လူသားများ၏ အားနည်းချက်ဖြစ်သော သတိမမူမိမှုကြောင့် မီးလောင်မှုသည် အများဆုံးဖြစ်ရကြောင်းတွေ့ရှိနေရသည်။ ၁၉၈၃ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်အကြား နှစ်စဉ် မီးလောင်မှုဖြစ်စဉ်အကြိမ်ပေါင်း ၉၀၀ ခန့် ဖြစ်ပြီး ငွေကျပ်တစ်ဘီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၀ ဒသမ ၉၁ သန်းခန့် ဆုံးရှုံးကြောင်းသိရသည်။

### မီးဘေးလုံခြုံရေး

မီးဘေးလုံခြုံရေးနှင့်ပတ်သက်၍ ကျေးရွာ ရပ်ကွက်အလိုက် မီးကင်းစောင့်သည့် ယဉ်ကျေးမှုထွန်းကားသည်အထိ မီးကိုဂရုစိုက်စောင့်ကြည့်ဆောင်ရွက်ခြင်း၊ မီးသတ်အဖွဲ့များနှင့် ဆက်စပ်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အိမ်အလိုက်၊ ရပ်ကွက်အလိုက် မီးငြိမ်းသတ်မှုအထောက်အကူပစ္စည်းများ ထားရှိသည့်အပြင် ရပ်ကွက်ကျေးရွာအလိုက် အရန်ရေကန်၊ ရေလှောင်ကန်များထားရှိခြင်းလည်း ဆောင်ရွက်ကြသည်။ ရပ်ကွက်ကျေးရွာအတွင်း မီးသတ်ကားဝင်နိုင်ရန် အဟန့်အတားဖြစ်နိုင်သည့်နေရာများ ကြိုတင်ရှင်းလင်းထားခြင်း၊ မီးလောင်ခြင်းကို အထောက်အကူပြုနိုင်သည့် အမှိုက်သရိုက်များ စုပေါင်းရှင်းလင်းခြင်း၊ အိမ်အလိုက်ရှင်းလင်းခြင်းများ ပြုလုပ်ကြသည်။ လမ်းသွားလျှင် ဆေးလိပ်မသောက်ရေး၊ မီးကြွင်းမီးကျန်များ မကျန်ရှိရေး၊ လျှပ်စစ်မီးနှင့် ဂတ်စ်အိုးများ စနစ်တကျအသုံးပြုရေး၊ ရပ်ကွက်ကျေးရွာအတွင်း သွယ်တန်းထားသောလျှပ်စစ်မီးကြိုးများ ပေါက်ပြဲမှုမဖြစ်စေရေးစသည်ဖြင့် မီးနှင့်ပတ်သက်သည့် ကာကွယ်ရန်လိုအပ်သောအချက်များကို ပူးပေါင်းဆောင်ရွက်သွားကြရန်လိုသည်။

### မီးသတ်တပ်ဖွဲ့

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကို ၁၁ ရာစု ပုဂံရှေးဘုရင်များခေတ်ကာလကပင် ဖွဲ့စည်းခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရသည်။ "သောသောညံ ပုဂံမီးဆော်မောင်း"ဆိုပြီး မီးကပ်တပ်သား ၆၆၃ ဦးဖြင့် ပုဂံနေပြည်တော် မီးဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်ဟု ဆိုသည်။ ၁၉၄၆ ခုနှစ် မေလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံးညီလာခံကျင်းပခဲ့ရာ မြန်မာနိုင်ငံအတွင်းရှိ ၁၉၇ ခရိုင်မှ ကိုယ်စားလှယ် ၁၉၇ ဦး တက်ရောက်ခဲ့ကာ

စာမျက်နှာ ၂၂ သို့ ✦



## မကွေးတိုင်းဒေသကြီးတွင် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲ ကျင်းပ

မကွေး မတ် ၁၂

မကွေးတိုင်းဒေသကြီး နွေရာသီအခြေခံ အားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တိုင်းဒေသကြီး မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က နွေရာသီ အားကစားသင်တန်းဖွင့်လှစ်ရသည့်အတွက် မျိုးဆက်သစ်လူငယ်များ နွေရာသီအားလပ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာအသုံးချကာ အားကစားကို လေ့လာလိုက်စားပြီး အားကစားဖြင့် နိုင်ငံတော်ကို အကျိုးပြုနိုင်သော ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံတော်သော လူငယ်များဖြစ်လာစေရေး၊ ကျောင်းသားကျောင်းသူ လူငယ်များအနေဖြင့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာမှာပါ တိုးတက်ဖွံ့ဖြိုးမှု ကောင်းကျိုးများရရှိလာနိုင်စေရေး၊ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်စေရေးနှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး စသည့်မြင့်မားသည့် ရည်ရွယ်ချက်များဖြင့် ယခုသင်တန်းကို ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ဘောလုံး၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းလုံး၊ စားပွဲတင်တင်းနစ်၊ Physical Fitness Dance၊ အေရိုးဗစ်၊ မြန်မာ့သိုင်း၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ အလေးမ၊ လက်ဝှေ့နှင့် ကရာတေးဒို စသည့်အားကစားနည်း ၁၄ မျိုးကို သင်ကြားခဲ့ပြီး သင်တန်းမှရရှိခဲ့သည့် နည်းစနစ်များနှင့် ကျွမ်းကျင်မှုကိုအခြေခံပြီး အဆင့်မြင့်အားကစားပညာရပ်များကို ဆက်လက် လေ့လာလိုက်စားကြပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်နိုင်ကြပါစေကြောင်း ပြောကြားသည်။

တိုင်းဒေသကြီး နွေရာသီအခြေခံအားကစားသင်တန်းများကို မကွေးတိုင်းဒေသကြီး အားကစားခန်းမနှင့် ခရိုင်အားကစားကွင်းတို့တွင် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁၂ ရက်ထိ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်၊

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မင်းဘူး(စကု)မြို့နယ်၌ နွှမ်း ၂၀၃၇၂ ဧက လျာထားစိုက်ပျိုးသွားမည်

မင်းဘူး မတ် ၁၂

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်၌ ဒေသတွင်း စားသုံးဆီ ဖူလုံမှုရှိစေရေးနှင့် နွေသီးနှံများ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်ရေး တို့အတွက် ဆီထွက်သီးနှံ နှမ်းကို ၂၀၃၇၂ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် နွေသီးနှံ စိုက်ပျိုးရာသီကာလမှာ မင်းဘူး(စကု)မြို့နယ်အနေနဲ့ ဆီထွက်သီးနှံ နှမ်းကို ရေသောက်နည်းလမ်းများအလိုက် စိုက်ပျိုးမှုမှာ အိုင်းမဆည်မှ ဧက ၁၅၆၄၀၊ မဲဇလီဆည်မှ ၁၆၉၇ ဧက၊ ကမ်းနီလျှပ်စစ်ရေတင် စီမံကိန်းမှ နှစ်ဧက၊ ကျောက်စံလျှပ်စစ်ရေတင်စီမံကိန်းမှ ၂၆၂ ဧက၊ ဆိုလာလျှပ်စစ်ဖြင့် မြေအောက်ရေပေးဝေရေးစီမံကိန်းမှ ၂၇၇၁ ဧက ဖြစ်၍ ဆီထွက်သီးနှံ နွှမ်းဧကပေါင်း ၂၀၃၇၂ ဧက လျာထား စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ တောင်သူအသိပညာပေး လုပ်ငန်းများကို နယ်မြေအလိုက် တာဝန်ခံဝန်ထမ်းများက စိုက်ခင်းများ အရောက် ကွင်းဆင်းပြီး ဆောင်ရွက်ပေးနေသလို သစ်စိမ်းမြေဩဇာနှင့် သဘာဝမြေဆွေးများကိုလည်း အချိုးညီညီ သုံးစွဲရေးတို့ကိုလည်း ဆောင်ရွက်ပေးထားပါတယ်။ စိုက်ပျိုးရန်ကျန်ရှိနေတဲ့ အခြားဆီထွက်သီးနှံများကိုလည်း သတ်မှတ်လျာထားဧက ပြည့်မီရေးအတွက် တောင်သူတွေနဲ့ လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်နေပါတယ်" ဟု မင်းဘူးမြို့ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဇော်မင်းသူက ပြောကြားသည်။

**ဇေယျာထက်(မင်းဘူး)**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဘူးသီးတောင်မြို့နယ်ရှိ ယာယီခိုလှုံရာစခန်းများမှ ပြည်သူများနှင့် တွေ့ဆုံ

စစ်တွေ မတ် ၁၂

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ဘူးသီးတောင်မြို့ပေါ်ရှိ ယာယီခိုလှုံရာစခန်းများမှ ပြည်သူများနှင့် တွေ့ဆုံပြီး မိမိတို့သဘောဆန္ဒအလျောက် မူရင်းနေရပ်ကျေးရွာများသို့ ပြန်လည်အခြေချနေထိုင်နိုင်ရေးဆွေးနွေးခဲ့ကြသည်။




ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘူးသီးတောင်မြို့ မြတောင်ဘုန်းတော်ကြီးကျောင်း ယာယီခိုလှုံရာစခန်းတွင် နေထိုင်ကြသည့် ပြည်သူများကို သွားရောက်တွေ့ဆုံပြီး မူရင်းနေထိုင်ရာကျေးရွာများတွင် မိမိတို့ဆန္ဒအလျောက် ပြန်လည်အခြေချနေထိုင်နိုင်ရေး၊ ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သောထောက်ပံ့ကူညီမှုများ ပံ့ပိုးပေးနိုင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ထောက်ပံ့ကူညီမှုများ ပေးနိုင်ရေး၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းများ ဖော်ဆောင်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့ကို ဆွေးနွေးကြကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘူးသီးတောင်မြို့ လမ်းမဘုန်းတော်ကြီးကျောင်း ယာယီခိုလှုံရာစခန်းတွင် နေထိုင်ကြသည့် ပြည်သူများနှင့် တွေ့ဆုံပြီး မိမိတို့ဆန္ဒအလျောက် မူရင်းနေထိုင်ရာကျေးရွာများတွင် ပြန်လည်အခြေချနေထိုင်နိုင်ရေး ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့မစည်ပင်သာယာဈေးကြီးအတွင်း၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုနှင့် ဈေးကြီးအတွင်း ရောင်းဝယ်ဖောက်ကားနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံပြီး မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စားရေရိက္ခာဖူလုံရေးတို့ကို အလေးထား ဆောင်ရွက်နေကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ မိရိုးဖလာလုပ်ကိုင်နေသည့် စိုက်ပျိုးမွေးမြူနည်းများထက် ပေါင်းစည်းလယ်ယာစနစ်၊ သမဝါယမ ပေါင်းစည်းလယ်ယာစနစ်၊ ထိုနည်းတူ မွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို ပေါင်းစည်းလုပ်ကိုင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘူးသီးတောင်မြို့နယ် လက်ဝဲဒက်ပြင်ရှည်ကျေးရွာသစ်၌ တောင်သူငါးဦး၏ လယ် ၁၀ ဧကတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နွေစပါး GW – 11 မျိုးစေ့ထုတ်စိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှုကို သွားရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

✦ စာမျက်နှာ ၂၂ မှ

ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်တက်ရောက်ပြီး မီးသတ်ဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ပြောကြားခဲ့သည်။ ထိုနေ့ကိုပင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ ယခုအခါတွင်မူ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိပြီး အင်အား ၁၂၀၀၀၀ ခန့်ရှိသည်ဟုဆိုသည်။ မီးသတ်အဖွဲ့နှင့်ပတ်သက်လျှင် မြန်မာနိုင်ငံသည် ရှည်လျားသည့် သမိုင်းကြောင်းနှင့်ဟု ဆိုရပေမည်။

**မလောင်ခင်တား**

မီးသည်ကား သုံးတတ်လျှင်မိတ်ဆွေ၊ နမော်နမဲ့ စည်းမရှိကမ်းမရှိသုံးစွဲပါက ရန်သူဖြစ်နေသောကြောင့် ယခုလိုပူပြင်းစပြုလာပြီဖြစ်သော ရာသီဥတုနှင့် လူနေထူထပ်သောနေရာဒေသများသည် အခြားနေရာဒေသများထက် မီးကို ပိုမိုဂရုပြုသုံးစွဲသွားရပေမည်။ မရှိမဖြစ် ချစ်စရာမိတ်ဆွေမီးသည် မုန်းစရာ ရန်သူမီးမဖြစ်သွားစေရန်အတွက် ချစ်သူရန်သူ မျဉ်းပါးလေးကို ထိန်းသိမ်းစောင့်ရှောက်သွားရမည်ဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုတွင်လည်း ဖြစ်လာမှကုသခြင်းထက် မဖြစ်ခင်က ကြိုတင်ကာကွယ်ကုသခြင်းသည် ကျန်းမာရေးအတွက်ကောင်းသကဲ့သို့ မီးဘေးတွင်လည်း ဖြစ်လာမှ တားဆီးကာကွယ်ရသည်ထက် မဖြစ်လာမီကပင် ကြိုတင်ကာကွယ်ရခြင်းသည် ပိုမိုကောင်းမွန်မည်မှာ အမှန်ပင်ဖြစ်သည်။ သို့ဖြစ်ပါ၍ နွေရောက်ပြီဖြစ်သောကြောင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မလောင်ခင်ကပင် တားဆီးသင့်ကြောင်း အသိပေးရေးသားလိုက်ရသည်။ မီးဘေးရှောင် မလောင်ခင်တားသင့်သည် မဟုတ်ပါလားခင်ဗျာ။ ။

**ရည်ညွှန်း။ လူကယ်ပြန် မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်များအကြောင်း**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၃၇၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
### (၁၂-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၂-၃-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၂,၃၇၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၀၀,၀၃၁)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၉၅၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ(၁)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၄၄၂)ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၁-၃-၂၀၂၃) ရက်နေ့အထိ အသက်(၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၆၉,၇၆၇) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၃,၁၄၇) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးမှု
### (၁၁-၃-၂၀၂၃ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၆၉,၇၆၇ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၃,၁၄၇ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်(New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၁၂

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ကျောက်ဖြူမြို့နယ် စနဲမြို့ ရေတပ်ဆိပ်ခံတံတားသို့ ရောက်ရှိရာ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြသည်။

အဆိုပါနယ်လှည့်အထူးကုဆေးအဖွဲ့သည် စနဲမြို့တိုက်နယ်ဆေးရုံ၌ အခြေပြု၍ အဆိုပါမြို့အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၉၀၇ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၂၂ ဦး၊ ခွဲစိတ်ရောဂါ ၅၄ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၂၃ ဦး၊ ကလေးရောဂါ ၃၇ ဦး၊ အရိုးရောဂါ ၁၅၇ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၆၇ ဦး၊ မျက်စိရောဂါ ၂၅၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၉၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ၁၂ ဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ နှစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၂ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၅၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလို ကြားသိခဲ့ရပါသည်–



ဒေသခံပြည်သူ



ဒေသခံပြည်သူ

“ဆီးလမ်းကြောင်းမှာ ကျောက်တည်တယ်ဆိုပြီးတော့ ရန်ကုန်မှာ နေတုန်းက ဆေးခန်းမှာ ပြခဲ့တယ်။ အဲဒါကြောင့် ဒီမှာ အာထရာဆောင်း လာပြီးရိုက်တာပါ။ ကျေးဇူးတင်ပါတယ်။ ဘာလို့ဆို ဒီလို ခက်ခဲနေတဲ့ အချိန်မှာ ပိုက်ဆံမကုန်ဘဲလာပြလို့ရတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ ဒီလိုမျိုး အာထရာဆောင်းရိုက်မယ်ဆိုရင် ဒီမှာကရိုက်လို့ သိပ်အဆင်မပြေဘူး။ ရန်ကုန်နဲ့ ကျောက်ဖြူမြို့ကို သွားရတော့ ပိုက်ဆံအများကြီးကုန်ပါတယ်။ ဒီမှာပြလို့ရတယ်ဆိုတော့ အဆင်ပြေပါတယ်။ လာရောက်ပြသစေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ နောက်ထပ် မသိလိုက်လို့ လာမပြလိုက်ရတဲ့လူလည်းရှိမယ်။ နောက်တစ်ခါလာပြမယ်ဆိုရင် ပိုပြီး အဆင်ပြေသွားတာပေ့ါ။ ဒီထက်လည်းအများကြီးကုပေးနိုင်ပါစေ။ နိုင်ငံတော်အကြီးအကဲနဲ့ ဆေးကုပေးတဲ့ဆရာဝန်အဖွဲ့ကိုလည်း ကျေးဇူးတင်ပါတယ်။”

“ကျွန်မက ကျောက်ဖြူခရိုင် မိခင်နဲ့ကလေးစောင့်ရှောက်ရေးအသင်းရဲ့ဥက္ကဋ္ဌပါ။ ကျွန်မတို့က ပရဟိတအဖွဲ့ပါ။ ကျွန်မတို့အသင်းအဖွဲ့အနေနဲ့ ဒီဒေသမှာလာပြီး ပူးပေါင်းဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ဝေးလံခေါင်းပါးတဲ့ စနဲမြို့လေးကို လာရောက်ပြီးတော့ ဆေးကုသဖို့ စီစဉ်ပေးတဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ သံလွင်စစ်သင်္ဘောဆေးရုံရေယာဉ်၊ ပြီးတော့ဆေးလာကုသပေးတဲ့ပါရဂူကြီးတွေ၊ ဆရာဝန်ကြီးတွေနဲ့တကွ ကျန်းမာရေးနယ်လှည့် ဆေးကုသရေးအဖွဲ့တွေကိုပါ ကျေးဇူးအများကြီးတင်ပါတယ်။ ဒီလိုမျိုး လာရောက်ကုသပေးတဲ့အတွက် ကျွန်မတို့ကအတိုင်းမသိဝမ်းသာဂုဏ်ယူမိပါတယ်ရှင်။ အများကြီးအကျိုးရှိတာပေ့ါရှင်။ ဒီစနဲမြို့လေးကနေ မြို့ပေါ်မှာသွားပြီးတော့ ပါရဂူတွေနဲ့ သွားပြရတာပါ။ ကျွန်မတို့မှာ တိုက်နယ်ဆေးရုံလောက်ပဲရှိတဲ့အခါကျတော့ ခက်ခဲပါတယ်။ နောက် သွားရေးလာရေး ဝေးလံတယ်။

နိုင်ငံတော်အကြီးအကဲတွေက ကျွန်မတို့ဒေသအတွက် ဆရာဝန်ကြီးတွေရော ပစ္စည်းကိရိယာအစုံအလင်နဲ့ လာပြီးတော့ သေချာလေးကုပေးတဲ့အတွက် လာပြတဲ့သူတွေ ထောင်နဲ့ချီရှိပြီး ကျွန်မတို့တောင် မနိုင်မနင်းဖြစ်ရပါတယ်။ အခု ဒီသံလွင်စစ်သင်္ဘောဆေးရုံရေယာဉ်ကြီးမှာ မျက်စိအတွင်းတိမ်ဖြစ်တယ်ဆိုရင် ချက်ချင်းခွဲပေးပါတယ်။ အဲဒီတော့ ပိုက်ဆံကုန်ကျစရိတ် နောက်ပြီးတော့ အချိန်အများကြီးသက်သာတယ်။ ချက်ချင်းမျက်စိအလင်းပြန်ရတဲ့အတွက်ကြောင့် ကျွန်မတို့ဒေသခံတွေ စနဲမြို့သူ၊ မြို့သားတွေက အလွန်ဝမ်းသာကြည်နူးကြတယ်။ နောက်ပြီး အခြားသော အရိုးတို့၊ သွားတို့ဆိုရင် ချက်ချင်းကုပေးတာ။ အဲဒီလိုမျိုးဆိုတာ ကျွန်မတို့မှာ တစ်ခါမှမကြုံဖူးဘူး။ ကျွန်မတို့အနေနဲ့ အတိုင်းမသိကျေးဇူးလည်းတင်တယ်။ ကျွန်မတို့ရဲ့နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ ဇနီးမိသားစုတွေ၊ နောက်ပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့ ဆရာဝန်ကြီးတွေ၊ ပါရဂူကြီးတွေနဲ့ ကျန်းမာရေးအသင်းအဖွဲ့တွေ၊ စေတနာ့ဝန်ထမ်းအဖွဲ့တွေ၊ နောက်ပြီး သံလွင်စစ်သင်္ဘောဆေးရုံရေယာဉ်အဖွဲ့နဲ့ အရာရှိကြီးတွေ အကုန်လုံးကို ကျေးဇူးတင်ရှိပါတယ်။ နောက်နောင်လည်း ကျွန်မတို့ရဲ့ဒေသကို အခုလိုလာရောက်ဆေးကုသပေးပါလို့ မေတ္တာရပ်ခံပါတယ်။ ဆုတောင်း မေတ္တာပို့ပါတယ်။ ဒီဒေသရဲ့ကိုယ်စား အလွန်ဝမ်းသာလို့ ဒီထက်မက စိတ်ချမ်းသာကိုယ်ကျန်းမာနဲ့ရှိပါစေလို့ ကျွန်မ ဆုတောင်းမေတ္တာပြုပါတယ်ရှင်။”

■

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မတ် ၁၂

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသ ကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ



## နာပိုလီအသင်း ဇယားထိပ်၌ ၁၈ မှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့

နာပိုလီအသင်းဟာ အတ္တလန်တာအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် သုံးမှတ်အပြည့်ရရှိခဲ့ပြီး လက်ကျန်ပွဲစဉ် ၁၂ ပွဲကစားဖို့ ကျန်ရှိနေချိန်မှာ အမှတ်ပေးဇယား ဒုတိယနေရာက အင်တာမီလန်အသင်းကို ၁၈ မှတ်ဖြတ်ကာ ဇယားထိပ်မှာ ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီဖြစ်ပါတယ်။

နာပိုလီအသင်းတိုက်စစ်မှူး အိုဆင်ဟန်းဟာ သွင်းဂိုး ၁၉ ဂိုးသွင်းယူထားတာကြောင့် လက်ရှိအီတလီစီးရီးအေပြိုင်ပွဲမှာ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေပြီး နာပိုလီအသင်းကတော့ အခုဘောလုံးရာသီမှာ စီးရီးအေပွဲစဉ် ၂၆ ပွဲ ကစားပြီးချိန်မှာ ၂၂ ပွဲအထိ နိုင်ပွဲရရှိထားကာ ရမှတ် ၆၈ မှတ် ရရှိထားတာ ဖြစ်ပါတယ်။

အမှတ်ပေးဇယားဒုတိယနေရာက အင်တာမီလန်အသင်းဟာ ရမှတ် ၅၀ နဲ့ တတိယနေရာက လာဇီယိုအသင်းက ၄၉ မှတ် အသီးသီးရရှိထားတာ ဖြစ်ပါတယ်။

## ဘိုင်ယန်မြူးနစ်က အော့စ်ဘတ်ကိုအနိုင်ရပြီး အမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်ခွင့်ရရှိ

ဘိုင်ယန်မြူးနစ်အသင်းဟာ အော့စ်ဘတ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဒေါ့မွန်အသင်းကို နှစ်မှတ်ဖြတ်ကာ ဘွန်ဒက်လီဂါ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ အော့စ်ဘတ်အသင်းကို ငါးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတွေကို ကန်ဆယ်လိုက တစ်ဂိုး၊ ပါဗက်က နှစ်ဂိုး၊ ဆာနေးက တစ်ဂိုး၊ အယ်ဖွန်ဆိုဒေးဗီးစ်က တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။


အော့စ်ဘတ်အသင်းအတွက် သွင်းဂိုးတွေကိုတော့ ဘီရီရှာက နှစ်ဂိုးနဲ့ ကာဒိုနာက တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ အမှတ်ပေးဇယားဒုတိယနေရာက ဒေါ့မွန်အသင်းဟာ ရှော်ကေးအသင်းနဲ့ ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့လို့ တစ်မှတ်သာ ရရှိခဲ့တာဖြစ်ပြီး အမှတ်ပေးဇယားတတိယနေရာက လိုက်ပ်ဇစ်အသင်းကတော့ တီမိုဝါနာ၊ အီမီလ်ဖော့စ်ဘတ်နဲ့ ဂျီဗာဒီယိုးလ်တို့ရဲ့ သွင်းဂိုးတွေနဲ့ မိုချန်ဂလာဘတ်ချ် အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။



## ခရစ္စတယ်ပဲလေ့စ်အသင်းကို အနိုင်ရပြီး အမှတ်ပေးဇယားထိပ်က အာဆင်နယ်အသင်းကို ဆက်လက်ဖိအားပေးနိုင်ဆဲဖြစ်တဲ့ မန်စီးတီး

ပရီမီယာလိဂ်ပွဲစဉ် ၂၇ ရဲ့ မတ် ၁၁ ရက်ညပိုင်း နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းကို ခက်ခက်ခဲခဲကစားပြီး အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် အမှတ်ပေး ဇယားထိပ်မှာ ဦးဆောင်နေတဲ့ အာဆင်နယ်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

နည်းပြဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းရဲ့ အိမ်ကွင်းဖြစ်တဲ့ ဆဲလ်ဟက်ပါ့ခ်မှာ တည်ငြိမ်တဲ့ကစားကွက်ကို အားပြုကစားခဲ့ပြီး မန်စီးတီးအသင်းအနေနဲ့ နောက်ဆုံးမှာတော့ လိုချင်တဲ့ အနိုင်သုံးမှတ် အခွင့်အရေးရရှိခဲ့တာကြောင့် အာဆင်နယ်အသင်းနဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းတဲ့ အခြေအနေကို ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။



မန်စီးတီးအသင်းဟာ အခုပွဲစဉ်မှာ ပွဲကစားချိန် ၇၈ မိနစ်မှာ ရရှိခဲ့တဲ့ တိုက်စစ်မှူး ဟာလန်းရဲ့ တစ်လုံးတည်းသော ပင်နယ်တီသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ အခုတစ်ပတ်အတွင်းမှာ ပွဲကျပ်ကာလနဲ့ ရင်ဆိုင်နေရပြီး လာမယ့်ရက်ပိုင်းအတွင်းမှာ လိုက်ပ်ဇစ်အသင်းနဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်၊ ဘန်လေအသင်းနဲ့ အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားရဦးမှာလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာလန်းကတော့ ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ပွဲစဉ်မှာ တစ်ဂိုးသွင်းယူနိုင်ခဲ့လို့ ပရီမီယာလိဂ်သွင်းဂိုး ၂၈ ဂိုးအထိရှိလာခဲ့ပြီး ပြိုင်ပွဲစုံ ၃၅ ပွဲမှာ ၃၄ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ မှတ်တမ်းကောင်းကို ပိုင်ဆိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ပက်ထရစ်ဗီယဲရာရဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းဟာ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ် ၁၀ ပွဲအထိ နိုင်ပွဲပျောက်ဆုံးမှုနဲ့ ကြုံတွေ့ခဲ့ရပြီး ပရီမီယာလိဂ်သမိုင်းမှာလည်း အရှည်ကြာဆုံး နိုင်ပွဲပျောက်ဆုံးခဲ့တဲ့ အသင်းတွေထဲက တစ်သင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။ ခရစ္စတယ်ပဲလေ့စ်အသင်းဟာ လက်ရှိအချိန်မှာ တန်းဆင်းဇုန်အထက် လေးမှတ် အကွာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

## ပရီမီယာလိဂ် အဆင့်(၄)နေရာမှာ ရပ်တည်နိုင်ခဲ့လို့ ဖိအားတွေ လျှော့ကျခဲ့တဲ့ စပါးအသင်းနည်းပြ ကွန်တီ

စပါးအသင်းဟာ မတ် ၁၁ ရက်ညပိုင်းက နော့တင်ဟမ်ဖောရက်စ်အသင်းနဲ့ ပွဲစဉ်မှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အဆင့်(၄)နေရာမှာ ဆက်လက်ရပ်တည်ခွင့်ရရှိခဲ့ပြီး နည်းပြကွန်တီအပေါ် ကျရောက်နေတဲ့ ဖိအားတွေလည်း လျှော့ကျသွားစေခဲ့ပြီဖြစ်ပါတယ်။

စပါးအသင်းအတွက် သွင်းဂိုးတွေကို ဟယ်ရီကိန်းက နှစ်ဂိုး၊ ဆွန်ဟောင်မင်က တစ်ဂိုး သွင်းယူပေးခဲ့ပြီး နော့တင်ဟမ်ဖောရက်စ်အသင်းအတွက် သွင်းဂိုး တစ်ဂိုးကိုတော့ ဝေါ်ရယ်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ အခုပွဲစဉ်မှာ သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့လို့ အခုနှစ် ဘောလုံးရာသီ ပရီမီယာလိဂ်သွင်းဂိုး ၂၀ ပြည့်မြောက်ခဲ့ပြီး အဂူရိုနဲ့ အလန်ရှီးယားတို့ပြီးနောက် မတူညီတဲ့ ဘောလုံးရာသီ ခြောက်ရာသီမှာ ပရီမီယာလိဂ်သွင်းဂိုး ၂၀ သွင်းယူနိုင်ခဲ့တဲ့ တတိယမြောက်ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- စပါးအသင်းဟာ အဲဗာတန်အသင်းက လေးနှစ်ခွဲ သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ချုပ်ဖို့ ပစ်မှတ်ထားနေတဲ့ အင်္ဂလန်ဂိုးသမား ပစ်ဖို့ဒ်ကို ယခုနွေရာသီအပြောင်းအရွှေ့ကာလ အတွင်းမှာ စာချုပ်ချုပ်ဆိုခေါ်ယူဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။
- ပီအက်စ်ဂျီအသင်းဟာ မန်စီးတီးအသင်းမှာ ခြေစွမ်းပြကစားနေတဲ့ အသက် ၂၂ နှစ်အရွယ် နော်ဝေတိုက်စစ်မှူး ဟာလန်းကို ခေါ်ယူဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။
- ချယ်လ်ဆီးအသင်းဟာ ဘာစီလိုနာအသင်းမှ နယ်သာလန် ကွင်းလယ်ကစားသမား ဖရန့်ကီ ဒီဂျောင်ကို နွေရာသီဈေးကွက်အတွင်း ဦးစားပေးခေါ်ယူသွားမယ်လို့ ဆိုပါတယ်။
- မန်ယူအသင်းဟာ နွေရာသီအပြောင်းအရွှေ့ ကာလအတွင်းမှာ နောက်ခံလူ မက်ကွိုင်းယားကို ရောင်းချပြီး စပါးအသင်းမှ အင်္ဂလန် တိုက်စစ်မှူး ဟယ်ရီကိန်းကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။
- မန်စီးတီးအသင်းဟာ အာဂျင်တီးနား တိုက်စစ်မှူး အယ်လ်ဗာရက်ဇ်ကို စာချုပ်သစ် ချုပ်ဆိုဖို့ နီးစပ်နေပြီဖြစ်ပြီး စာချုပ်သစ် ချုပ်ဆိုခဲ့ပါက ၂၀၂၈ ခုနှစ်အထိ အီတီဟက်ဒ်၌ ဆက်ရှိနေမှာဖြစ်တယ်လို့ သိရပါတယ်။
- အက်သလက်တီကိုမက်ဒရစ် အသင်းနဲ့ လိုက်ပ်ဇစ်အသင်းတို့က ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ နော့ဝှစ်ချ် ကွင်းလယ်ကစားသမား ဂါဘရီယယ်ဆာရာကို ဝက်စ်ဟမ်းအသင်းက ခေါ်ယူဖို့ စောင့်ကြည့်မှုတွေပြုလုပ်နေတယ်လို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၆-၃-၂၀၂၃ ရက်မှအဆက်

မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်ချလိုက်ရင်း ခင်သန်းဒွေးက မေးလိုက်သည်။

"ဟုတ်ပါတယ် ဒွေးဒွေး၊ ကျွန်တော်လည်း စိတ်မအား ကိုယ်မအားဖြစ်နေတာနဲ့ ဒီဘက်ကို မရောက်မိဘူး။ ခုမှပဲ ကိစ္စတစ်ခု တိုင်ပင်ဆွေးနွေးချင်တာနဲ့ ဒွေးဒွေးဆီလာခဲ့တာ"

ကိုအေးဆွေသည် ခင်သန်းဒွေးကို ငေးစိုက်ကာ ကြည့်ရင်း ပြောလိုက်သည်။

"ကိုအေးဆွေကတော့လုပ်ပြီ။ ဒွေးက ကိုအေးဆွေကို ဘယ်လိုအကြံဉာဏ်တွေများ ပေးနိုင်မှာလိုက်လို့။ ဒွေးကိုများ လူလူသူသူလုပ်ပြီး လာများတိုင်ပင်နေတာကို"

ခင်သန်းဒွေးက ရယ်ကာ မောကာဖြင့် ခပ်ရွှန်းရွှန်းလေးပြောလိုက်သည်။ ဒါကိုကြည့်၍ ကိုအေးဆွေပါ အလိုလို လန်းဆန်းလာသည်။

"ဒါကတော့ ဒွေးဒွေးရယ်၊ ရင်းရင်းနှီးနှီး တိုင်ပင်ဆွေးနွေးစရာရယ်လို့ ဒီရန်ကုန်မှာ အစ်ကိုအောင်ရယ်၊ ဒွေးဒွေးရယ် ဒီနှစ်ယောက်ပဲရှိတယ် မဟုတ်လား။ ပြီးတော့ ဒွေးဒွေးကို ကျွန်တော် မြင်ထားတာကလည်း သူလိုငါလို အမျိုးသမီးတစ်ယောက် အနေနဲ့ မြင်ထားတာမှ မဟုတ်ဘဲ။ ကျွန်တော် မြင်ထားတာက ..."

ကိုအေးဆွေက စကားကို ဖြတ်ထားလိုက်သည်။ ထိုစကားကြောင့် ခင်သန်းဒွေး၏ ရင်ထဲတွင် ဖိုခနဲ ဖြစ်သွားကာ မည်သို့သော အဓိပ္ပာယ်ဖြင့် ပြောလေသနည်းဟူသော စူးစမ်းသည့်အနေဖြင့် ကိုအေးဆွေ့ စကားကို စိုးရွံ့ရွံ့နှင့် နားထောင်နေသည်။

"ကျွန်တော်မြင်ထားတာက ဒွေးဒွေးဟာ အတတ်မျိုးစုံသင်ကြားရာ တက္ကသိုလ်နယ်မြေက ခေတ်ပညာတတ် လူအသိုင်းအဝိုင်းထဲမှာ ရောက်နေတဲ့ ခေတ်ပညာတတ် အမျိုးသမီးတစ်ယောက် မဟုတ်လား။ နောက်ပြီး လာမယ့်နှစ်မှာဆိုရင် ဘီအေအီးဒီ ဆရာဖြစ်သင်တန်းပါ တက်မယ်ဆိုတော့ ဒွေးဒွေးဟာ မကြာသောကာလမှာ မြန်မာပြည်ကြီးရဲ့ အနာဂတ်ကို ဖန်တီးမယ့် ကလေးသူငယ်ပေါင်း မြောက်မြားစွာတို့ရဲ့ အသိဉာဏ်ကို ဖွင့်ပေးမယ့် ကျောင်းဆရာမလောင်းတစ်ယောက် မဟုတ်လား"

သည်တော့မှ ခင်သန်းဒွေးသည် သက်မလေးကို ချလိုက်ကာ ရင်အေးသွားသည့်အနေဖြင့် ပြုံးပြုံးလေးဖြစ်သွားသည်။

"ကိုအေးဆွေက ဒွေးကို သိပ်မြှောက်လွန်းတော့ ခေါင်းနဲ့ အထက်နဲ့တောင် တက်ဆောင့်မိသွားပြီ။ သိပ်မမြှောက်ပါနဲ့ ကိုအေးဆွေ"

ခင်သန်းဒွေးသည် လက်တစ်ဖက်က သူ့ဦးခေါင်းငယ်ထိပ်ကိုအုပ်ထားရင်း ခပ်သောသောလေး အရွှန်းဖောက်လိုက်သည်။

ရန်ကုန်ရောက်လာမှ သည်ကဲ့သို့ ရဲရဲတင်းတင်းနှင့် ရင်းနှီးပွင့်လင်းစွာ ဆက်ဆံလာသော ခင်သန်းဒွေးကို ကိုအေးဆွေက တွေ့မြင်လာသောအခါ အလိုလို ကျေနပ်လာသည်။ ထိုကြောင့်လည်း ကြည်ကြည်နူးနူးကြီး ပြုံးလိုက်သည်။

"တကယ်ပြောတာပါ ဒွေးဒွေးရယ်"

"ကဲပါလေ၊ ဘယ်လိုကိစ္စမျိုးလဲဆိုတာကိုလည်း ပြောစမ်းပါဦး။ ဘုမသိ ဘမသိနဲ့"

"အင်း၊ ပြောရမယ်ဆိုရင်လည်း အတော်ရှည်ရှည်ဝေးဝေး ပြောရမှာ။ ဒီအထဲမှာ အငြင်းပွားစရာတွေလည်း ပါချင်ပါလာမှာ။ ဒီတော့ ဒီမှာ လူရှုပ်ပါတယ်။ ကမ္ဘာအေးဘုရားကို သွားရအောင်ပါ။ ဘုရားလည်းဖူးရင်းပေါ့။ နောက်တစ်ပတ်လောက်ရှိရင် ပြန်တော့မှာမို့ နောက်ဆိုရင် ရုတ်တရက်တော်တော်နဲ့ ဘုရားဖူးဖို့ ကြုံဖြစ်မယ် မဟုတ်တော့ဘူး"

"ဟင် ကိုအေးဆွေ ပြန်တော့မယ်"

ခင်သန်းဒွေးက တအံ့တသြဖြင့် ကိုအေးဆွေကို စူးစိုက်၍ကြည့်ရင်း ဆိုလိုက်လေသည်။

"ဟုတ်ပါတယ်။ ဒါကြောင့်မို့ ဘာကြောင့် ပြန်ရတယ်ဆိုတဲ့အကြောင်းကို အသေးစိတ်ရှင်းပြချင်လို့၊ ပြီးတော့ လုပ်သင့် မလုပ်သင့် ဆိုတာကိုလည်း တိုင်ပင်ချင်တယ်။ ဘာ့ကြောင့်ဆိုတော့ ကျွန်တော့် ဘဝခရီးလမ်းကြောင်းပါ တစ်ခါတည်း ပြောင်းပစ်ရတဲ့ကိစ္စမို့ပါ။ ကဲပါ အဝတ်အစားသာ သွားလဲချေပါ။ ဟိုကျမှ အေးအေးဆေးဆေး စကားပြောရအောင်။ မနက်စာထမင်းလည်း ဟိုကျမှပဲစားကြတာပေါ့"

[ ၁၄ ]

"ကိုင်း ဆိုစမ်းပါဦး ကိုအေးဆွေ၊ ဘယ်လိုအရေးအကြောင်းကိစ္စများ ပေါ်လာလို့လဲ"

"ကျွန်တော်မြင်ထားတာက ဒွေးဒွေးဟာ အတတ်မျိုးစုံသင်ကြားရာ
တက္ကသိုလ်နယ်မြေက ခေတ်ပညာတတ် လူအသိုင်းအဝိုင်းထဲမှာ ရောက်နေတဲ့
ခေတ်ပညာတတ် အမျိုးသမီးတစ်ယောက်မဟုတ်လား။
နောက်ပြီး လာမယ့်နှစ်မှာဆိုရင် ဘီအေအီးဒီ ဆရာဖြစ်သင်တန်းပါတက်မယ်ဆိုတော့
ဒွေးဒွေးဟာ မကြာသောကာလမှာ မြန်မာပြည်ကြီးရဲ့အနာဂတ်ကို ဖန်တီးမယ့်
ကလေးသူငယ်ပေါင်းမြောက်မြားစွာတို့ရဲ့ အသိဉာဏ်ကိုဖွင့်ပေးမယ့်
ကျောင်းဆရာမလောင်းတစ်ယောက်မဟုတ်လား"
သည်တော့မှ ခင်သန်းဒွေးသည် သက်မလေးကို ချလိုက်ကာ
ရင်အေးသွားသည့်အနေဖြင့် ပြုံးပြုံးလေး . . .

ခင်သန်းဒွေးက ကိုအေးဆွေအား ကမ္ဘာအေးကုန်းမြေသို့ရောက်၍ ထိုင်လျှင်ထိုင်ချင်း မေးလိုက်လေသည်။

အမှန်မှာ ခင်သန်းဒွေးသည် အင်းလျားဆောင်မှ ထွက်လာသည့် အချိန်ကစ၍ ယခု ကမ္ဘာအေးသို့ ရောက်လာသည့်တိုင်အောင် ကိုအေးဆွေ ဘာ့ကြောင့် ကျောက်ပန်းတောင်းသို့ ပြန်သွားမည်ကို အလွန်သိချင်နေသည်။ အင်းလျားဆောင်ဧည့်ခန်းမှာကတည်းက ပြန်မည့်အကြောင်းကို မေးခဲ့သော်လည်း ကမ္ဘာအေးကျမှ အေးဆေးလွတ်လပ်စွာ ပြောကြပါစို့ဟု ကိုအေးဆွေက ဈေးကိုင်ထားလေသည်။ ထိုကြောင့်လည်း ပို၍ သိချင်နေသည်။

တစ်ဖန် လမ်းမှာတွင်ပင် ကိုအေးဆွေအား မေးမည်ဟု စိတ်ကူးမိသေး၏။ သို့သော် ဘတ်စ်ကားစီးခရီးသည်များသည် တစ်လမ်းလုံးဆိုသလို ပူပူနွေးနွေးသတင်းဖြစ်နေသော ယမန်နေ့က တော်လှန်ရေးအစိုးရက မြန်မာပြည်ရှိ ဘဏ်အားလုံးကို ရုတ်တရက် ပြည်သူပိုင်သိမ်းလိုက်ခြင်းဖြင့် ၎င်းအကြောင်းကို တအံ့တသြ စိတ်ဝင်စားစွာ ပြောဆိုနေကြသည်။

အချို့ကလည်း ယနေ့ထုတ်သတင်းစာပါ အကြောင်းများနှင့် ဓာတ်ပုံသတင်းများကိုပါ ထောက်ပြပြီး ဝေဖန်နေကြသည်။ နိုင်ငံခြားအရင်းရှင် ကုမ္ပဏီကြီးများ မည်သို့ မျက်လုံးပြူးသွားပုံ၊ ဘဏ်လုပ်ငန်းပိုင်ရှင်ကြီးများ မည်မျှထိ တုန်လှုပ်ချောက်ချားသွားကြပုံ၊ ယောက်ယက်ခတ်နေကြပုံ စသော အကြောင်းများကို တစ်ယောက်တစ်ပေါက်နှင့် အားရဝမ်းသာ ပြောဆိုနေကြသည်။ ဤမျှသော သတင်းဂယက်များကို ခင်သန်းဒွေးကလည်း ရောယောင်၍ တအံ့တသြဖြင့် နားထောင်နေမိသည်။

သို့ပေမဲ့လည်း ကိုအေးဆွေ ပြန်မည့်ကိစ္စအတွက် သိချင်စိတ်ကား လျော့မသွားပေ။

"လုပ်သင့် မလုပ်သင့်ဆိုတာကိုလည်း တိုင်ပင်ချင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ဘဝခရီးလမ်းကြောင်းပါ တစ်ခါတည်းပြောင်းပစ်ရမယ့် ကိစ္စမို့ပါ" ဟူသော ကိုအေးဆွေ၏စကားများက တွေးစရာဖြစ်နေသည်။

မိမိ ကျောက်ပန်းတောင်းမှာရှိစဉ် ဦးမြို့တို့က ကိုအေးဆွေကို ကြည်ကြည်မြနှင့် လက်ထပ်စေကာ တက္ကသိုလ်သို့ ပို့မည်ဖြစ်ကြောင်း နားစွန်နားဖျား ကြားခဲ့ဖူးသည်။ သည်အတွက်ပင် ယခုတစ်ဖန် ထပ်၍ စီမံရန် ခေါ်လေသလားဟု ခင်သန်းဒွေးက စဉ်းစားလာမိ၏။ ထိုအခါ သူ့ရင်တွင်းဝယ် အမည်မဖော်နိုင်သော ခံစားမှုဝေဒနာတစ်ရပ်က အလိုလို ဝင်လာလေသည်။

"ပြောရမယ်ဆိုရင်တော့ အကြောင်းအမျိုးအမျိုးကြောင့်ပေါ့လေ။ ဒါပေမဲ့ ဒီထဲက အဓိကအကြောင်းအရင်းကို ပြောရမယ်ဆိုရင်တော့ ရွာပြန်ပြီး ကိုယ့်မိဘရဲ့ လက်ငုတ်လက်ရင်းဖြစ်တဲ့ လုပ်ငန်းကိုပဲ ပြန်လုပ်တော့မလို့ဘဲ ဆိုပါတော့"

"ဘယ့်နှယ် ကိုအေးဆွေ၊ ရွာပြန်ပြီး ဘာလုပ်မယ်"

ရုတ်တရက် ကြားလိုက်ရသောစကားကို မယုံကြည်နိုင်ဟန်၊ နားမရှင်းဟန်ဖြင့် ခင်သန်းဒွေးက ကောက်မေးလိုက်သည်။

"ရွာပြန်ပြီး ထန်းပဲတက်တော့မလို့"

"အင့် အင်"

ရုတ်တရက် ကြားလိုက်ရသော ကိုအေးဆွေ၏ အဖြေစကားကြောင့် ခင်သန်းဒွေးမှာ အတော်ပင် တအံ့တသြ ဖြစ်သွား၏။ ထို့ကြောင့်လည်း ကိုအေးဆွေအား စူးစူးစိုက်စိုက် ကြည့်နေမိ၏။

"တကယ်ပြောနေတာလား ကိုအေးဆွေ"

"အဟုတ်ကို တကယ်ပြောနေတာပါ"

ကိုအေးဆွေက ဣန္ဒြေဖြင့် ခပ်တည်တည် ပြောနေခြင်းကြောင့် ခင်သန်းဒွေးမှာ ယုံရမလို ဖြစ်သွားသည်။

"မဟုတ်တာ ကိုအေးဆွေရယ်၊ တစ်ချိန်ကတော့ ကိုအေးဆွေ အနာဂတ်ဘဝအတွက် ကြီးမားတဲ့ ရည်ရွယ်ချက်ကြီးနဲ့ စီမံကိန်းတွေချပြီး ရန်ကုန်ကို ရောက်လာပြီးမှတော့ ခုတစ်ခါ ရွာပြန်ပြီး ထန်းပဲတက်တော့မယ်ဆိုတော့။ ပြီးတော့ မက်ထရစ်အောင်တဲ့လူတစ်ယောက်က ရွာပြန်ပြီး ထန်းတက်နေတယ်ဆိုရင် လူကြားလို့မှမတော် ရယ်စရာကြီး ဖြစ်နေပါဦးမယ် ကိုအေးဆွေ"

"ရယ်ချင်လည်း ရယ်ကြတော့ဗျို့။ ကျွန်တော်ကတော့ ဆုံးဖြတ်ပြီးပြီ။ ဒါပေမဲ့ အဲဒီရယ်တဲ့လူတွေကို ကျွန်တော်ကလည်း ပြန်ပြီး ဟားတိုက်ရယ်ရဦးမှာပဲ"

"ဘာကိုရယ်မှာလဲ ကိုအေးဆွေ"

ပြုံးထွေ့ထွေ့ဖြင့် သရော်ပြုံး ပြုံးနေသော ကိုအေးဆွေ၏ဟန်ပန်ကို ကြည့်ကာ ခင်သန်းဒွေးက သိချင်ဇောဖြင့် မေးလိုက်သည်။

"ခက်တာပဲဗျာ။ လူတွေဟာ ကိုလိုနီခေတ်ဟောင်းကအတွေးအခေါ်တွေ မပျောက်သေးဘူး ဒွေးဒွေး။ ခုကြည့်လေ တိုင်းပြည်အတွက် တကယ်လိုအပ်တဲ့ စားသုံးကုန်ပစ္စည်း ထန်းလျက်ကို ထွက်ရှိလာအောင် လုပ်တဲ့ ကုန်ထုတ်လုပ်မှု ထန်းလုပ်ငန်းကိုတော့ အောက်ကျတယ်၊ ဂုဏ်နိမ့်တယ်ဆိုပြီး ရှုတ်ချတယ်၊ အထင်သေးတယ်၊ ရယ်စရာအဖြစ် မြင်တယ်။ ဒါပေမဲ့ ကျွန်တော်တို့လို ဆယ်တန်းလောက်အောင်တဲ့ကောင်တစ်ယောက်က အထင်ကြီးတစ်ခွဲသားနဲ့ မြို့တက်လာပြီး အောက်တန်းစာရေးလေး ဘာလေး ရှာတယ်။ ဒါပေမဲ့ ခုထက်ထိ မရနိုင်အောင်ဖြစ်နေတယ်။ ဒါကိုတော့ ဘာလို့ မရယ်သလဲ။ ဒီလိုဆိုရင် ဒီဆယ်တန်းအောင်တဲ့ လက်မှတ်ကော ဘာများ အဓိပ္ပာယ်ရှိသေးလို့လဲ။ အင်း တော်တော်တော့ ရယ်စရာကောင်းတဲ့ ပညာရေးစနစ်ပဲ"

တကယ်ပင် ကိုအေးဆွေက ဟက်ဟက်ပက်ပက် ရယ်မော၍ နေပေသည်။

"ဒါကတော့ ကိုအေးဆွေရယ်၊ စနစ်ကို အပြစ်တင်နေစရာ မလိုပါဘူး။ ကိုအေးဆွေညံ့လို့ ရှိပါလိမ့်မယ်။ အလုပ်လေး တစ်ခုမှ မည်မည်ရရ ဖြစ်အောင် မရှာနိုင်ဘူးဆိုတော့..."

"ဗျာ"

ကိုအေးဆွေက ဖျတ်ခနဲကြည့်ရင်း ဆိုလိုက်သည်။

"ထားပါတော့လေ ကျွန်တော်ညံ့လို့ပဲ။ ကဲ ဒါဖြင့်ရင် ကျွန်တော့်ထက်တတ်တဲ့ ဒီဂရီရ ဘီအေကြီးတွေတောင် အလုပ်ပေးမယ့်လူမရှိလို့ အောင်လက်မှတ်ကြီးတွေကိုင်ပြီး တလည်လည် ဖြစ်နေတာကိုတော့ ဘာပြောမလဲဟင်" **ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**




ကမ္ဘာရေးရာ အမှတ်(၁၈)
GLOBAL AFFAIRS (ဖေဖော်ဝါရီ၊ ၂၀၂၃)
ထွက်ပြီ




၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ကမ္ဘာရေးရာ အမှတ်စဉ်– ၁၈ တွင်

- တရုတ်–အမေရိကန်ဆက်ဆံရေး နှစ်ဖက်မူဝါဒများအပေါ် လေ့လာသုံးသပ်ချက်
- တရုတ်–အမေရိကန်ဆက်ဆံရေး၏ ပစ္စုပ္ပန်နှင့် အနာဂတ်
- ဆွစ်ဇာလန်နိုင်ငံ၏ PR စနစ်နှင့် ညှိနှိုင်းဖက်ဒရယ်ဒီမိုကရေစီ
- ရေနံလုပ်ငန်းအပေါ် ဩဇာကျဆင်းသွားသည့် အမေရိကန်
- ပုန်ကန်ခံနေရသော နေမဝင်ဒေါ်လာနှင့် ဝင်ရိုးစုံမြင်ကွင်းသစ်
- မြန်မာပြည်နှင့် Cryptocurrency

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ်
စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း–၀၁–၈၃၈၇၅၆၈

## ရောင်းမည်

ပန်းဘဲတန်းမြို့နယ်၊ 28 လမ်း၊ အပေါ်လမ်း၊ (7လွှာ+8လွှာ) (15 x 60)ပေ ဟောင်ကောင် 2 လွှာ၊ Aircon(3)လုံးပါ အပေါ်ထပ်တွင် အခန်း 4 ခန်းဖွဲ့ထားသည်။

(Ph–09–690743988)

(Ph–09–450048536)

## ကန့်ကွက်နိုင်ပါသည်

ဒီဇင်ဘာဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်းရှိ မြေတိုင်းရပ်ကွက်အမှတ်(၁၇၄)၊ တိုက်အမှတ်(၁၂၁)၊ တိုက်ခန်းအမှတ်(၆၀၂)ကို ဝယ်ယူထားသူ ဒေါ်သန်းသန်းဦး[၁၂/စခန(နိုင်)၀၁၇၂၇၂]သည် ကွယ်လွန်သွားပါသဖြင့် မကွယ်လွန်မီက ၎င်းထံမှ ဝယ်ယူထားသော ဒေါ်ဝင်းသန္တာဝိုင်း [၁၂/စခန(နိုင်)၀၁၇၉၄၀]၊ ဒေါ်ခင်စန္ဒာဝိုင်း [၁၂/စခန(နိုင်)၀၅၁၁၈၄] တို့မှ အမည်ပြောင်းရန်အတွက် ဒီဇင်ဘာဆောက်လုပ်ရေးကုမ္ပဏီသို့ လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက အောက်ဖော်ပြပါလိပ်စာသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းအပြည့်အစုံဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်ဝင်းသန္တာဝိုင်း၊ ဒေါ်ခင်စန္ဒာဝိုင်း**
**အမှတ်(၂၇၃–က)၊ ရွှေဂုံတိုင်လမ်း၊ ရွှေဂုံတိုင်ဟိုတယ်၊ မြေညီထပ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

တလေးနာမည်ပေးဆရာကြီး
ရာဇာဇော်ဝင်း
(LL.B.) (WIPO,DL-101 Switzerland)



တလေးနာမည်ပေးတင်ပွန်းတစ် လျှုကြီးဆိုရာမေးကိုယ်ဝန်ဆောင်ရက်ရွေး
09-953009994, 01-394727, 09-73009994, 09-5152521
တိုက်အမှတ် (၉)ဒုထပ်၊ ရေလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့

စာအုပ်စာပေ လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ လူနေရပ်ကွက်အမှတ်(–)၊ ရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(၁၉၂)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ညီမနဲ့(SDY–၀၀၁၅၁၈)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (မြေကွက်အမှတ်–၁၉၃ နှင့် ကပ်လျက်ရှိသော)အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝတ်ရည်အောင် (၁၂/ဒဂမ(နိုင်)၀၁၂၇၃၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်နိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းဖြိုး** LL.B, D.B.L, D.I.L, U.F.L(Eng;) အထက်တန်းရှေ့နေ (စဉ်–၃၇၈၂၄)
လွှဲအပ်ညွှန်ကြားချက်အရ
**ဦးဇော်မျိုးနိုင်** LL.B, D.B.L, အထက်တန်းရှေ့နေ (စဉ်–၄၅၆၅၃)
ဖုန်း– ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၄၂၁၁၂၀၃၄၇ ၊
အမှတ်(၇၂)၊ မြေညီထပ်၊ ငမိုးရိပ်(၁၀)လမ်း ၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်နေ ဦးခင်စိုး[၁၂/သကတ(နိုင်)၀၈၉၅၁၂]–ဒေါ်ခင်မိုးမိုး[၁၂/သကတ(နိုင်)၀၈၉၅၁၄]တို့၏သား မောင်ရှိုင်းထက်[၁၂/ဒလန(နိုင်)၀၄၈၅၄၅]သည် မိဘနှစ်ပါး၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်ခင်မိုးမိုး**

## အမည်ပြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်ဇေယျာလမ်း၊ အမှတ်(၁၆၁)မှ ဦးမောင်မောင်ခင် [၁၂/မရက(နိုင်) ၁၁၄၆၁၉]၏ သမီး မသွန်းလျှံမေအား မဟန်စုယဉ်ဟု ပြောင်းလဲခေါ်ပါရန်။

**မဟန်စုယဉ်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ မခိုင်ခိုင်ဝင်း[၁၁/မဥန(နိုင်)၀၉၃၁၇၅]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၄၂၆၁၄၃၆၀**

❖ MNL ပြိုင်ပွဲမှ

ကစားခဲ့ပြီး ပွဲမှာ အပြန်အလှန်ရှိခဲ့သည်။ ဟံသာဝတီအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၃၅ မိနစ်တွင် အောင်မြတ်သူက သွင်းယူခဲ့သည်။

ပွဲစဉ်(၄)အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့က လေးပွဲနိုင် ၁၂ မှတ်စီဖြင့် ထိပ်ဆုံးတွင် အပြိုင်ဖြစ်နေပြီး အား/ကာ သိပ္ပံအသင်းက ကိုးမှတ်၊ ဒဂုံစတားနှင့် ဟံသာဝတီအသင်းက ခုနစ်မှတ်စီ၊ မဟာယူနိုက်တက်အသင်းက ငါးမှတ်၊ ရခိုင်ယူနိုက်တက်နှင့် မြဝတီအသင်းက လေးမှတ်စီ၊ GFA အသင်းက သုံးမှတ်၊ ရတနာပုံအသင်းက နှစ်မှတ်၊ ဧရာဝတီနှင့် ကချင်ယူနိုက်တက်အသင်းက တစ်မှတ်စီ ရရှိထားသည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MNL**

# မြင်းမူမြို့နယ်၌ ကုလားပဲစိုက်ပျိုးသူများ ဈေးကောင်းရ၍ အဆင်ပြေ

မြင်းမူ မတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်း စိုက်ပျိုးထားရှိသည့် ကုလားပဲများ စတင်ရိတ်သိမ်းခြွေလှေ့ရောင်းချလျက်ရှိရာ အထွက်ကောင်းမွန်ခြင်းနှင့် ဈေးနှုန်းကောင်းမွန်ခြင်းကြောင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဒေသခံတောင်သူများအနေဖြင့် အထွက်နှုန်း ပိုမိုကောင်းမွန်သည့် (၉၂၂) မြန်မာမျိုးဒေသအခေါ် (အနီ) မျိုးများကို အများအပြားစိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကလျှင် ကုန်ကျစရိတ်အနေဖြင့် မျိုးသုံးတင်းအပါအဝင် တောင်သူစရိတ်၊ ဆေးဝါးအသုံးပြုခ၊ နုတ်သိမ်းအပြီးငွေကျပ် ၅၅၀၀၀၀ ခန့် ကုန်ကျကြောင်း သိရသည်။ အထွက်နှုန်းအနေဖြင့် တစ်ဧက ပျမ်းမျှတင်း ၄၀ ထွက်ရှိကြောင်း၊ ယခုလက်ရှိကုလားပဲ တစ်တင်းဈေးမှာ ငွေကျပ် ၆၀၀၀၀ ဈေးရရှိကြောင်း ကုလားပဲစိုက်ပျိုးသူတောင်သူ ဒေါ်စန်းစန်းထံမှ သိရသည်။

မြင်းမူမြို့နယ်အနေဖြင့် ပဲမျိုးစုံ ၃၇၀၂၅ ဧကကို စိုက်ပျိုးခဲ့ပြီး ကုလားပဲစိုက်ဧက ၁၄၅၄၀ ရှိကြောင်း တာဝန်ရှိသူထံမှ သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

○ မြန်မာ ယူ–၂၀ မှ

မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် ဒေါ်စန်းစန်းသိန်းသည် ကမ္ဘောဒီးယားနှင့် ကစားခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး မေဦးခင်(ဂိုး)၊ ခင်ဌေးကြိုင်၊ ဖြူဖွေး၊ ဖြူဖြူဝင်း၊ ကြယ်စင်၊ ဝေနှင်းဖြိုး၊ စန္ဒာလင်း၊ နန်းချိုမွှေး၊ မေသက်မွန်မြင့်၊ နှင်းပွင့်အေး၊ ယဉ်လွန်းအိမ်တို့ဖြင့် ပွဲထွက်ခဲ့သည်။

**အနိုင်ဂိုးများသွင်းယူ**

မြန်မာအသင်းသည် ပွဲအစ ၁၉ မိနစ်တွင် ဝေနှင်းဖြိုး သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ၅၇ မိနစ်တွင် နျူဖာဆာရီက မလေးရှားအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် တစ်ဂိုးစီသရေကျခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက အနိုင်ဂိုးရရန် ကြိုးပမ်းခဲ့ပြီး မိနစ် ၈၀ တွင် ယဉ်လွန်းအိမ်နှင့် ၈၅ မိနစ်တွင် ဝေနှင်းဖြိုးတို့က အနိုင်ဂိုးများသွင်းယူခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပွဲများတွင် ကမ္ဘောဒီးယားအသင်းကို တစ်ဂိုး–ဂိုးမရှိ၊ မလေးရှားအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရကာ ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမရပြီး ဒုတိယအဆင့် ခြေစစ်ပွဲ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပပြီး အုပ်စုပထမရသည့် ထိပ်ဆုံးရှစ်သင်းသာ ဒုတိယအဆင့် ခြေစစ်ပွဲ တက်ရောက်ခြင်းဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**



# မိုင်းယောင်းမြို့တွင် ဂေါ်ဖီထုပ်စိုက်တောင်သူများ အဆင်ပြေ

မိုင်းယောင်း မတ် ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့တွင် ဂေါ်ဖီထုပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ၍ ဒေသခံပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ရွာမှာတော့ ဂေါ်ဖီထုပ်စိုက်ပျိုးသူ ၁၂ ဦးလောက်ရှိတယ်။ ဒီနှစ်ဈေးကောင်းတော့ ဂေါ်ဖီထုပ်စိုက်ပျိုးသူ အကုန်အဆင်ပြေတယ်။ ဂေါ်ဖီထုပ်တစ်လုံးလျှင် ကျပ် ၅၀၀ နဲ့ အလုံးကြီးလျှင် ကျပ် ၁၀၀၀ မှ ၂၀၀၀ အထိ ရောင်းချပါတယ်"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

နမ့်ယောင်းချောင်း၊ မုန်းလိုက်ချောင်းနှင့် နမ်းခပ်ချောင်းနံဘေး ကျေးရွာများသည် နေကြာ၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ မြေပဲ၊ ပဲစင်းငုံ၊ ဖရဲ၊ သခွား၊ ရွှေပဲရွက်၊ ငရုတ်သီး၊ ခရမ်းချဉ်သီး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် အခြားသီးနှံများ စိုက်ပျိုးကြကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၉၁ ကျင်း | ၂၀၂၈. ၅၃ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၀. ၆၆ ကျင်း | ၃၁ ကျင်း | ၅၈၇၉. ၆၆ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆. ၀၈ ကျင်း | ၃၂၉ ကျင်း | ၁၄၀၇. ၀၈ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | ၃ ခု | ၇၉ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၁၅၉ စုံ | ၃၄၁ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **မိမိတာဝန်ယူချိန်ကာလအတွင်း အခြေခံပညာကျောင်းများတွင် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာပညာရပ်များ သင်ကြားနိုင်ရန်အတွက် ခရိုင်တစ်ခုတွင် တစ်ကျောင်းဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိ...**

❖ **စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်မှသာ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ ရရှိလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ခရိုင်အတွင်းရှိအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## MNL ပြိုင်ပွဲတွင် ဟံသာဝတီအသင်း နိုင်ပွဲဆက်

**ရန်ကုန် မတ် ၁၂**

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄) နောက်ဆုံးနေ့ကို မတ် ၁၂ ရက်တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ဟံသာဝတီအသင်းက ရခိုင်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**နှစ်ပွဲဆက် နိုင်ပွဲပြန်လည်ရယူ**

ဟံသာဝတီအသင်းသည် ရာသီအစ နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သော်လည်း နှစ်ပွဲဆက် နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းမှာမူ ပွဲစဉ်(၃)တွင် နိုင်ပွဲစတင်ရယူနိုင်ခဲ့သော်လည်း ပွဲစဉ်(၄) တွင် ရှုံးပွဲပြန်လည်ကြုံတွေ့ခဲ့သည်။

ရခိုင်ယူနိုက်တက် အသင်းသည် ဇော်ဇော်နိုင်၊ မောင်မောင်စိုး၊ သီဟထက်အောင် အပါအဝင် နိုင်ငံခြားသားကစားသမား သုံးဦးစလုံး အသုံးပြုခဲ့ပြီး ဟံသာဝတီအသင်းမှာမူ ပြည့်ဖြိုးအောင်-၂ (ဂိုး)၊ မျိုးဇော်ဦး၊ နေမိုးနိုင်၊ အောင်မြတ်သူ၊ စိုးကျော်ကျော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့်

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❖



ရခိုင်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



## မြန်မာ ယူ-၂၀ အမျိုးသမီးအသင်း အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်တက်ရောက်

**ရန်ကုန် မတ် ၁၂**

၂၀၂၄ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့် အုပ်စု (G) နောက်ဆုံးနေ့ကို မတ် ၁၂ ရက်က ကမ္ဘောဒီးယားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း နှစ်ပွဲဆက်အနိုင်ရပြီး ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်နိုင်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲများတွင် ကမ္ဘောဒီးယားနှင့် မလေးရှားတို့ကို အနိုင်ယူပြီး ပထမအဆင့်ခြေစစ်ပွဲအောင်မြင်ကာ ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၇ ကော်လံ ၃ သို့ ❍


ယနေ့ ဖတ်စရာ

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဆေးခြောက်အဆီဖြင့် ချောကလက်မုန့် ပြုလုပ်ရောင်းချသူကို ဖော်ထုတ်ဖမ်းဆီးရမိ စာမျက်နှာ » ၁၇

ရာသီဥတုဖြစ်စဉ်များနှင့် ကူးစက်ရောဂါများကြားက ဆက်နွယ်မှု စာမျက်နှာ » ၁၉

နာပိုလီအသင်း ဇယားထိပ်၌ ၁၈ မှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့ စာမျက်နှာ » ၂၅

နှင်းဆီဖြူနှင့် နှင်းဆီနီ စာမျက်နှာ » ၂၀

နွေရောက်ပြီလေ မီးသတိပြုကြမသွေ ဆောင်းပါး စာမျက်နှာ » ၂၂